http://www.cherrythitsar.org



http://www.cherrythitsar.org



# မင်းသိင်္ခ

ခရစ်နှစ် ၁၉၃၉ ခုနှစ် ဇွန်လ (၂၅)ရက် တနင်္ဂနွေနေ့တွင် အမှတ် (၂၅) ဘိုတင်နီလမ်း (ရှုညာအဆောင်လမ်း) ကျောက်မြောင်း ရန်ကုန်မြို့ ၌ ဖခင် ဆရာကြီး ဦးစိန်မြိုင် မိခင်ဒေါ်တို့မှ မွေးဖွားခဲ့ပြီး မွေးချင်း (၆) ယောက် အနက် သားအကြီးဆုံး ဖြစ်သည်။ အလည်တန်းမှာ ဦးအောင်သွင်း ဖြစ်ပြီး ရန်ကုန်မြို့ ဗိုလ်တထောင်ကျောင်း တွင် ပညာသင်ကြားခဲ့၍ ဆေးတက္ကသိုလ် ကျောင်းသို့ ဆယ်တန်း အထိနေခဲ့သည်။ ထိုစဉ်ကပင် ကလောင်အမည်မျိုးစုံဖြင့် စာများ ရေးသားခဲ့သည်။

သူ့ဘဝ ဖြစ်စဉ်၌ တစ်ဖက်သို့ ဝင်ရောက်ပြီး (၅) နှစ်ကြာ ထောင်တွင် တစ်ဖက်မှလွတ်လာ ရောက်ပြီး နေထိုင်ခဲ့သည်။ စိတ်ပညာဆိုင်ရာ ဗေဒင်ယတြာ ဆန်းကြယ်မှုများ အလုပ် အကိုင် တို့တွင် ကျွမ်းကျင်ခဲ့သည်။

သူ၏ ခုနစ်တွင် မှတ်ကျောက်ကြည်မြို့ စောင်းမာရာသာ ကို စတင်ပြီး "မင်းသိင်္ခ" ဟူသော ကလောင်အမည်ကို ခံယူကာ "ဆရာကြီး" ဝတ္ထုကြီးကို စတင်ရေးသားခဲ့သည်။ ထိုနောက် ဝတ္ထုများ တစ်အုပ်ပြီး တစ်အုပ် ရေးသားခဲ့သည်။ သူ့ဘဝ နှစ်ပေါင်း များ ရန်ကုန်မြို့၌ နေထိုင် ပေါက်ရောက်ခဲ့သည်။

(၂၅-၇-၉၇) ည သန်းခေါင်ယံအချိန်တွင် ရန်ကုန်မြို့ သုဝဏ္ဏ နေအိမ်၌ မကျန်းမာ၍ အသက် (၅၇) နှစ် ကွယ်လွန်ခဲ့သည်။ ယခု အခါ ရန်ကုန်မြို့ အလုပ်တစ်ဖက်ခွင်တွင် တူညီမှုနှင့် နေထိုင်ပြီး စာစောင်ထုတ်ဝေ ကလောင်ရှင်ဖြစ်၍ စာပေပညာ ဖြင့် အောင်မြင်မှုများကို ကျော်ကြား၍ စာပေလောကတွင် စာများ ရေးသားခြင်း တို့ကို လုပ်ကိုင်သွားခဲ့သည်။

မင်းသိင်္ခ၏ဝတ္ထုများမှာ ကာက်စောက်တစ်ထိုင်တည်း ဖတ်၍ ပြီးနိုင် ဖြစ်ပြီး အထိုက်အလျောက်ပြန့်ပွား ကျော်ကြား အောင်မြင်လျက်ရှိပါသည်။

http://www.cherrythitsar.org



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်း ရင်း သား စည်း လုံး ညီ ညွတ် မှု မ ပြို ကွဲ ရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

http://www.cherrythitsar.org



http://www.cherrythitsar.org

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၈၁၉ / ၂၀၀၃ (၈) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၇၆၀/ ၂၀၀၃ (၉) |
| | | ပထမအကြိမ် |
| | | ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | – | ၅၀၀၀ |
| တန်ဖိုး | – | ၆၅၀ ကျပ် |
| မျက်နှာဖုံးပန်းချီ | – | ကောင်းစံ |
| မျက်နှာဖုံးဂရပ်ဖစ်ဒီဇိုင်း | – | ရဲထွဋ် |
| ကွန်ပျူတာစာစီ | – | Deep Blue (၃၃) လမ်း၊ |
| အတွင်းဖလင် | – | မျိုးဝင်းကျော်၊ လမ်း (၄၀) |
| စာအုပ်ချုပ် | – | ရှကီး၊ ၁၁၄ လမ်း |
| ထုတ်ဝေသူ | – | အယူတော်မင်္ဂလာစာပေ |
| | | ဦးအောင်ထွန်း (ယာယီ–၇၇၄)၊ |
| | | မြို့မ (၁)၊ ပေါ်တော်မူလမ်း၊ |
| | | မှော်ဘီ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | – | မဟန်ကြူ ယာယီ (၂၃၄၁) |
| | | လာဘ်မိုးစွေပုံနှိပ်တိုက် |
| | | အမှတ်(၃၇)၊ ၅၄ လမ်း (အောက်) |
| | | ဗိုလ်တထောင်မြို့နယ်။ |
| ဖြန့်ချိရေး | – | လာဘ်မိုးစွေစာပေ |
| | | အမှတ် (၁၁၁)၊ ပ–ထပ်၊ ၃၃လမ်း၊ |
| | | ရန်ကုန်မြို့။ ဖုန်း–၀၁–၂၅၃၅၁၉။ |

http://www.cherrythitsar.org



http://www.cherrythitsar.org

# မာတိကာ


၁။ ငါးပုတ်ခြောက်ဆီဆမ်းနှင့် ပဲနီလေးဟင်းချို ... ၁

၂။ ချိုချဉ်ကြော်နှင့် အစိမ်းကြော် ... ၁၅

၃။ ကင်ပွန်းချဉ်ဟင်းနှင့် ငါးနုသန်းဟင်းချို ... ၂၇

၄။ ငါးသလောက်အချဉ်ဆီပြန်ဟင်းနှင့်
ကြက်သွန်ဖြူစိမ်ထားသော ဒိန်ချဉ်တစ်ခွက် ... ၃၉

၅။ သက်သက်လွတ် ကုလားပဲဟင်းနှင့်
ရေတ်သီးဆားထောင်း ... ၅၀

၆။ ထောပတ်ထမင်း ကြက်သားဟင်းနှင့်
ပဲနီလေးဟင်းချို ... ၆၁

၇။ အုန်းသီးထဲကို ကြက်သားထည့်၍
ဖွဲမီးဖြင့်ဖုတ်သောဟင်းတစ်မျိုး ... ၇၁

၈။ သီးစုံကုလားပဲဟင်းနှင့် ရေတ်သီးဆားတောင်း ... ၈၃

၉။ ငါးခြောက်ရိုး ကုလားဟင်းနှင့်
ငံပြာရည်ကြော် ... ၉၅

၁၀။ ထောပတ်ထမင်းနှင့် ဆိတ်သားနှပ် ... ၁၀၅

http://www.cherrythitsar.org

# မာတိကာ


၁၁။ ငါးသလောက်အချဉ်ဆီပြန်ဟင်းနှင့်
ဘူးသီးဟင်းခါး ... ၁၁၃

၁၂။ ဘဲသားဆီပြန်နှင့် ဆေးဘဲဥသုပ် ... ၁၂၃

၁၃။ ပုစွန်ချဉ်နှင့် ဆေးဘဲဥသုပ် ... ၁၃၃

၁၄။ ဆိတ်သားကြော်ပူပူလေးနှင့်
ကျောက်ဖရုံသီးဟင်းခါး ... ၁၄၅

၁၅။ လက်ဖက်သရက်သီးနှင့်ချက်သော
ဝက်သားဟင်း ... ၁၅၅

၁၆။ ငါးသလောက်အချဉ်ဆီပြန်ဟင်းနှင့်
ပဲနီလေးဟင်းရည် ... ၁၆၅

၁၇။ တည်သီးနှင့် ဝက်နံ့အုံသား ... ၁၇၇

၁၈။ ငှက်ပျောသီးဖြင့်ချက်သော ဝက်သားဆီပြန် ... ၁၈၇

၁၉။ ဖားသားဆီပြန်ဟင်း ... ၁၉၉

၂၀။ အုန်းနို့နှင့်ချက်သော ငါးဖယ်ငါးဆုပ်ဟင်း ... ၂၁၃

၂၁။ ပုစွန်ထုပ်အစိမ်းသုပ်နှင့် ငါးဖယ်ငါးဆုပ် ... ၂၂၁

http://www.cherrythitsar.org

လာဘ်မိုးရွာစာပေ

ဖြန့်ချိရေး

လာဘ်မိုးရွာစာပေ
အမှတ် (၁၁၁)၊ ပ-ထပ်၊ ၃၃ လမ်း၊
ရန်ကုန်မြို့။ ဖုန်း-၀၁- ၂၅၃၅၁၉။

http://www.cherrythitsar.org

# ငါးပုတ်ခြောက်ဆီဆမ်းနှင့် ပဲနီလေးဟင်းချို

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မှော်ဘီမြို့အစွန် မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံအတွင်းသို့ လူတစ်ယောက် ရောက်ရှိလာလေ၏။ ထိုသူသည် ကျွန်ုပ် နှင့် သက်တူရွယ်တူခန့်ရှိ၏။ ပြုန်းကနဲ တွေ့လျှင်တွေ့ချင်း ကျွန်ုပ်သည် ထိုသူအား ကောင်းစွာမမှတ်မိပေ။ သို့ရာ တွင် ထိုသူက ကျွန်ုပ်အား. . .

"ဂွတ်ဒ်မောနင်း. . ဂွတ်ဒ်နိုက် မောင်အောင်ထွန်း"

ဟု ကိုးရိုးကားယားနိုင်လှသော နှုတ်ဆက်နည်း ဖြင့် နှုတ်ဆက်လိုက်သောကြောင့်. .

http://www.cherrythitsar.org



"အလို့ . . ဘယ်သူမျှားလဲ မှတ်တယ်။ ကိုပီတာကြီးကိုး . . "

ဟု ကျွန်ုပ်က ရေရွတ်လိုက်မိလေ၏။ ထိုအခါ ကိုပီတာကြီးသည် ကျွန်ုပ်အား . .

"ဟုတ်ပ့ါ ကိုအောင်ထွန်းရေ့ . . အခုလိုမှတ်မိတာ ကိုယ့်လူ အတော့်ကိုတော်ပြီး အတော့်ကိုညံ့တာပဲ"

ဟု ကိုးရိုးကားယား ပြောပြန်လေ၏။ ကျွန်ုပ်သည် ရယ်ရပြန်၏။

"ကိုပီတာ ခင်ဗျားကတော့ အရင်အတိုင်းပဲ . . "

ဟု ကျွန်ုပ်က ပြောပြန်ရာ ၎င်းက . .

"အားလုံးပြောင်းလဲကုန်ပြီ၊ မပြောင်းလဲတာကတော့ ပီတာတစ်ယောက်ပဲရှိတယ်၊ အရင်အတိုင်းပါပဲ၊ ဟဲ . . ဟဲ . . ကိုယ့်လူကို နှိမ်တာမဟုတ်ဘူးနော်၊ မှတ်မိတာလေး ပြောပြတာ၊ ကိုယ့်လူက ဟိုတုန်းက လွယ်အိတ်လေးတစ်လုံးလွယ်ပြီး ဆေးပေ့ါလိပ်လေး ပါးစပ်မှာခဲလို့ အလုပ်လည်းမရှိဘူး၊ ဝင်ငွေလည်းမရှိဘူး၊ ဟိုအိမ်ကပ်စားလိုက်၊ ဒီအိမ်ကပ်စားလိုက်နဲ့ . .၊ အခု ဆေးပေ့ါလိပ်လေး မခဲတော့ဘူး၊ ငါးသုံးလုံးလေး ခဲထားပြီ၊ ကပ်စားတဲ့

http://www.cherrythitsar.org



အလုပ်လည်း မလုပ်တော့ဘူး၊ ကိုယ့်လူကတောင် ပြန်ကျွေးနေပြီ၊ အဲဒါကြောင့် ပီတာကြီး လာခဲ့တာ၊ နံပါတ်တစ် ထမင်းစားမယ်၊ နံပါတ်နှစ် အဝတ် အစား အသုံးအဆောင်တောင်းမယ်၊ နံပါတ်သုံး ပိုက်ဆံတောင်းမယ်၊ နံပါတ်လေး ပြန်မယ်"

ဟု ပြောလေ၏။ အမှန်စင်စစ် ကိုပီတာကြီး သည် ကျွန်ုပ်နှင့် တစ်ရပ်ကွက်တည်းနေထိုင်ခဲ့ကြသူများ ဖြစ်၏။ စိတ်လည်းကောင်းကောင်းမနှံ့ရှာပေ။ မိုးရွာ နေပူ မရှောင် သွားချင်ရာသွား၍ ပြောချင်ရာပြောနေတတ်သူ ဖြစ်၏။

အချို့သူများက ခပ်ရိုင်းရိုင်းပင် 'အရူးပီတာ' ဟု ခေါ်ကြကုန်၏။ သို့ရာတွင် ကျွန်ုပ်ကမူ ထိုသို့ မခေါ် ခဲ့ပေ။ ကျွန်ုပ်ကိုတွေ့လျှင်လည်း မည်သည့်အချိန်တွေ့တွေ့ ဝမ်းသာအားရ 'ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ်နိုက်' ဟူ၍ နှုတ် ဆက်တတ်၏။

"ကဲပါ ကိုပီတာရယ်. . ဘာဟင်းနဲ့များ စားမလဲ ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ၎င်းက. .

"ပဲနီလေးဟင်းချိုတစ်ခွက်တော့ ပါရမယ်၊ ငါးပုတ်

http://www.cherrythitsar.org



ခြောက်ဆီဆမ်းတာ ပါရမယ်၊ သရက်သီးသနပ်ပါရမယ်၊ ဒီလောက်ပါပဲ”

ဟု ပြောလိုက်လျှင် ကျွန်ုပ်က. .

“ငါးပုတ်ခြောက်ကလည်း ကြိုက်တုံးပဲလား”

ဟု ပြောလိုက်ရာ ကိုပီတာကြီးက. .

“အားလုံးပြောင်းကုန်ပြီ၊ ပီတာကြီးက ဒီအတိုင်းပါပဲ၊ ငါးပုတ်ခြောက်မစားရရင် ထမင်းစားရတယ် တောင်မထင်ဘူး”

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ၎င်းအား ၎င်းစားချင်သည်ဆိုသော ပဲနီလေးဟင်းချို၊ ငါးပုတ်ခြောက်၊ သရက်သီးသနပ်တို့ဖြင့် ကောင်းစွာတည်ခင်းကျွေးမွေးခဲ့လေ၏။

ကိုပီတာကြီးအား ထမင်းကျွေးထားစဉ်၌ပင် ကျွန်ုပ်သည် ကျွန်ုပ်ထံသို့ ဗေဒင်သင်ကြားနေသော တပည့်များအား ဗေဒင်သင်ပေးနေ၏။ ထိုသို့ သင်ပေးပြီးသောအခါ၌ ကိုပီတာထံသို့လာကာ ကိုပီတာအား လက်ဖက်ရည်အချို၊ ကိတ်မုန့်ခြောက်တို့ဖြင့် ဧည့်ခံကျွေးမွေးပြန်၏။ ကိုပီတာသည် လက်ဖက်ရည်သောက်ရင်း. .

“ကိုယ့်လူက အသင်အပြ အတော်ကောင်းတာပဲ၊ ဗေဒင်ကျောင်းဆရာလုပ်ဖို့ကောင်းတယ်”

http://www.cherrythitsar.org



ဟု ပြောပြန်လေ၏။

"မလုပ်ပါနဲ့ ကိုပီတာရယ်၊ ကျုပ်လည်း ဗိုက်ကို တော်တော်ကျော်လာပါပြီ၊ အခုမှတော့ အလုပ်မပြောင်းပါရစေနဲ့တော့"

ဟု ကျွန်ုပ်က ပြောလိုက်၏။

ကျွန်ုပ်သည် ကိုပီတာနှင့် စကားပြောနေစဉ် ထိပ်ကွာနေသော သားရေဖိနပ်ကို အပ်ဖြင့်ချုပ်နေလေ ၏။ ချုပ်ပြီးသောအခါ၌ ခြေတွင်စွပ်၍ စီးကြည့်နေ၏။ ထိုအခါ ကိုပီတာကြီးက. .

"ကိုယ့်လူ ဖိနပ်ဟောင်းချုပ်တာ အတော်ကောင်းတာပဲ၊ ဗေဒင်ဟောမစားဘဲ မှော်ဘီဈေးထိပ်မှာ ထိုင်ပြီး ဖိနပ်ဟောင်းချုပ်စားရင် ပိုပြီးအဆင်ပြေမယ်ထင်တယ်"

ဟု ပြောပြန်လေ၏။

"မလုပ်ပါနဲ့ ကိုပီတာရယ်၊ အသက်လည်း ကြီးပါပြီ၊ အလုပ်မပြောင်းပါရစေနဲ့"

ဟု ကျွန်ုပ်က ပြောရလေ၏။

ထိုအချိန်၌မှာပင် ခြံနေသန္တေဘုံသား တပည့်လေးနှစ်ဦး ရန်ဖြစ်သည်ဆိုကာ မောင်ကျော်ပြောင်က

http://www.cherrythitsar.org



ကျွန်ုပ်ထံ လာ၍ပို့၏။ ထို့ကြောင့် ကျွန်ုပ်လည်း ဝါးခြမ်းပြားဖြင့် ၈ ချက်စီ ရိုက်နှက်ရလေ၏။ ထိုအချိန်၌မှာပင် မီးစက်ကို အရမ်းမြှင့်လိုက်၍ မီးချောင်းများ ကျွမ်းသွားသည်ဟုဆိုကာ မီးစက်ကိုင်သော တပည့်လေးကို ခေါ်လာပြန်၏။ ကျွန်ုပ်လည်း အကြိမ်ကြိမ်ပေါ့လျော့တတ်သော ထိုတပည့်အား ကုန်းခိုင်းပြီးလျှင် ၃ချက်ခန့် ထုထောင်းလိုက်လေ၏။ ထို့နောက် မီးဖိုမှ ဆီထည့်ထားသော စဥ့်အိုးကို တိုက်၍ခွဲပစ်လိုက်သည်ဆိုသော တပည့်တစ်ဦးအား ခြံကိုပတ်၍ ပြေးခိုင်းရပြန်၏။

ကိုပီတာကြီးသည် ကျွန်ုပ်လုပ်သမျှကို ကြည့်၍ သဘောကျနေ၏။ ထို့နောက် ကျွန်ုပ်အား. .

"ကိုအောင်ထွန်း. . ခင်ဗျားလုပ်တာတွေက ဘဲရီးဂွတ်ဒ်၊ ဘဲရီးဘတ်ဒ်ပဲ"

ဟု ကိုးရိုးကားယား ပြောပြန်လေ၏။ ကျွန်ုပ်လည်း စိတ်ဆိုးပြေ၍ ရယ်ရပြန်လေ၏။ ကိုပီတာကြီးသည် ဤသို့လျှင် စကားပြောသောအခါ၌ အမြဲလိုလို နှစ်ခွပြောတတ်လေ၏။ တွေ့လျှင်တွေ့ချင်း 'ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ်နိုက်' ဟူ၍လည်းကောင်း၊ ချီးမွမ်းသည့်အခါများ၌ 'ဘဲရီးဂွတ်ဒ်၊ ဘဲရီးဘတ်ဒ်' ဟူ၍လည်းကောင်း၊ စိတ်ဆိုး

လျှင်လည်း 'မင်းကို ငါ စိတ်ဆိုးတယ်၊ ကျေးဇူးတင်တယ်' ဟူ၍လည်းကောင်း၊ ပျော်သောအခါ၌လည်း 'ပျော်စရာကောင်းလိုက်တာ၊ ငိုချင်တယ်' ဟူ၍လည်းကောင်း၊ စျေးဝယ်သောအခါ၌လည်း စျေးသည်အား 'စျေးသိပ်ကြီးတယ်၊ မလျှော့ပါနဲ့' စသည့်ဖြင့် ဆန့်ကျင်ဘက်စကားနှစ်လုံးကို တွဲစပ်၍ ပြောတတ်လေ၏။

"ကိုပီတာရေ. . ဒီခြံမှာက ဘယ်လောက်ပဲ ကျုပ်က ကြိုးစား ကြိုးစား ပြည့်စုံတယ်မရှိဘူးဗျို့၊ သူများပေးစာကမ်းစာလေးတွေလည်း မစားရပါဘူးဗျာ၊ ခြိုထဲပဲ ထည့်နေရတာပဲ၊ မီးကိစ္စပြည့်စုံသွားရင် ရေကိစ္စ ဒုက္ခရောက်ပြန်ရော. .၊ ရေကိစ္စ အဆင်ပြေသွားရင် မီးဖိုက ဒုက္ခပေးပြန်ရော၊ မီးဖိုကိစ္စ အဆင်ပြေအောင်လုပ်လိုက်ရင် ဂမုန်းခြံက ပြဿနာဖြစ်ပြန်ရော. .၊ တစ်ခုမဟုတ် တစ်ခု ဒုက္ခ အမြဲတမ်းတွေ့နေတယ်"

ဟု ကျွန်ုပ်က လေးလေးနက်နက်ပြောလိုက်ရာ၍ ၎င်းက. .

"ဝမ်းနည်းစရာ အတော်ကောင်းတာပဲ၊ ရယ်တောင်ရယ်ချင်တယ်၊ ဘာပဲဖြစ်ဖြစ် ဒါကို ဒုက္ခရောက်

http://www.cherrythitsar.org



တယ်လို့ မယူဆပါနဲ့၊ ကိုရင့်ခြကြီးက ကိုရင့်ကို ချဲလင့်လုပ်နေတာ၊ ချဲလင့်လုပ်နေတယ်ဆိုတာ စိန်ခေါ်နေတာ၊ ကိုရင့်ကို ယှဉ်ပြိုင်နေတာ၊ ဒါကြောင့် အသက်မရှိတဲ့ ကိုရင့်ခြကြီးဟာ အသက်ဝင်နေတာ၊ ဒုက္ခမဟုတ်ဘူး၊ ချဲလင့်. . ”

ဟု ပြောလေ၏။

“မဟုတ်တာပဲ ကိုပီတာရယ်၊ ခင်ဗျားပြောတာတွေ ဘာတွေလဲ၊ ကျုပ်ဖြင့် နားမလည်ပေါင်ဗျာ၊ ခင်ဗျားနဲ့ ကြာကြာဆက်ပြီးနေရရင်တော့ ကိုပီတာ ရေ. . ကျုပ်ပါ ရူးလိမ့်မယ်ထင်တယ်”

ဟု ကျွန်ုပ်က ရယ်ရယ်မောမောနှင့် ပြောလိုက်လေ၏။ ထိုအခါ ကိုပီတာကြီးက. .

“ကိုယ်ပြောတဲ့စကားကို ကိုယ့်လူနားလည်အောင် ပုံလေးတစ်ပုံပြောပြမယ်၊ တစ်ခါတုန်းက တရုတ်ပြည်မှာ ဂျုံစိုက်တဲ့ လယ်သမားတစ်ယောက်ဟာ တန်ခိုးရှင်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးနဲ့ အမှတ်မထင် တွေ့ဆုံပြီး မိတ်ဆွေဖြစ်သွားတယ်၊ အဲဒီအခါမှာ လယ်သမားက တန်ခိုးရှင်ကို အပြစ်တင်တယ်၊ ‘ခင်ဗျားတို့ တန်ခိုးရှင်ဟာ တန်ခိုးတော့ ရှိချင်ရှိမယ်၊ ဂျုံ

http://www.cherrythitsar.org



တော့ မစိုက်တတ်ဘူးထင်တယ်၊ တကယ်လို့များ ခင်ဗျားရဲ့တန်ခိုးနဲ့ ကျုပ်ရဲ့ ဂျုံစိုက်တဲ့အလုပ်ကို ကူညီမယ်ဆိုရင် အများကြီးအကျိုးရှိမယ်’ လို့ ပြော လိုက်တယ်၊ အဲဒီအခါမှာ တန်ခိုးရှင်က ‘ကူညီပါ့ မယ်၊ ဘာတွေ ကူညီရမလဲ’ လို့ ပြောတယ်။ အဲဒီ တော့ လယ်သမားက တန်ခိုးရှင်ကို သူ့ဘေး ဂျုံ ကွင်းဘေးက တဲကလေးထဲမှာ တစ်နှစ်လုံး ခေါ် ထားတယ်၊ မိုးလေးနည်းနည်းရွာတာနဲ့ ‘ကဲ. . တန်ခိုးရှင်၊ မိုးရွာရင် ဂျုံခင်းတွေ ပျက်ကုန်မယ်၊ မရွာအောင်လုပ်လိုက်’ လို့ ခိုင်းတယ်၊ တန်ခိုးရှင် ကလည်း လုပ်ပေးတယ်၊ လေတွေတိုက်လာရင် လည်း ‘ဂျုံပင်တွေ တအားလှုပ်ယမ်းကုန်မယ်၊ လေမတိုက်အောင်လုပ်ပေးပါလို့ ပြောပြန်တယ်၊ တန်ခိုးရှင်ကလည်း သူပြောတဲ့အတိုင်း လေကို တားပစ်လိုက်တယ်၊ မိုးကြိုးတွေပစ်ရင်လည်း ‘အဲဒီ အသံဟာ အသီးတွေ ဆုတ်ယုတ်စေတယ်’ ဆိုပြီး တားခိုင်းတယ်၊ နေသိပ်ပူလာရင်လည်း ‘ဂျုံပင်တွေ ညှိုးကုန်မယ်’ ဆိုပြီး မိုးအုံ့ခိုင်းတယ်၊ ရေလိုတဲ့အခါ မှာတော့ ရေရအောင် လုပ်ခိုင်းတယ်၊ ဂျုံခင်းထဲ ကို

စာကလေးတွေ လာတဲ့အခါမှာလည်း မလာအောင် လုပ်ခိုင်းတယ်၊ တန်ခိုးရှင်ကလည်း အကုန်လုပ်ပေးတယ်၊ အဲဒီတော့ ဂျုံပင်တွေဟာ အတော့်ကို ဖြစ်ထွန်းတယ်၊ အပင်ကြီးတွေလည်း အမြင့်ကြီးတက်တယ်၊ အဲဒီအခါမှာ လယ်သမားက တန်ခိုးရှင်ကို 'ကဲ. . မြင်ပြီမို့လား၊ ကျုပ်ရဲ့ ဂျုံခင်းကြီးကို ခင်ဗျားရဲ့တန်ခိုးနဲ့ ရာသီဥတုအနှောင့်အယှက်တွေကင်းအောင် လုပ်လိုက်တဲ့အခါမှာ အပင်ကြီးတွေကြည့်စမ်း၊ ဘယ်လောက်ဖွံ့ဖြိုးသလဲ' လို့ အားရဝမ်းသာ ပြောရှာတယ်၊ ဒါပေမဲ့ တကယ်ရိတ်သိမ်းတဲ့အခါမှာ ဂျုံသီးတွေထဲမှာ အဆံမပါဘူး၊ ဟောင်းလောင်းကြီးဖြစ်နေတယ်၊ ဂျုံဆိုလို့ လုံးဝကို မရတော့ဘူး၊ အဲဒီအခါမှာ လယ်သမားက တန်ခိုးရှင်ကို အထိတ်တလန့်နဲ့ကို 'ဘယ်လိုဖြစ်တာလဲ' လို့ မေးတယ်၊ အဲဒီတော့ တန်ခိုးရှင်က 'ဒီလို ငါ့လူရဲ့၊ မိုးတွေတအားရွာတာတို့၊ လေတွေတိုက်တာတို့၊ နေတွေပူတာတို့၊ မိုးကြိုးတွေပစ်တာတို့၊ မိုးချိမ်းတာတို့၊ စာကလေးတွေ လာစားတာတို့ဟာ ပြန်းကနဲကြည့်လိုက်ရင် ဂျုံခင်းကို အနှောင့်

http://www.cherrythitsar.org



အယှက်ပေးတယ်လို့ ထင်ရမှာပါပဲ၊ ဒါပေမဲ့ တကယ်က နှောင့်ယှက်တာမဟုတ်ဘူး။ ချဲလင့် (Challenge) လုပ်တာ၊ စိန်ခေါ်တာ၊ အဲဒီစိန်ခေါ်မှု၊ ခြိမ်းခြောက်မှုတွေဟာ မြေကြီးထဲက ဩဇာဓာတ်တွေကို ဂျုံစေ့ထဲရောက်အောင် လုပ်ပေးနေတာ၊ ဂျုံပင်တွေဟာ အဲဒီစိန်ခေါ်မှု၊ ခြိမ်းခြောက်မှုတွေကို ရုန်းကန်ရင်းနဲ့ အနှံတွေ ပြည့်ဝစေရတာ၊ အဲဒီ ချဲလင့်(Challenge) ကို အံတုရတာကိုက ဂျုံပင်ရဲ့အလုပ်လေ၊ အဲဒီအံတုမှုတွေမရှိဘဲ ငြိမ်ငြိမ်ကလေးနဲ့ နေလိုက်တဲ့အခါမှာ သူဟာ လေဖြတ်တဲ့လူတစ်ယောက်လို ဖြစ်သွားတာ၊ အားကုန်သွားတာ၊ ခွန်အားတွေ ယုတ်လျော့သွားတာ၊ ဒါကြောင့် ဂျုံစေ့မှာ အဆံတွေ မပါတော့တာ၊ လောကကြီးမှာ အဖြူနဲ့အမည်းရယ်လို့ ရှိတယ်ဆိုပါစို့၊ အဖြူဟာ ကောင်းတယ်၊ အမည်းဟာ မကောင်းဘူးလို့ ဆိုကြပါစို့ရဲ့၊ မြေဖြူခဲနဲ့စာရေးရမယ့်ကိစ္စမျိုးမှာ သင်ပုန်းအမည်းမှ ဖြစ်မယ်နော်၊ နံရံအဖြူမှာ မြေဖြူခဲနဲ့ ရေးလို့မရဘူး၊ စာလည်း ထင်မှာမဟုတ်ဘူး။ မြေဖြူခဲ အဖြူတောင့်ကို သင်ပုန်းအမည်းက ချဲလင့်လုပ်

http://www.cherrythitsar.org



နေတာ၊ ဒါကြောင့် စာတွေထင်တာ၊ သူ့လိုပဲ လိုက်ပြီးဖြူလိုက်တဲ့ နံရံအဖြူဟာ ချဲလင့်မရှိဘူးလေ၊ ဒါကြောင့် ဘာမှမထင်ဘူး' လို့ ပြောပြီး တန်ခိုးရှင်က လယ်သမားကိုနှုတ်ဆက်ပြီး ထွက်သွားတယ် မောင်အောင်ထွန်းရေ. .၊ အခုလည်း ကိုယ့်လူရဲ့ ခြံကြီးမှာ မပြည့်စုံဘူးဆိုတာက ကိုယ့်လူကို ချဲလင့်လုပ်နေတာ၊ ဆန့်ကျင်ဘက်သဘောနဲ့ အကျိုးပြုနေတာ၊ ဆန့်ကျင်ဘက်ဆိုတာ ပြီးပြည့်စုံခြင်းကို ကူညီတဲ့ တန်ခိုးရှင်တစ်မျိုးဖြစ်တယ် ကိုယ့်လူ၊ ဆန့်ကျင်ဘက်တွေ့တိုင်း 'ငါ့ကို ကူညီဖို့ ရောက်လာပြီ'ဆိုပြီး အရိုအသေပေးတတ်အောင် လေ့ကျင့်ထားစမ်းပါ၊ အဲဒီလို မလုပ်တတ်ဘဲ ဆန့်ကျင်ဘက်တွေ့တိုင်း စိတ်အနှောင့်အယှက်ဖြစ်မယ်ဆိုရင် ကိုယ့်လူ ရှုံးသွားလိမ့်မယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က ၎င်းပြောနေကျအတိုင်း. .

"ဘဲရီးဂွတ်ဒ်၊ ဘဲရီးဘတ်ဒ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုပီတာကြီးသည် ကျွန်ုပ်၏ကျောကုန်းကို ဘုန်းကနဲ ထုလိုက်ပြီးလျှင် ကျွန်ုပ်

http://www.cherrythitsar.org



ထံ၌ ပိုက်ဆံနှင့် ပုဆိုးတောင်းကာ. .

“ကျုပ် ပြန်မယ်၊ ကျုပ်သွားမယ်၊ ပြီးတော့ လာမယ်”

ဟု ဆိုကာ နှုတ်ဆက်၍ ပြန်သွားလေတော့သတည်း။

****

http://www.cherrythitsar.org

မပြည့်စုံဘူးဆိုတာက ကိုယ့်လူကို

ချဲ့လင့် လုပ်နေတာ၊

ဆန့်ကျင်ဘက်သဘောနဲ့

အကျိုးပြုနေတာ၊ ဆန့်ကျင်ဘက်ဆိုတာ

ပြီးပြည့်စုံခြင်းကို ကူညီတဲ့

တန်ခိုးရှင်တစ်မျိုးဖြစ်တယ် ကိုယ့်လူ

ဆန့်ကျင်ဘက်တွေ့တိုင်း

'ငါ့ကို ကူညီဖို့ ရောက်လာပြီ' ဆိုပြီး

အရိုအသေပေးတတ်အောင်

လေ့ကျင့်ထားစမ်းပါ၊

အဲဒါလို မလုပ်တတ်ဘဲ

ဆန့်ကျင်ဘက်တွေ့တိုင်း

စိတ်အနှောင့်အယှက်ဖြစ်မယ်ဆိုရင်

ကိုယ့်လူ ရှုံးသွားလိမ့်မယ်...

http://www.cherrythitsar.org

# ချိုချဉ်ကျော်နှင့် အစိမ်းကျော်

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ အယူတော်မင်္ဂလာခြံအတွင်းသို့ အနွေးထည်များ အထပ်ထပ်ဝတ်ထားသော မိန်းမကြီးတစ်ဦး ဝင်လာလေ၏။ ထိုမိန်းမကြီးမှာ အသားအရောင်အားဖြင့် ဖြူသကဲ့သို့ ဆံပင်များမှာလည်း ဗျိုင်း၏ အတောင်များကဲ့သို့ ဆွတ်ဆွတ်ဖြူနေ၏။

ထိုမိန်းမကြီးသည် ကျွန်ုပ်ကိုမြင်လျှင်မြင်ချင်း. .

"အမယ်လေး. . ကျောင်းဆရာရယ်၊ မင်းက ငါ့ကို ကြည့်နေလိုက်တာ၊ မမှတ်မိဘူးလား၊ ရွှေသဲဝါလေ. ."

ဟု ပြောလေ၏။ ကျွန်ုပ်သည် ဒေါ်ရွှေသဲဝါကို

http://www.cherrythitsar.org



ကောင်းစွာ မှတ်မိသွားၡ၏။ ဒေါ်ရွှေသဲဝါမှာ တရုတ်ကပြား မိသားစုမှ ပေါက်ဖွားလာသူဖြစ်၏။ သို့ရာတွင် မြန်မာပြည် ၌ပင်မွေး၍ မြန်မာပြည်၌ပင် ကြီးသည်။ သူ၏အမည်မှာ 'ယန်စီ' ဟူ၍ဖြစ်၏။ ယန်စီဆိုသည်မှာ တရုတ်ပြည်မှ မြစ်တစ်ခု၏အမည်ဖြစ်၏။ အဝါရောင်သဲများဖြင့် အတိ ပြီး၏။ ထို့ကြောင့် မြန်မာဘာသာဖြင့်ဆိုရပါမူ ထိုမြစ်၏ အမည်မှာ 'ရွှေသဲဝါ' ဟူ၍ဖြစ်၏။

သူသည် သူ့အား ယန်စီဟုခေါ်သည်ထက် ရွှေ သဲဝါဟုခေါ်သည်ကို ပို၍နှစ်သက်၏။ ထို့ကြောင့် သူ၏ အမည်သည် ရွှေသဲဝါဟု တွင်လေတော့၏။ အပျိုဖော် ဝင်စအရွယ်တွင် မိန်းမရောဂါကြောင့် ရူးသွပ်သွားရှာ၏။

သူသည် ရပ်ကွက်ထဲတွင် သီချင်းအော်ဆို၏။ က၏။ စကားများ ဖောင်လောက်အောင်ပြော၏။ ပန်း များပန်၏။ တစ်ခါတစ်ရံ ဖိနပ်ကို ခြေ၌မစီးဘဲ ကြိုးဖြင့် ချည်ကာ လည်ပင်း၌ဆွဲ၏။ အမြင်မတော်သူများက. .

"ရွှေသဲဝါ. . ဘာဖြစ်လို့ ဖိနပ်ကြီးလည်ပင်းမှာ ဆွဲထားတာလဲ၊ အောက်ချပြီး စီးလေ"

ဟု ဖျောင်းဖျလိုက်လျှင်. .

"ဖိနပ်ဆိုတာ ခြေထောက်မှာစီးရတဲ့ပစ္စည်းဆိုတာ

http://www.cherrythitsar.org



သိပါတယ်၊ ဒါပေမယ့် သူက အမြဲ အစီးခံနေရတာ၊ တစ်ခါတလေ သူပြန်စီးပါစေဆိုပြီး လည်ပင်းမှာ ဆွဲထားတာပါ။ အဲဒါကို ရှုးလို့လုပ်တယ်လို့ မထင်ပါနဲ့၊ အလှည့်ပေးစဉ်းစားတတ်တယ်လို့ ယူဆစမ်းပါ”

ဟု ကိုးရိုးကားယား ပြန်၍ဖြေတတ်လေ၏။

ကျွန်ုပ်သည် ဘောက်ထော်ဘက်တွင်ရှိသော မိဘမဲ့ကလေးကျောင်းတစ်ကျောင်း၌ ကျောင်းဆရာလုပ်ခဲ့ဖူး၏။ ထိုစဉ်ကပင် ရွှေသဲဝါကို သိကျွမ်းခဲ့၏။ ရွှေသဲဝါသည် ကျွန်ုပ်နှင့်တွေ့လျှင် ပိုက်ဆံတောင်းတတ်၏။

“ဆရာလေး. . ပိုက်ဆံလေး ဘာလေး ပေးစမ်းပါ၊ ဟင်. . မဟုတ်သေးပါဘူး ဆရာလေးလို့ခေါ်ရင် မယ်သီလရှင် ဖြစ်သွားဦးမယ်၊ ဆရာကြီးလို့ခေါ်ရအောင်ကလည်း အသက်က ငယ်သေးတယ်၊ အဲဒီတော့ ကျောင်းဆရာလို့ပဲ ခေါ်မယ်”

ဟု သူ့ဘာသာသူဆုံးဖြတ်ကာ ကျွန်ုပ်နှင့်တွေ့လျှင် ကျောင်းဆရာဟု ခေါ်ဝေါ်လေ၏။ ထိုအချိန်က ကျွန်ုပ်၏အသက်မှာ (၃၀)ခန့်ရှိ၏။ ရွှေသဲဝါမှာ ကျွန်ုပ်ထက် အနည်းငယ်ကြီး၏။ များသောအားဖြင့် ရွှေသဲဝါ

http://www.cherrythitsar.org



သည် ဘောက်ထော်ရပ်ကွက်ကြီး၏ ဂုဏ်ထူးဆောင်တစ်ခု ဖြစ်သော ဘတ်စ်ကားဂိတ်ရှိ နတ်စင်တွင် ဆေးပေါ့လိပ်ကြီး မီးတရဲရဲနှင့်နေလေ့ရှိ၏။

ထိုအချိန်က ထိုနေရာတွင်ပြေးသောဘတ်စ်ကားများမှာ နံပါတ်မရှိပေ။ ယုန်တံဆိပ်၊ လခြမ်းတံဆိပ်သာလျှင် ဖြစ်၏။ ကျွန်ုပ်သည် ထိုဘတ်စ်ကားများကိုစီးရန်အတွက် ထိုနတ်စင်ရှိခုံတန်းတွင် မကြာခဏ ထိုင်ရလေ၏။ ထို့ကြောင့်လည်း အရူးမ ရွှေသဲဝါနှင့် မကြာခဏ ဆုံရလေတော့၏။

ယခုမှာမူ ရွှေသဲဝါကြီးသည် ကျွန်ုပ်ထံသို့ ရောက်လာပေပြီ။ ထို့ကြောင့် ရွှေသဲဝါကြီး၏မှတ်ဉာဏ်တွင် ဘောက်ထော်မှ ကျောင်းဆရာကို မမေ့သေးပေ။

"ဆိုစမ်းပါဦး ဒေါ်ရွှေသဲဝါရဲ့ ဘာကိစ္စလဲ. . "

ဟု ကျွန်ုပ်ကမေးရာ ရွှေသဲဝါက. .

"ကျောင်းဆရာ ဒီမှာလူတွေကို ယတြာလုပ်ပေးနေတယ်ဆိုတာ ကြားပါတယ်၊ ဒါပေမယ့် ကျုပ်က ယတြာလာတောင်းတာမဟုတ်ဘူး၊ ပစ္စည်းပျောက်လာမေးတာလည်း မဟုတ်ဘူးနော်၊ ကျုပ်မှာက ပျောက်စရာ ဆင်လည်းမရှိဘူး၊ လင်လည်းမရှိဘူး၊

http://www.cherrythitsar.org



တွေ့ချင်လို့လာတာပါ။ ပြီးတော့ ရှင်က ထမင်းချက်ကျွေးတယ်ပြောလို့ ထမင်းစားချင်လို့. . ဘာပဲဖြစ်ဖြစ်လေ. . အစိမ်းကြော်ရယ်၊ ချိုချဉ်ကြော် ရယ်၊ ငါးရှဉ့်ချဉ်စပ်ရယ်၊ ကိုက်လံနဲ့ ပြည်ကြီးငါး ရယ်၊ ကန်စွန်းပလိန်းရယ်၊ စွန်တန်ဟင်းချိုရယ်နဲ့ မနက်စာကို စားချင်တယ်”

ဟု ပြောလေ၏။

“ခင်ဗျားကလည်း စားသောက်ဆိုင် မှာသလို မှာနေတာကိုး၊ ထားပါတော့လေ၊ ဟိုး . . သက်န်းကျွန်းဘောက်ထော်ကနေတောင် လာစားတယ်ဆိုတော့ မရ,ရအောင် ချက်ကျွေးပါ့မယ်”

ဟုဆိုကာ ကျွန်ုပ်သည် ချက်ကျွေးရန် စီစဉ်ရလေတော့၏။

“နေစမ်းပါဦး ဒေါ်ရွှေသဲဝါရဲ့၊ ခင်ဗျား အရင်ကလိုပဲ လမ်းထဲမှာ သီချင်းတွေ အော်ဆိုလိုဆို၊ ကလိုက၊ ခုန်လိုခုန်၊ ပန်းတွေပန်လိုပန်၊ လည်ပင်းမှာလည်း ဖိနပ်တွေဆွဲ လုပ်တုန်းပဲလား”

ဟု ကျွန်ုပ်ကမေးလိုက်ရာ ရွှေသဲဝါက ရယ်လေ၏။

http://www.cherrythitsar.org



"ကျောင်းဆရာစကားပြောတာကလည်း လူပျိုကြီး စကားပြောသလိုပဲ၊ လိုရင်းမရောက်ဘဲ၊ ရှုးတုန်းပဲ လားလို့ မေးလိုက်ပါလား၊ မရှူးတော့ဘူးရှင့် . . မရှူးတော့ဘူး၊ အဲဒါကြောင့် စိတ်ညစ်နေတာ အရှူး ကုတဲ့ ဆေးဆရာ ကိုသာလှဆိုတာ သက်န်းကျွန်း ဟိုဘက်က ရန်ကုန်ဘက်မှာရှိတယ်၊ သူက သနား လို့ဆိုပြီး ကျုပ်ကိုကုလိုက်တာ ကောင်းသွားတယ်၊ အဲဒီလိုကောင်းသွားတဲ့နေ့ကစပြီး ရွှေသဲဝါတစ် ယောက် စိတ်ညစ်ရတော့တာပဲ၊ ဒါကြောင့် ပျောက် အောင်ကုပေးတဲ့ ဆရာသာလှကို ကျေးဇူးမတင်တဲ့ အပြင်ဆေးလိပ်မီးနဲ့တောင် ထိုးချင်တယ်"

ဟု ပြောကာ ရယ်လေ၏။ ထို့နောက်တွင်ကား ရွှေသဲဝါ စားချင်သည်ဆိုသော အစိမ်းကြော်၊ ချိုချဉ်ကြော်၊ စွန်တန်ဟင်းချိုတို့ဖြင့် ၎င်းအား နံနက်စာကျွေးမွေးရလေ ၏။ ၎င်းသည် မြိန်ရှက်စွာ စားနေ၏။ ကျွန်ုပ်သည် ၎င်း ထမင်းစားသောဘေးတွင်ထိုင်ကာ မပြည့်စုံမှုများအတွက် အမျိုးမျိုးအဖုံဖုံ ညည်းညူလျက်ရှိ၏။ ထိုအခါ ရွှေသဲဝါ ကြီးက ထမင်းစားရင်း . .

"ညည်းလှချေလား ကျောင်းဆရာရဲ့"

http://www.cherrythitsar.org



ဟု ပြောလေ၏။

“ညည်းရတာပေါ့ ဒေါ်ရွှေသဲဝါရယ်၊ ဘဝက ခိုင်လုံမှ ပြည့်စုံမှုရယ်လို့ မရှိဘူးလေ. . ပြီးတော့ ကျုပ်ကလည်း ခင်ဗျားထက် အများကြီးငယ်တာမဟုတ်ဘူး၊ အသက်က အတော်ကြီးနေပြီ၊ အဲဒီတော့ ကျုပ်ရဲ့ဘဝမှာ အရှုံးအမြတ်တွေ စဉ်းစားတွက်ချက်ကြည့်ရပြီပေါ့”

ဟု ကျွန်ုပ်ကပြောလိုက်ရာ ဒေါ်ရွှေသဲဝါကြီးက ရယ်လေတော့၏။ ထိုသို့ရယ်ပြီးနောက်. .

“ကျောင်းဆရာ သေချာနားထောင်. . ရှင့်ကို ကျုပ်ပုံတစ်ပုံပြောပြမယ်၊ ဟိုတုန်းက တိုင်းပြည်တစ်ပြည်မှာ ဘုရင်ကြီးတစ်ပါးရှိတယ်၊ သူ့မှာ သားသုံးယောက်ရှိတယ်၊ သားတွေကလည်း တစ်ယောက်နဲ့တစ်ယောက် မတိမ်းမယိမ်းတွေ၊ အရည်အသွေးတွေကလည်း တူနေကြတယ်၊ အဲဒီတော့ ဘုရင်ကြီးကလည်း အသက်ကြီးလာတော့ အရိုက်အရာလွှဲချင်ပြီ၊ ဘယ်သူ့ကိုလွှဲရမှန်း မဆုံးဖြတ်တတ်အောင် ဖြစ်နေတယ်၊ အဲဒီတော့ သူကိုးကွယ်တဲ့ရသေ့က အကြံပေးတယ်၊ အဲဒီအကြံအတိုင်း

http://www.cherrythitsar.org



ဘုရင်ကြီးက လုပ်တော့တာပဲ၊ တစ်နေ့မှာ သားသုံး ယောက်ကိုခေါ်ပြီး ပန်းမျိုးစေ့တစ်တင်းစီ ပေး တယ်၊ အဲဒီလိုပေးပြီးတော့ ငါ ဒီနေ့ကစပြီး ငါ့ ဆရာရသေ့ကြီးနဲ့အတူ ခရီးသွားမယ်၊ ငါပြန်လာ တဲ့အခါမှာ ငါ့ရဲ့မျိုးစေ့တွေကို ပြန်လိုချင်တယ်၊ အဲဒါ မင်းတို့ ထိန်းသိမ်းထားကြ၊ ပန်းမျိုးစေ့တွေ ကို ဘယ်လိုထိန်းသိမ်းထားတယ်ဆိုတဲ့အချက်က သိပ်အရေးကြီးတယ်၊ အဲဒီအချက်ပေါ်မှာ မူတည် ပြီး ဘယ်သူ့ကို အရိုက်အရာလွှဲရမလဲဆိုတဲ့ အဖြေ ရမှာပဲ’ လို့ ပြောပြီး သူ့ဆရာရသေ့ကြီးနဲ့အတူ ခရီးထွက်သွားတယ်၊ အဲဒီတော့ အငယ်ဆုံးသားက ‘ဒါများ ဘာခက်လို့လဲဆိုပြီး သံသေတ္တာကြီးတစ်လုံး ထဲမှာ ပန်းမျိုးစေ့တွေထည့်ပြီး သော့ခတ်သိမ်းထား လိုက်တယ်၊ အကြီးဆုံးသားက ပန်းမျိုးစေ့တွေကို ဈေးကိုသွားပြီး ရောင်းပစ်လိုက်တယ်၊ ငွေကိုသိမ်း ထားလိုက်တယ်၊ သူ့အကြံကတော့ သူ့အဖေပြန်လာ မှ အဲဒီငွေနဲ့ မျိုးစေ့တွေပြန်ဝယ်ပေးလိုက်မယ်၊ သူ လည်း မသိမ်းရဘူး၊ မျိုးစေ့တွေလည်း လတ်လတ် ဆတ်ဆတ် ရနိုင်တယ်ပေါ့၊ သားအလတ်ကျတော့

http://www.cherrythitsar.org



ဒီလိုမဟုတ်ဘူး၊ မြေကွက်တစ်ကွက်မှာ မြေတွေ တူးဆွပြီး ပန်းမျိုးစေ့တွေကို ကြဲဖြန့်ပြီး စိုက်ပစ်လိုက်တယ်၊ အင်မတန်လှတဲ့ပန်းတောကြီး ဖြစ်နေတာပေါ့၊ အဲဒီလိုနဲ့ ဘုရင်ကြီးပြန်လာတဲ့အခါမှာ သားငယ်ဆီက ပန်းမျိုးစေ့တွေတောင်းတော့ သားငယ်က သံသေတ္တာထဲကနေ ထုတ်ပေးလိုက်တယ်၊ မျိုးစေ့တွေက ကြုံလှီကုန်ပြီ၊ စိုက်လို့ရနိုင်တဲ့ အခြေအနေလည်းမရှိတော့ဘူး၊ ခြောက်တာတွေကလည်း ခြောက်ကုန်ပြီ၊ အဲဒီတော့ ဘုရင်ကြီးက 'မင်းကို ငါပေးခဲ့တာ တစ်တင်းပဲ၊ မင်းကလည်း ငါ့ကို တစ်တင်းပြည့်အောင် အပ်တယ်၊ ဒါပေမယ့် မင်း ငါ့ကို ပြန်ပေးတဲ့တစ်တင်းဟာ တစ်တင်းမဟုတ်တော့ဘူး၊ မင်းလုပ်တဲ့ပုံက ကိန်းဂဏန်းစေ့ရင်ပြီးရော ဆိုတဲ့ သဘောမျိုးလုပ်လိုက်တာ၊ ပုံသေကားကျဆန်တယ်' လို့ ပြောတယ်၊ ပြီးတော့ သားအကြီးဆီ သွားပြန်ရော၊ သားအကြီးက ပန်းမျိုးစေ့ရောင်းထားတဲ့ငွေကို ထုတ်ပြတယ်၊ မျိုးစေ့လိုချင်ရင်တော့ အခုပဲ ဈေးကိုသွားပြီး မျိုးစေ့ဝယ်ပေးပါ့မယ်လို့ ဘုရင်ကြီးကိုပြောတယ်၊ အဲဒီအခါမှာ ဘုရင်ကြီးက

http://www.cherrythitsar.org



'မင်းဟာ ငါပေးထားတဲ့ မျိုးစေ့တွေကို ထိန်းသိမ်းထားတာမဟုတ်ဘူး၊ အလဲအလှယ်လုပ်ထားတာ သိပ်ပြီး စျေးသည်ဆန်တယ်၊ အရိုက်အရာလွှဲလို့မရဘူး' လို့ ပြောတယ်။ သားအလတ်ဆီသွားတော့ ဝေဆာဖူးပွင့်နေတဲ့ ပန်းတောကြီးကို ပြလိုက်တယ်၊ မျိုးစေ့တစ်တင်း ပြန်လိုချင်တယ်ဆိုရင်လည်း ဒီပန်းတောကြီးက ထုတ်ပေးလို့ရပါတယ်၊ ပန်းတွေအတိုင်းထားချင်ရင်လည်း ထားလို့ရပါတယ်လို့ ပြောတယ်၊ အဲဒီမှာ ဘုရင်ကြီးက 'အဲဒါမဆိုးဘူးကွ၊ အဲဒါမှန်တယ်ကွ၊ မျိုးစေ့တွေလည်း မဆုံးဘူး၊ မင်းရဲ့ဖန်တီးမှုတွေလည်း ပါနေတယ်၊ မျိုးစေ့တွေရဲ့ ရှင်သန်မှုတွေလည်း တွေ့ရတယ်၊ မင်းကိုပဲ အရိုက်အရာလွှဲရမယ်' လို့ ပြောတယ်၊ အဲဒီတော့ ကျောင်းဆရာ. . ဘဝဆိုတာ ဖြစ်ချင်ရာဖြစ်ဆိုပြီး သံသေတ္တာထဲ သော့ပိတ်သိမ်းထားသလိုမျိုး စဉ်းစားလို့လည်း မရဘူး၊ အရှုံးအမြတ်တွေတွက်ပြီး စျေးသည်လိုလည်း လျှောက်လှမ်းလို့မဖြစ်ဘူး၊ အလုပ်တွေလုပ်ပြီး ဖန်တီးရှင်သန်နေရမှာ၊ အဲဒါမှ မှန်မယ်"

http://www.cherrythitsar.org



ဟု ပြောလေ၏။ ထို့နောက် ဒေါ်ရွှေသဲဝါကြီးလည်း ကျွန်ုပ်၏ကျောကုန်းကို သူ၏လက်ဝါးကြီးဖြင့် ပြန်းကနဲရိုက်၍. .

"သွားဦးမယ် ကျောင်းဆရာရေ၊ နောင်ကြုံရင်လည်း လာစားပါဦးမယ်"

ဟု ပြောဆိုကာ ပြန်သွားလေတော့သတည်း။

****

http://www.cherrythitsar.org

ဘဝဆိုတာ

ဖြစ်ချင်ရာဖြစ်ဆိုပြီး

သံသရာထဲ

သော့ပိတ်သိမ်းထားသလိုမျိုး

ခုန်းထားလို့လည်း မရဘူး

အရှုံးအမြတ်တွေတွက်ပြီး

ရွေးချယ်လို့လည်း

လျှောက်လှမ်းလို့မဖြစ်ဘူး

အလုပ်တွေလုပ်ပြီး

ပန်းတိုင်ရှင်သန်နေရမှာ

အဲဒါမှ မှန်မယ်...

http://www.cherrythitsar.org

# ကင်ပွန်းချဉ်ရွက်ဟင်းနှင့် ငါးနုသန်းရေချိူ

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန် မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံသို့ မိန်းမ ကြီးတစ်ဦးရောက်ရှိလာလေ၏။ ထိုမိန်းမကြီးမှာ ၎င်း၏ လင်ယောကျ်ားရှိစဉ်က အခြေနှင့် အနေနှင့် အကျအန နေထိုင်ခဲ့သော်လည်း ၎င်း၏ယောကျ်ားဆုံးပြီး တစ်နှစ် အတွင်း၌ပင် စီးပွားဥစ္စာများ ပျက်စီးသွားရရှာလေ၏။ ထိုမိန်းမကြီးသည် အသက်အားဖြင့် ကျွန်ုပ်ထက် နှစ်နှစ် ခန့်ငယ်သည်။ သူ၏အမည်မှာ ဒေါ်ဩ ဟူ၍ဖြစ်၏။ သူ သည်ငယ်စဉ်က ကျွန်ုပ်နှင့် ကျောင်းနေဖက်လည်း ဖြစ်ခဲ့

http://www.cherrythitsar.org



ဖူး၏။ ဝင်းဒေါ်ဩသည် မည်သည့်အရာကိုမျှ နှစ်နှစ်ကာကာ ယုံကြည်သည်ဟူ၍ မရှိပေ။ လူတော်တော်များများ ယုံလေ့ရှိသော နတ်များ၊ ဘိုးတော်များကို သူသည် မယုံပေ။ ထို့အတူ ငယ်စဉ်အခါက ကလေးဘာဝ သရဲအကြောင်းပြောလျှင်လည်း မည်သည့်အခါမျှ နားထောင်လေ့မရှိပေ။ ထိုအရာများကိုလည်း မယုံပေ။ ထိုအရာများကို ယုံကြည်လေ့ရှိသော ကျွန်ုပ်ကိုပင် သူက ကဲ့ရဲ့ဝေဖန်လေ၏။ သူနှင့် ကျွန်ုပ် မတွေ့သည်မှာ နှစ်အတန်ကြာပြီဖြစ်၏။ ယခု ကျွန်ုပ်ထံသို့ အလည်ရောက်လာခဲ့လေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"အလို. . ဘယ်သူများလဲ အောက်မေ့တယ်၊ တီချာဩကို. . ကျွန်တော်လည်း ခုနစ်ဆယ်နားကပ်နေပါပြီ၊ ဘာများ သင်ကြားပေးမလို့လဲ"

ဟု ခပ်ငေါ့ငေါ့လေးနှုတ်ဆက်လိုက်ရာ. .

"ဒီလို လုပ်ရအောင်ပါ၊ ဆရာကြီး သမားကြီးဂိုက်မဖမ်းစမ်းပါနဲ့၊ ဟိုး. . အရင်ကလိုပဲ နင်နဲ့ ငါနဲ့ ပြောခွင့်ရှိတယ်ဆိုရင်တော့ ဆက်ပြီး စကားပြောတာပေါ့၊ ဒီလိုမဟုတ်ဘဲနဲ့ ရှင့်ကို ကျွန်မက ဆရာကြီးတို့၊ အဘတို့ ခေါ်ရမယ်ဆိုရင်တော့ ပြန်တာကောင်းမယ်ထင်တယ်"

http://www.cherrythitsar.org



ဟု သူ၏အလိုကို ကြေညာလေ၏။

"ရပါတယ် လေဒီသြရယ် ခေါ်ချင်သလိုခေါ်ပါ၊ အရင်အတိုင်း ပြောချင်သလိုပြောပါ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ၎င်း ဒေါ်သြက. .

"အဲဒါ တော်တော်ကောင်းတဲ့အချက်ပဲ၊ နင်ဟာ အရင်ကအတိုင်းပါပဲ ဘယ်တော့မဆို နှိမ့်နှိမ့်ချချ ရှိပါတယ်၊ ဘဲရီးဂွတ်ဒ်"

ဟုပြောလေတော့၏။

"ကဲ. . လုပ်စမ်းပါဦး လေဒီသြရဲ့၊ ကျုပ်က မနက် စာကျွေးရမယ်ဆိုတော့ ဘာတွေနဲ့များ စားချင်ပါ သလဲ"

ဟု ပြောလိုက်လျှင် ၎င်းက. .

"နင်ရေးတဲ့ဟင်းတွေ ငါ ဖတ်ရပါတယ်ဟယ်၊ ထောပတ်တွေ၊ အုန်းနို့တွေ အမြဲပါတယ်၊ အဲဒါတွေသာ စားရရင် အမြန်ဆုံးသွေးတိုးပြီး သေချင်သေ၊ ဒါမှ မဟုတ်ရင် နှလုံးသွေးကြောပိတ်ပြီး သေလိမ့်မယ်၊ အဲဒီတော့ ငါးနုသန်းကလေးကို အရည်နဲ့ချက်ဟယ်၊ ကင်ပွန်းချဉ်ရွက်ချဉ်ရည်လေးလည်း ချက်၊ တို့စရာကတော့ဟယ် ငါးပိရည်ကောင်းကောင်းနဲ့ ကြက်သွန်ဖြူတို့မယ်"

http://www.cherrythitsar.org



ဟု ပြောလေ၏။ ထို့ကြောင့် ကွန့်ပ်သည် စီမံရလေတော့၏။ ကွန့်ပ်အနေနှင့် ထမင်းဟင်းများ စီမံနေစဉ်အတွင်း ဇင်းဒေါ်ဩသည် ကွန့်ပ်၏ခြံတွင်းသို့ လှည့်ပတ်ကြည့်ရှုလေ၏။ နှံ့အောင်ကြည့်ရှုပြီးနောက် ကွန့်ပ်ထံသို့ ပြန်လာပြီးလျှင်. .

"ခြံထဲမှာလည်း အရုပ်တွေက များလှချည်လား၊ ဒါဟာ ဘာမှမဟုတ်ဘူး၊ နင့်အနေနဲ့ လူတွေကို အယုံသွင်းနေတာ၊ ဘိုးတော်ပုံတွေ၊ မယ်တော်ပုံတွေတော့ ထားပါတော့၊ နင့်ဝတ္ထုထဲက ဇာတ်လိုက်ပုံတွေလည်း ထုထားတယ်၊ ဒါတွေကို တို့က ဘယ်လို သဘောထားရမှာလဲ၊ နင့်ပုံလည်း ထုထားတယ်၊ ဘာသဘောလဲ"

ဟု မေးလေတော့၏။

"ဒီလို လေဒီဩရဲ့၊ ဒါတွေက လေဒီဩတို့ ယုံဖို့ လုပ်တာ မဟုတ်ဘူး၊ ကျုပ်ဟာကျုပ် သဘောကျပြီး၊ ကျုပ်ဟာ ကျုပ် ယုံလို့ ထုထားတာ၊ ပြီးတော့ဗျာ. . အလွန်ခေါင်တဲ့ တောကြီးထဲက ကျုပ်ပိုင်တဲ့ ခြံထဲမှာ ကျုပ်ထုချင်တဲ့ အရုပ်ထုမှာပေါ့၊ လေဒီဩ ရုပ်ကို ထုရမလား"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ၎င်းက. .

"အမယ်လေး မလုပ်ပါနဲ့တော်၊ ကျုပ်ရုပ်တော့ မထုပါနဲ့၊ ဟိုဘက်က မနုစာရီမယ်တော်တို့ ဘာတို့ နဲ့ ရောသွားပါဦးမယ်"

ဟု ပြောလိုက်လေ၏။

ထို့နောက်တွင်ကား ကျွန်ုပ်သည် ဒေါ်ဩအား နံနက်စာ တည်ခင်းကျွေးမွေးလေ၏။ ဒေါ်ဩလည်း မြိန်ရှက်စွာစား၏။ ထမင်းစားရင်းနှင့်လည်း စား၍ကောင်းကြောင်း ချီးကျူးလေ၏။ ထိုသို့ ချီးကျူးရုံမျှမက. .

"ဒါမျိုးလေးတွေကို လူတွေကို ချက်ကျွေးစမ်းပါ၊ နင့်ဥစ္စာက အန္တရာယ်များမယ့် အစားအစာတွေကိုပဲ ချက်ကျွေးနေတာ၊ အုန်းနို့တို့ ဘာတို့ဆိုတာ သွေးတိုးရှိတဲ့လူဆိုရင် တစ်ခါတည်း ပြီးသွားနိုင်တယ်ဟဲ့၊ အစားတစ်လုပ်နဲ့ ဇီဝိန်ပြုတ်အောင် မလုပ်စမ်းပါနဲ့၊ လူဆိုတာ အသက်ရှင်တုန်း လူလို့ ခေါ်တာဟဲ့၊ သေသွားရင် မသာလို့ခေါ်တယ် မဟုတ်လား၊ အဲဒီတော့ အသက်ရှင်ဖို့အရေးကြီးတယ်"

ဟု ပြောလေ၏။

http://www.cherrythitsar.org



"ကောင်းပါပြီ လေဒီသြရယ်"

ဟု ကျွန်ုပ်က ပြောလေ၏။ ထို့နောက် ကျွန်ုပ်နှင့် ဒေါ်သြတို့သည် ရှေးဟောင်းနှောင်းဖြစ်များ ထိုင်၍ ပြောဖြစ်ကြလေ၏။ ထိုသို့ပြောရင်း. .

"ကျောင်းနေကတည်းက ကြည့်လာတာ လေဒီသြက ဘာမျှမယုံဘူးနော်၊ ယုံကြည်မှု အတော်နည်းတယ်"

ဟု ကျွန်ုပ်ကပြောလိုက်ရာ. .

"အဲဒီလိုလည်း ဇွတ်ကြီးမပြောပါနဲ့ဟယ်၊ ယုံစရာရှိတော့လည်း ငါက ယုံပါတယ်၊ ဘလိုင်းကြီးဟိုဟာမယုံ၊ ဒီဟာမယုံ ဆိုတာမျိုးတော့ မဟုတ်ပါဘူး"

ဟု ဒေါ်သြက ပြန်၍ပြောလေ၏။

"အဲဒီလိုဆို မေးမယ်ဗျာ၊ ယုံတယ်ဆိုတာနဲ့ပတ်သက်လို့ လေဒီသြဘဝမှာ ဘယ်လို အမှတ်သညာများရှိပါသလဲ"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ကျွန်ုပ်၏သူငယ်ချင်း ဒေါ်သြသည် မျက်စိပေါက်များပိတ်သွားသည်အထိ ရယ်မောလေ၏။ ကျေနပ်အောင်ရယ်ပြီးနောက်. .

http://www.cherrythitsar.org



"ဒီလိုဟယ်. . ငါ့အကြောင်း မပြောတော့ဘူး၊ တိဗက်က လောကီပညာရှင် အချွန်အမွန်ကြီး တစ်ဦးရှိခဲ့ဖူးတယ်၊ ဆရာကြီး ဂုရုကြီးပေါ့ဟယ်၊ သူ့နာမည်က မိလာရေပလို့ခေါ်တယ်၊ တိဗက်မှာ နာမည်ကြီးခဲ့တဲ့ ဂါလဝံတို့ မူလဝံတို့နဲ့ တစ်တန်း ထဲလောက်ပါပဲ၊ အဲဒီလို ဆရာကြီးမဖြစ်ခင်မှာ သူ ဟာ ဆရာတစ်ယောက်ဆီမှာ တပည့်ခံရတယ်၊ သူ့ရဲ့ဆရာက အမှန်ကတော့ ဘာမှ တန်ခိုးသိဒ္ဓိ မရှိဘူး၊ သူက ရှိတယ်ထင်ပြီး တပည့်ခံတာပါ၊ သူ့ လိုပဲ အဲဒီဆရာကို အထင်ကြီးပြီး တပည့်ခံနေတဲ့ တပည့်တွေက အများကြီးပဲကွယ့်၊ သူက အဲဒီ တပည့်တွေထဲမှာ ဆရာပေါ်မှာ အယုံကြည်ဆုံး တပည့်တစ်ယောက်ပေါ့ကွယ်၊ ဆရာ့ရဲ့ဝေယျာဝစ္စ လည်း အလုပ်ဆုံးတပည့်ပဲ၊ အဲဒီတော့ ကျန်တဲ့ တပည့်တွေက သူ့အပေါ်မှာ မျက်စိနောက်လာ တယ်၊ အဲဒီတော့ ကျန်တဲ့တပည့်တွေက မိလာရေပ ကို ချောက်တွန်းကြတာပေါ့ကွယ်၊ တစ်နေ့မှာ တပည့်အုပ်စုဟာ တောင်စောင်းတစ်ခုကိုဖြတ်ပြီး ခရီးသွားကြတယ်၊ အဲဒီအုပ်စုထဲမှာ မိလာရေပ

http://www.cherrythitsar.org



လည်း ပါတယ်ကွယ့်၊ တောင်ချောက်တစ်ခုလည်း ရောက်ရော တပည့်တစ်ယောက်က မိလာရေပကို 'ဟေ့. . မိလာရေပ၊ မင်းဟာ ဆရာပေါ်မှာ သိပ် ပြီးယုံကြည်တဲ့သူပဲ၊ ဘာပြုလို့ အပင်ပန်းခံပြီး တောင်ကြောအတိုင်း လျှောက်နေမှာလဲ၊ ဆရာ့ကို တ,ပြီး ခုန်ချလိုက်ပေါ့၊ တို့ဆရာဟာ တန်ခိုးသိဒ္ဓိနဲ့ ပြည့်ဝတဲ့ဆရာဆိုတာ မင်း ယုံတယ်မို့လား၊ ခုန်ချ လိုက်လေကွာ' လို့ ပြောတယ်၊ အဲဒီအခါမှာ မိလာ ရေပက စဉ်းစားမနေတော့ဘဲ 'ဆရာသခင် ကယ် ပါ' လို့ တ,ပြီး ချောက်ထဲကို ခုန်ချလိုက်တယ်၊ အမြင့်ကြီးနော်၊ အဲဒီမှာ ကျန်တဲ့တပည့်တွေက မိလာရေပအရှူးတော့ အရိုးတခြား အသားတခြား ဖြစ်သွားပါပြီ၊ ဆင်းကြည့်ဦးမှဆိုပြီး ချောက်ထဲကို ဆင်းကြည့်ကြတယ်၊ အဲဒီလိုဆင်းကြည့်တော့ မိလာရေပဟာ ဘာမှမဖြစ်ဘူး၊ တင်ပလ္လင်ခွေထိုင် နေတယ်၊ ကျန်တဲ့တပည့်တွေကို သူကတွေ့တော့ ပျော်ပျော်ရွှင်ရွှင်တောင် လှမ်းနှုတ်ဆက်လိုက်သေး တယ်၊ 'ကျုပ်တို့ဆရာဟာ တကယ့်ကို အစွမ်းသိဒ္ဓိ နဲ့ ပြည့်စုံတဲ့ဆရာ' လို့တောင် သူက ပြောလိုက်သေး

တယ်၊ အဲဒီလိုနဲ့ပဲ နေလာလိုက်တာ တစ်နေ့မှာ အိမ်တစ်လုံးကို မီးလောင်တယ်၊ အဲဒီမှာ မိန်းမ တစ်ယောက်နဲ့ ကလေးတစ်ယောက်ဟာ ပိတ်မိနေ တယ်၊ ဘယ်သူမှဝင်ပြီး မကယ်ရဲဘူး၊ ကယ်ရင် လည်း သေမှာပါပဲ၊ အဲဒီမှာ တပည့်တစ်ယောက်က 'မိလာရေပရေ့ . ဆရာကိုတ,ပြီး မီးထဲဝင်ပြီး ဟိုသားအမိကို ကယ်ပါတော့' လို့ပြောတယ်၊ မိလာ ရေပကလည်း မဆိုင်းမတွဘဲ 'ဆရာကယ်ပါ' လို့ ပြောပြီး မီးထဲပြေးဝင်သွားတယ်၊ သားအမိနှစ် ယောက်ကို ကယ်ထုတ်နိုင်ခဲ့တယ်၊ သူဟာ ဘာမှ မဖြစ်ဘူး၊ မီးပွားလေး တစ်ပွားတောင် သူ့ကိုယ် ပေါ်ကို မကျခဲ့ဘူး၊ အဲဒီမှာ မိလာရေပက ကျန် တဲ့တပည့်တွေကို 'တို့ဆရာကြီးက တကယ်စွမ်း တာပါ' လို့ပြောတယ်၊ အဲဒီလိုနဲ့ နေလာလိုက်တာ တပည့်အပေါင်းဟာ မြစ်ကြီးတစ်ခုကို ဖြတ်ကူးဖို့ အကြောင်းပေါ်လာတယ်၊ အဲဒ့ီအထဲမှာ တပည့် တွေတင်မဟုတ်ဘူး၊ ဆရာကိုယ်တိုင်ပါနေတယ်၊ အဲဒီမှာ တပည့်တစ်ယောက်က မိလာရေပနားကို ကပ်ပြီးတော့ တိုးတိုးလေးပြောလိုက်တယ်၊ 'လှေက

http://www.cherrythitsar.org



သိပ်ကျပ်နေပြီကွာ၊ မင်းအနေနဲ့ မစီးပါနဲ့၊ တစ်ယောက်စာ ချောင်သွားရင်လည်း မနည်းဘူးပေါ့ကွာ၊ ဆရာ့ကိုတ,ပြီး ရေပေါ်လမ်းလျှောက်သွားကွာ’ လို့ ပြောတယ်၊ အဲဒီမှာ မိလာရေပက ‘ကောင်းပြီ၊ အဲဒီလိုပဲ လုပ်ရမှာပေါ့’လို့ ပြောပြီး ဆရာကိုတ,ပြီး ရေပေါ်ကို လမ်းလျှောက်သွားတယ်၊ လှေပေါ်က လူတွေလည်း တအံ့တသြကြည့်နေကြတယ်၊ အဲဒီအထဲမှာ ဆရာကိုယ်တိုင်လည်း ပါတယ်၊ အဲဒီအခါမှာ ဆရာလုပ်တဲ့လူက စိတ်ကြီးဝင်တော့တာပဲ၊ ဒီလောက် ရှူးပေါပေါနိုင်လှတဲ့ မိလာရေပလိုကောင်တောင် ငါ့ကိုတ,ပြီး ရေပေါ်လမ်းလျှောက်နိုင်ရင် ငါကိုယ်တိုင်က ဘာပြုလို့ ရေပေါ်လမ်းမလျှောက်နိုင်ရမှာလဲလို့ အတွေးပေါက်တော့တာပဲ၊ အဲဒီလို အတွေးပေါက်တာနဲ့ တစ်ပြိုင်တည်း ဆရာဟာ ရေပေါ်လမ်းလျှောက်မယ်ဆိုပြီး လှေပေါ်ကနေ မြစ်ထဲကို ဆင်းလိုက်တယ်ဟေ့၊ တစ်ခါတည်း စုန်းစုန်းမြုပ်သွားတော့တာပဲ၊ ပေါ်ကိုမလာတော့ဘူး၊ တိဗက်လောကီပညာသမိုင်းမှာလည်း အဲဒီဆရာအကြောင်း ပြော

http://www.cherrythitsar.org



သံမကြားတော့ပါဘူး၊ တကယ်ပြောနေကြတာကတော့ ဆရာကြီးမိလာရေပအကြောင်းပဲ၊ အဲဒီဆရာကြီး မိလာရေပကလည်း ဘာကိုပဲ ထူးထူးဆန်းဆန်းလုပ်လုပ် သူ့လောက်အစွမ်းသိဒ္ဓိမရှိလို့ ရေနစ်ပြီး မြစ်အောက်ကျသွားတဲ့ သူ့ဆရာကိုတ,တပြီး လုပ်တော့တာပဲ၊ တစ်သက်လုံးဆိုပါတော့ကွယ်၊ မင်းမေးတဲ့ ယုံကြည်မှုဆိုတာနဲ့ပတ်သက် လို့ယုံကြည်မှုဆိုတာ ဒါပါပဲ၊ မင်းဘာသာမင်းနားလည်ချင်သလို နားလည်နိုင်ခွင့်ရှိပါတယ်၊ ထမင်းကျွေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ပြန်ဦးမယ်ဟေ့. . ”

ဟုဆိုကာ ကျွန်ုပ်၏ စူထွက်နေသော ဝမ်းဗိုက်ကြီးကို လိမ်ဆွဲ၍ ထွက်သွားလေတော့သတည်း။

****

http://www.cherrythitsar.org

ဆရာကြီး မိလာရေပကလည်း

ဘာကိုပဲ ထူးထူးဆန်းဆန်း လုပ်လုပ်

သူ့လောက်အစွမ်းသိဒ္ဓိမရှိလို့

ရေနစ်ပြီး မှမ်အောက်ကျသွားတဲ့

သူ့ဆရာကို တ,တပြီး

လုပ်တော့တာပဲ၊

တစ်သက်လုံးဆိုပါတော့ကွယ်၊

မင်းမေးတဲ့

ယုံကြည်မှုဆိုတာနဲ့ ပတ်သက်လို့

ယုံကြည်မှုဆိုတာ ဒါပါပဲ၊

မင်းဘာသာမင်း

နားလည်ချင်သလို

နားလည်ပိုင်ခွင့်ရှိပါတယ်...

# ငါးသလောက်အချဉ်ဆီပြန်ဟင်းနှင့် ကြက်သွန်ဖြူစိမ်ထားသော ဒိန်ချဉ်တစ်ခွက်

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန်၊ မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံ၏ရှေ့သို့ ထော်လာဂျီတစ်စီးလာ၍ ရပ်လေ၏။ လူတစ်ယောက်သည် နောက်မှီလွန်စွာမြင့်သော ရှေးဟောင်းကုလားထိုင် အနက်ကြီးတစ်လုံးကို ကျောတွင်ပိုးလျက် ၎င်းထော်လာဂျီပေါ်မှ ဆင်းလာ၏။ လက်တစ်ဘက်တွင်လည်း အနက်ရောင်လက်ကိုင်တုတ်ကြီးတစ်ချောင်း ကိုင်ထားလေ၏။ ကျွန်ုပ်သည် ထိုသူအား မည်သူမည်ဝါဖြစ်သည်ဟု မပြောနိုင်ပါ။ ထိုသူသည် ကုလားထိုင်ကြီးကိုထမ်းလျက် ကျွန်ုပ်

http://www.cherrythitsar.org



၏အနီးသို့ လျှောက်လာပြီးလျှင် ကုလားထိုင်ကြီးကို ချ လိုက်လေ၏။ ကျွန်ုပ်လည်း ထိုသူကို သေချာစွာကြည့်နေ မိလေ၏။ ထိုကုလားထိုင်ကိုချပြီးလျှင် ထိုသူသည် ကုလား ထိုင်ပေါ်၌ အကျအနထိုင်လိုက်လေ၏။ ထိုလူ၏အပြု အမူမှာ အနည်းငယ်ဆန်းသကဲ့သို့ဖြစ်နေ၍ ကျွန်ုပ်လည်း ဂရုစိုက်၍ ကြည့်နေမိလေ၏။ ထိုသူသည် ကိုင်ထားသော လက်ကိုင်တုတ်ကို အခြားသောလက်တစ်ဖက်သို့ ပြောင်း ၍ကိုင်လိုက်ပြီးနောက်. .

"မောင်အောင်ထွန်း. . ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ် နိုက်. ."

ဟု ကိုးရိုးကားယား နှုတ်ဆက်လိုက်လေ၏။ ထို အခါကျမှပင် ကျွန်ုပ်သည် ထိုသူကို ကောင်းစွာ မှတ်မိ သွားလေ၏။

"အလို. . ကိုပီတာကြီးပါလား. ."

ဟု ကျွန်ုပ်က ဝမ်းသာအားရပြန်၍နှုတ်ဆက် လိုက်လျှင် ၎င်း ကိုပီတာကြီးက. .

"ဟုတ်ပါတယ်၊ မဟုတ်ပါဘူး"

ဟု ပြန်၍ပြောပြန်လေ၏။ ၎င်းကိုပီတာကြီး မှာ ကျွန်ုပ်ကို လွန်စွာခင်မင်၏။ သို့ရာတွင် သူသည် လူ

http://www.cherrythitsar.org



ကောင်းတစ်ဦးမဟုတ်ပေ။ စိတ်ဝေဒနာရှင်တစ်ဦးဖြစ် ၏။ မည်သို့ဖြစ်သည်မသိ၊ စကားပြောလျှင် ဆန့်ကျင်ဘက် နှစ်ခုကို အမြဲတွဲစပ်၍ ပြောတတ်၏။

"ကိုပီတာကြီးကို မနက်စာကျွေးရမယ်၊ ဘာဟင်းနဲ့ စားမလဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ၎င်းက ရယ်မော ၍. .

"ဘဲရိုးငွတ်ဒ်၊ ဘဲရိုးဘက်ဒ်. . ."

ဟုပြောပြန်လေ၏။ ထို့နောက် ၎င်းကပင်. .

"ငါးသလောက် အချဉ်ဆီပြန်၊ မယ်ဇလီဖူးဟင်းချို ချဉ်ဖတ်အစုံကိုနှမ်းဖြူးပြီးသုပ်မယ်၊ ကြက်သွန်ဖြူကို ပါးပါးလှီးပြီး ဒိန်ချဉ်နဲ့စိမ်မယ်၊ ဗာလချောင်ကြော် တစ်ခွက်လည်းပါရမယ်၊ အဲဒါဆို တော်လောက် ပါပြီ"

ဟုဆိုလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ၎င်း စားချင်သည့်အရာများကို စီမံပေးရလေ၏။

"နေစမ်းပါဦး ကိုပီတာရယ်. . ဒီလောက်အဝေး ကြီးကို ဒီကုလားထိုင်ကြီးကို ဘာပြုလို့ ယူလာရ တာလဲ"

http://www.cherrythitsar.org



ဟု ကျွန်ုပ်ကမေးလိုက်ရာ ကိုပီတာကြီးက. .

"ဒီကုလားထိုင်ကြီးက ကိုယ့်ရဲ့ဘကြီး ကျန်ခဲ့တဲ့ အမွေပါ၊ ဒီလက်ကိုင်တုတ်ကြီးကလည်း သူ့ဟာ ပဲ၊ နာမည်တော့ မပြောတော့ပါဘူး၊ အဲဒီဘကြီး ဟာ ဟိုးရှေးခေတ်တုန်းက မြို့ပိုင်ဖြစ်ခဲ့ဖူးတယ်၊ အဲဒီပစ္စည်းနှစ်ခုကတော့ နောက်ဆုံးကျန်ခဲ့တဲ့ ပစ္စည်းပဲ၊ ကိုယ်တို့အမျိုးထဲမှာတော့ ဒီလူကြီးဟာ အတော့်ကိုကြိုးစားတဲ့လူကြီး၊ ဘွဲ့ရအောင်လည်း ဆင်းဆင်းရဲရဲနဲ့ ကြိုးစားခဲ့ရရှာတယ်၊ အလုပ်လုပ် တဲ့အခါမှာလည်း အတော့်ကို ကြိုးစားလုပ်ပါတယ်၊ ဒါကြောင့်လည်း ကိုယ်တို့အမျိုးထဲမှာ သူဟာ ရာထူးဌာနန္တရ အကြီးဆုံးရခဲ့တဲ့လူပဲ"

ဟု ပြောလေ၏။

"ထားပါတော့ဗျာ၊ အဲဒါကြီးကို ဘာပြုလို့ ယူလာ ရတာတုံး"

ဟု ကျွန်ုပ်က မေးလိုက်ရာ. .

"ကိုယ်က အိမ်ရှိတာ မဟုတ်ဘူးလေ၊ ဟိုခမ္ဘာရုံမှာ နေရ၊ ဒီမီးကင်းမှာနေရနဲ့ အဲဒီလို နေ့,နေရတာ၊ ဒီပစ္စည်းနှစ်ခုက ကျောက်မြောင်းက အသိအိမ်မှာ

http://www.cherrythitsar.org



အပ်ထားရတာ၊ အဲဒီအိမ်က ကလေးတွေကလည်း ဒီကုလားထိုင်ကြီးကို ရှေးဟောင်းပစ္စည်းဆိုပြီး ရောင်းစားဖို့ မျက်စောင်းထိုးနေကြတယ်၊ ဒါကြောင့် ဒီကိုယူလာပြီး မောင်အောင်ထွန်းကို ပေးတာပါ”

ဟု ကိုပီတာကြီးက ပြန်၍ပြောလေ၏။

“မလုပ်ပါနဲ့ ကိုပီတာကြီးရယ်၊ ကျုပ် မယူပါရစေနဲ့၊ ထိုင်လည်း မထိုင်ရဲပါဘူး၊ ကျုပ်နဲ့လည်း မတန်ပါဘူး၊ နောက်တစ်ခုက ကျုပ်ဟာ ကုလားထိုင်တွေ ဘာတွေနဲ့ မထိုင်တတ်ဘူးဗျ၊ ခင်ဗျားသိတဲ့အတိုင်းပဲ၊ ကျုပ်က ဖျာကလေးခင်းပြီး ကြမ်းပြင်ပေါ်မှာ ထိုင်လေ့ရှိတယ်၊ လမ်းလျှောက်တဲ့ လက်ကိုင်တုတ်လည်း ကျုပ်အတွက် မလိုပါဘူးဗျာ၊ ပြီးတော့ ဒီလိုကြီးမားတဲ့ပုဂ္ဂိုလ်သုံးခဲ့တဲ့ပစ္စည်းကိုလည်း ကျုပ်အနေနဲ့ မသုံးရဲပါဘူး၊ အကောင်းဆုံးကတော့ ဘုန်းကြီးကျောင်းကို လှူလိုက်ပါ”

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ၎င်းကိုပီတာကြီးက . .

“မထိုင်ရဲဘူး၊ ဟုတ်လား၊ ဘာပြုလို့ မထိုင်ရဲတာလဲ၊

http://www.cherrythitsar.org



အလကားရတာပဲ ထိုင်ပေ့ါ၊ အတော်ကြောက်တတ်တဲ့လူပဲ၊ ဒါကြောင့်လည်း ထင်မိထင်ရာ စွတ်လုပ်တာပေ့ါ"

ဟု ပြောလေ၏။ ထို့နောက်တွင်ကား ကျွန်ုပ်လည်း ငှင်းအား ငါးသလောက်အချဉ်ဆီပြန်ဟင်း၊ မယ်ဇလီဖူးဟင်းချို စသည်တို့ကို ချက်ပြုတ်စီမံ၍ နံနက်စာကို ကျွေးရလေ၏။ ကိုပီတာကြီးသည် ထမင်းကို ထည့်ပြီးရင်းထည့်၍ စားနေလေ၏။ ထိုသို့စားရင်း. .

"အတော့်ကို မြိန်တာပဲ၊ ဒါပေမယ့် စားလို့မကောင်းဘူး. . ."

ဟု ပြောသဖြင့် ကျွန်ုပ်က. .

"မြိန်တယ်ဆိုတာ စားလို့ကောင်းတာကို ပြောတာမဟုတ်လား. ."

ဟု ပြောလိုက်ရာ. .

"မြိန်တယ်လေ၊ ဒါပေမယ့် အလကားစားရတယ်ဆိုပြီး ထမင်းတွေ ထပ်ထပ်ပြီးထည့်လို့တော့ ဘယ်ကောင်းမလဲ၊ အဲဒါကြောင့် စားလို့မကောင်းဘူးလို့ ပြောတာ၊ ကိုယ့်အိမ်မှာကိုယ်စားတာ မဟုတ်ဘူးလေ၊ သူများအိမ်မှာဆိုတော့ လူမြင်ကောင်းအောင်

http://www.cherrythitsar.org



စားရတာပေါ့၊ ဒါကြောင့် မြိန်တော့ မြိန်တယ်၊
စားလို့မကောင်းဘူးလို့ ပြောတာပေါ့”

ဟု ရှင်းပြလေ၏။ ထမင်းစားပြီးသောအခါ၌ ကိုပီတာကြီးက. .

“ကောင်းပြီလေ၊ မောင်အောင်ထွန်းက လက်မခံ
တော့လည်း ကျောက်မြောင်းက ဘုန်းကြီးကျောင်း
တစ်ကျောင်းကို လှူလိုက်ပါ့မယ်၊ အဲဒါပိုပြီးကောင်း
ပါတယ်”

ဟု ပြောလေ၏။ ကျွန်ုပ်လည်း ၎င်းအား လက်ဖက်ရည်၊ မုန့်များ ထပ်မံတိုက်ကျွေးပြန်လေ၏။ ထိုသို့ တိုက်ကျွေးရာ၌ ကျွန်ုပ်၏တပည့် ဗေဒင်ဆရာမတစ်ဦးက လက်ဖက်ရည်များ၊ မုန့်များစီမံကာ လာ၍ပို့ရလေ၏။ ကိုပီတာကြီးသည် ထိုဗေဒင်ဆရာမကို သေချာစွာကြည့်ပြီးလျှင်. .

“ဆရာမကို မြင်ဖူးသလိုလိုပဲ၊ အတော်ချောတာပဲ၊
ကြည့်လို့မကောင်းဘူး”

ဟု ပြောသဖြင့် ထိုဆရာမလည်း ရှုံ့မဲ့၍ အနီးမှ ထွက်သွားလေ၏။

“ဘယ်လိုပြောလိုက်တာလဲ ကိုပီတာကြီးရယ်၊ ချော

http://www.cherrythitsar.org



တယ်လည်း ပြောသေးတယ်၊ ကြည့်လို့လည်း မကောင်းဘူးလို့ ပြောတယ်၊ ဟုတ်နိုင်ပါ့မလား”

ဟု ကျွန်ုပ်ကပြန်၍မေးလိုက်ရာ ကိုပီတာကြီး က. .

“ဟုတ်ပါတယ်၊ ချောတယ်ဆိုတာက လူရဲ့ ပင်ကိုယ် ရုပ်ရည်ကိုပြောတာပါ၊ ကြည့်မကောင်းဘူးဆို တာက လူ့ရဲ့အပြင်အဆင်ကိုပြောတာပါ၊ ကိုယ်က စကားပြောရင် ရှင်းအောင်ပြောတယ်၊ ကိုယ့်လူက ရှုပ်အောင်မလုပ်ပါနဲ့”

ဟု ပြောလိုက်သောကြောင့် ကျွန်ုပ်မှာ ရယ်ရ သေးတော့၏။ ထို့နောက် ကျွန်ုပ်က. .

“ကိုပီတာကြီးရဲ့အဘကြီးက ဘယ်အချိန်တုန်းက သေတာလဲ”

ဟု ကျွန်ုပ်ကမေးလိုက်ရာ ၎င်းက. .

“ကြာပါပြီ၊ အလုပ်ကအနားယူပြီး အကြာကြီးနေမှ သေတာပါ၊ အတော့်ကို ဆင်းရဲသွားရှာတယ်၊ မသေ ခင်မှာ မယားငယ်တွေ ဘာတွေ ယူသွားသေးတာ၊ ရန်ကုန်မြစ်ဝအထွက် ရွာသာကြီးတို့၊ တိုးကြောင် လေးတို့ဘက်မှာရှိတဲ့ ရွာကလေးတစ်ရွာမှာပါပဲ၊

http://www.cherrythitsar.org



အဲဒီမှာ တဲကလေးနဲ့ နေသွားရတယ်၊ သူ့မိန်းမကြီး ကလည်း ပစ္စည်းတွေအားလုံး ယူထားလိုက်တယ်၊ သေတော့လည်း အဲဒီမှာပဲ သေတာပါပဲ၊ အလုပ်က နားသွားတဲ့အခါမှာ အသက်က သိပ်မကြီးသေးပါ ဘူး၊ ဒါပေမယ့် ငယ်ငယ်က ကြိုးစားသလောက် အဲဒီအချိန်မှာ ဘာမှမကြိုးစားတော့ဘူး၊ မယား ငယ်ဆီမှာ အလဟဿ အချိန်တွေဖြုန်းပြီး သေ သွားရှာတယ်၊ ကိုယ်က ဒါကြောင့် အချိန်ဖြုန်းတဲ့ ကိုယ့်ဘကြီးကို မသေခင်ကတည်းက သေစာရင်း သွင်းထားလိုက်တာ”

ဟု ကိုပီတာကြီးက ပြောလေ၏။

“ဘာဖြစ်လို့ ခင်ဗျားက သေစာရင်းသွင်းထားရ တာလဲ”

ဟု ကျွန်ုပ်က အားမလိုအားမရ မေးလိုက်လေ ၏။ ထိုအခါ ကိုပီတာကြီးက. .

“မောင်အောင်ထွန်း တစ်ခုစဉ်းစားကြည့်လေ၊ မင်း တို့ ငါတို့ တစ်ယောက်နဲ့တစ်ယောက် တွေ့တဲ့ အခါမှာ အသက်ဘယ်လောက်ရှိပြီလဲလို့ မေးကြ တယ်ဆိုပါစို့၊ အဲဒီမှာ အသက် ဘယ်နှနှစ်ရှိပါပြီလို့

http://www.cherrythitsar.org



ပြန်ဖြေတယ်မဟုတ်လား၊ အဲဒီ့နှစ်တွေဟာ အချိန်တွေကို ပြောတာပဲလေကွာ၊ ဒါကြောင့် အသက်နဲ့အချိန်ဟာ တစ်ထပ်တည်းပဲလို့တောင် ယူဆရမယ်၊ အဲဒီတော့ အချိန်ဖြုန်းတယ်ဆိုတာ အသက် ကို ဖြုန်းတာပဲမဟုတ်လား၊ ကိုယ့်ဘကြီးဟာ တော က မယားငယ်လေးတစ်ယောက်နဲ့ အသက်တွေ ဖြုန်းခဲ့တယ်ကွ၊ ဒါမှမဟုတ် အချိန်တွေ ဖြုန်းခဲ့တယ်ကွ၊ ဒါကြောင့် သူ့ကိုငါက မသေခင်ကတည်းက သေစာရင်းသွင်းထားလိုက်တာ၊ မောင်အောင်ထွန်းလည်း မှတ်ထားကွ၊ အချိန်ကို မဖြုန်းနဲ့ကွ၊ ***'TIME WASTE IS LIFE WASTE'*** ***'အချိန်ဖြုန်းတာဟာ အသက်ဖြုန်းတာပဲ'*** လို့ မြဲမြဲမှတ်ထားကွ၊ ငါသွားမယ်”

ဟုဆိုကာ ကုလားထိုင်ဟောင်းကြီးကိုထမ်းပိုး၍ ခြံတွင်းမှ ထွက်သွားလေ၏။ ကျွန်ုပ်သည် ကိုပီတာကြီး အား. .

“ကုလားထိုင်ကြီးနဲ့ လက်ကိုင်တုတ်ကြီးကို ဘုန်းကြီးကျောင်းကို လှူပစ်မယ်ပေါ့”

ဟု လှမ်း၍မေးလိုက်ရာ ကိုပီတာကြီးက ခေါင်း

http://www.cherrythitsar.org



ကို တွင်တွင်ရမ်းပြလေ၏။

"ဒီလောက်ညံ့တဲ့လူကြီးရဲ့ပစ္စည်းကို ဘုန်းကြီးကို မလှူတော့ပါဘူး မောင်အောင်ထွန်းရယ်၊ ဒီလူကြီးရဲ့သင်္ချိုင်းအုတ်ဂူက ရွာသာကြီးဘက်မှာရှိတယ်၊ သူ့ဂူမှာပဲ သွားထားလိုက်မယ်၊ ယူချင်တဲ့လူ ယူပါစေ၊ ဆွေးချင်ဆွေးပါစေ၊ ငါနဲ့ မဆိုင်တော့ပါဘူး၊ ငါ့ဘကြီးဟာ ဘဲရိုးဂွတ်ဒ်၊ ဘဲရိုးဘက်ဒ်ပဲကွ၊ ကဲ. . ပြန်မယ် မောင်အောင်ထွန်းရေ. . "

ဟုပြောဆိုကာ ထော်လာဂျီတစ်စင်းပေါ်သို့ တက်သွားလေတော့သတည်း။

****

http://www.cherrythitsar.org

အသက်နဲ့ အချိန်ဟာ

တစ်ထပ်တည်းပဲလို့ဆောင်

ယူဆရမယ်၊

အဲဒီတော့

အချိန်ဖြုန်းတယ်ဆိုတာ

အသက်ကိုဖြုန်းတာပဲ မဟုတ်လား၊

အချိန်ကို မဖြုန်းနဲ့ကွ၊

'TIME WASE IS LIFE WASTE'

'အချိန်ဖြုန်းတာဟာ အသက်ဖြုန်းတာပဲ'လို့

မြဲမြဲမှတ်ထားကွ၊ ငါသွားနယ်

# သတ်သတ်လွတ် ကုလားပဲဟင်းနှင့် ငရုတ်သီးဆားထောင်း

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မှော်ဘီမြို့အစွန်၊ မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံအတွင်းသို့ ကျွန်ုပ်၏မိတ်ဆွေကြီးဖြစ်သော ကိုပီတာကြီး ရောက်လာလေ၏။

ကိုပီတာကြီးသည် စိတ်ကောင်းစွာမန္တသူတစ်ဦး ဖြစ်လေ၏။ သို့ရာတွင် ခင်မင်ဖွယ်ရာကောင်းလေ၏။ သူသည် ကျွန်ုပ်ကိုမြင်လျှင်မြင်ချင်း. .

"ဟော့. . မောင်အောင်ထွန်း၊ ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ်နိုက်. . "

http://www.cherrythitsar.org



ဟုကိုးရိုးကားယား နှုတ်ဆက်လေ၏။ ထိုအခါ ကျွန်ုပ်က..

"ကိုပီတာကြီး ထမင်းစားပြီးပြီလား"

ဟု မေးလိုက်လေ၏။

"စားပြီးပြီ၊ ဟင့်အင်း.."

ဟု ကိုပီတာကြီးက ပြန်ဖြေလေ၏။

"ခင်ဗျားပြောတာလည်း တစ်မျိုးကြီးပါလား"

ဟု ကျွန်ုပ်က ပြောလိုက်မိလေ၏။

"တစ်မျိုးကြီး မဟုတ်ပါဘူး ငါ့လူရာ၊ စားပြီးပြီဆိုတာက မနေ့က ညစာပါ၊ မစားရသေးဘူးဆိုတာ ဒီနေ့ မနက်စာပါ၊ ဘာစားချင်လဲလို့ မမေးနဲ့၊ ဒီနေ့ မနက်စာကို သက်သတ်လွတ်ပဲ စားချင်တယ်၊ ကုလားပဲဟင်းကောင်းကောင်းချက်ကွာ၊ အသားမထည့်နဲ့၊ ငရုတ်သီးဆားထောင်းကွာ၊ မုန်လာချဉ်ဖတ်ကွာ၊ ထမင်းစားပြီးရင်လည်း ဖီးကြမ်း ငှက်ပျောသီးပျော်ပျော်လောက်ပဲ ကျွေးပါကွာ"

ဟု ကိုပီတာကြီးက ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ကိုပီတာကြီးအတွက် နံနက်စာ သက်သတ်လွတ်ပဲဟင်းနှင့် ငရုတ်သီးဆားထောင်းကို ပြင်ဆင်ပေးရ

http://www.cherrythitsar.org



လေ၏။ ကိုပီတာကြီးသည် ထမင်းပူပူပေါ်တွင် ပဲဟင်းများကိုလောင်းချပြီးနောက် ငရုတ်သီးဆားထောင်းဖြင့် နယ်လေ၏။ ထို့နောက် မုန်လာချဉ်ဖတ်ကို 'ဂွျတ်ခနဲ၊ ဂွျတ်ခနဲ' ကိုက်၍ ထမင်းထဲတွင် မြှုပ်ကာ အားရပါးရ စားလေ၏။ စားနေရင်းနှင့်ပင် ပါးစပ်က. .

"ဘဲရီးဂွတ်ဒ်၊ ဘဲရီးဘတ်ဒ်. . ."

ဟု ပြောနေလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ဘယ်လိုဖြစ်တာလဲ ကိုပီတာကြီး. ."

ဟု အော်လိုက်ရာ ၎င်းက. .

"ဘဲရီးဂွတ်ဒ်ဆိုတာက ထမင်းစားလို့ ကောင်းတာကိုပြောတာ၊ ဘဲရီးဘတ်ဒ်ဆိုတာက ကိုယ့်လူချက်တဲ့ဟင်းက မကောင်းဘူးလို့ပြောတာ၊ ဟင်းက မကောင်းပေမဲ့ စားလို့ကကောင်းနေတော့ အဲဒီလို နှစ်မျိုးပြောတာပေါ့၊ နားရှင်းအောင် သဲသဲကွဲကွဲ နားထောင်စမ်းပါ ကိုယ့်လူရာ. ."

ဟု ပြောလေ၏။ ထိုအချိန်၌မှာပင် ရေဘုံပိုင်ကိုဖွင့်ပြီး ပြန်၍ အကျအနမပိတ်ဘဲ ပြန်၍ထွက်သွားသော တပည့်ကလေးတစ်ဦးအပေါ်၌ ကျွန်ုပ်သည် လွန်စွာဒေါသထွက်သွားသည့်အလျောက် လှမ်းခေါ်၍ ကျောကို

http://www.cherrythitsar.org



ထုရလေ၏။ ထိုအချိန်၌မှာပင် ရေအိုးစင်အနီးရှိ သစ်သားခြေနင်းခုံကို အဝတ်စုတ်ကိုရေစွတ်၍ သုတ်ပြီးလျှင် ထိုအဝတ်စုတ်တွင် ကပ်ပေနေသော အညစ်အကြေးများကို လက်ဖက်ရည်ချိုင့်လွတ်အတွင်းသို့ ညှစ်၍ချလိုက်၊ ထိုအဝတ်နှင့် သစ်သားခုံကိုတိုက်လိုက် လုပ်နေသော တပည့်ကလေးတစ်ဦး၏ မဖွယ်မရာပြုလုပ်ပုံကို မြင်တွေ့ရလျှင် ကျွန်ုပ်သည် လွန်စွာစိတ်ဆိုးသွားသဖြင့် စိတ်ဆိုးလွန်း၍ဒေါသခိုးများတက်ကာ ကျွန်ုပ်၏မျက်စိသည် ပြာဝေသွား၏။ ထို့ကြောင့် ထိုတပည့်ကလေးအနီးသို့ သွားကာ ၎င်း၏ဆံပင်ကို လက်တစ်ဖက်ဖြင့်ဆွဲ၍ ကျန်လက်တစ်ဖက်ဖြင့် ၎င်း၏ပါးအား တဖြန်းဖြန်းရိုက်လေတော့၏။ ပြီးလျှင် ထိုတပည့်လေးအား အပြီးအပိုင် မောင်းထုတ်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်သည် စိတ်ဆိုးလွန်း၍ ကတုန်ကယင်ဖြစ်နေ၏။ သို့မဟုတ် မောဟိုက်နေ၏။ ထို့ကြောင့် ထိုရေအိုးစင်အနီး၌ပင် ထိုင်ချလိုက်ကာ အမောဖြေလိုက်လေ၏။ အမောပြေသွားသောအခါ၌ ဒေါသလည်း ပြေပျောက်သွားလေ၏။ သို့မဟုတ် ထိုဒေါသပြေပျောက်သွားသောအခါ၌ အမောလည်း ပြေသွားလေ၏။ ထိုအခါကျမှပင် ကျွန်ုပ်သည် ကိုပီတာကြီး

http://www.cherrythitsar.org



အနီးသို့ လျှောက်၍သွားလေ၏။

"ဘာတွေများ ဒါလောက်စိတ်ဆိုးနေရတာတုံး"

ဟု ကိုပီတာကြီးက မေးလိုက်လေ၏။

"ကျုပ်လည်းဗျာ စိတ်ဆိုးတယ်ဆိုတာ မကောင်းဘူး ဆိုတာသိပါတယ်၊ ဒေါသဆိုတာလည်း မကောင်း ဘူးဆိုတာ နားလည်ပါတယ်၊ ဒါပေမဲ့ ဘယ်လိုဖြစ် တယ်မသိပါဘူး၊ ထိန်းလို့ကိုမရပါဘူး"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကိုပီတာကြီးက. .

"ဒီလိုလုပ်ရအောင်၊ ကိုယ် ဒီခြံထဲမှာ တစ်ပတ် လောက် ဟောဟိုနားကအိမ်မှာနေမယ်၊ ကိုယ့်လူ ဒေါသထွက်တော့မယ်ဆိုရင် ကိုယ့်ကိုယ်လာပြော၊ ဒေါသမထွက်အောင်လုပ်ပေးမယ်၊ မကောင်းဘူး လား"

ဟု ကိုပီတာကြီးက ပြောလေ၏။

"မဟုတ်တာမပြောပါနဲ့ ကိုပီတာကြီးရယ်၊ ဘယ် အချိန်ဒေါသထွက်မယ်ဆိုတာ ဘယ်လိုလုပ်သိမှာ လဲ၊ သူ့ဟာသူ ဖြစ်လာတဲ့ကိစ္စပဲဗျာ၊ ကြိုပြီး မပြော နိုင်ပါဘူး"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုပီတာကြီးက. .

http://www.cherrythitsar.org



"ဒီလို မပြောနိုင်ပုံထောက်ရင်တော့ ဒေါသဆိုတဲ့ အရာဟာ ကိုယ့်လူရဲ့ကိုယ်ပိုင်ပစ္စည်း ဟုတ်ဟန် မတူဘူး၊ ကိုယ်ပိုင်ဆိုရင် ပြောနိုင်ရမှာပေါ့၊ ကိုယ့်လူ ခန္ဓာကိုယ်ထဲက အရာလည်းဟုတ်မယ်မထင်ပါဘူး၊ ပြင်ပကရောက်လာတာဖြစ်မယ်၊ အဲဒီတော့ ကိုယ့် လူရဲ့ဒေါသဟာ ကိုယ့်လူပိုင် သဘာဝတစ်ခုမဟုတ် ဘူးဆိုတာ သေချာပါတယ်၊ ကိုယ့်လူပိုင်တဲ့ ပစ္စည်း ဆိုရင် အချိန်မရွေး ထုတ်ပြနိုင်တာပေါ့၊ အခုလို မပြနိုင်ဘူးဆိုကတည်းက ကိုယ့်လူပိုင် မဟုတ်ဘူး ပေါ့၊ အခြေအနေ အချိန်အခါနဲ့ ရောက်လာတဲ့ ပြင်ပကပစ္စည်းပါ၊ ကိုယ့်လူ လူဖြစ်လာတုန်း ကလည်း အဲဒီဒေါသကြီးနဲ့ တစ်ပေါင်းတည်း လူဖြစ် လာဟန်မတူပါဘူး၊ ခုမှ ရောက်လာတာပါ"

ဟု ကိုပီတာကြီးက ကတ်သီးကတ်သတ်စကား ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. . .

"ကိုပီတာကြီးရယ်၊ ကတ်သီးကတ်သတ်တွေ မပြော ပါနဲ့ဗျာ. . ."

ဟု မေတ္တာရပ်ခံရလေ၏။ ထိုအခါ ၎င်းက. .

"ဒီလို လုပ်ကြည့်ရအောင်၊ ဒီတစ်ခါ ကိုယ့်လူဒေါသ

http://www.cherrythitsar.org



ထွက်လာရင် အဲဒီဒေါသကို သူများအပေါ်မပုံနဲ့၊ ကိုယ့်ကိုယ်ကို ကြိမ်လုံးနဲ့ရိုက်၊ ဒေါသပြေသွားတဲ့ အထိရိုက်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဒေါသဆိုတဲ့ ကောင်က ကိုယ့်လူကို အနှောင့်အယှက်ပေးနေ တာပဲ၊ ရိုက်သာရိုက် ပစ်လိုက်၊ ဒီကောင် ကိုယ့် လူခန္ဓာကိုယ်ထဲက ထွက်ပြေးသွားတဲ့အထိရိုက်၊ မညှာနဲ့၊ တအားတွယ်. . ”

ဟု ကတ်သီးကတ်သတ် ပြောပြန်လေ၏။

“မဟုတ်တာတွေမပြောပါနဲ့ ကိုပီတာကြီးရယ်. . ”

ဟု ကျွန်ုပ်က ပြောရပြန်လေ၏။

ထိုအခါ ၎င်းက. .

“အဲဒီလို မရိုက်ချင်ရင်လည်း ဒီလိုလုပ်၊ ဒေါသ ထွက်လာတာနဲ့ ကိုယ့်လူရဲ့အိမ်ကို ခုနစ်ပတ် ပတ် ပြေး၊ ပြီးတော့ ဟောဟိုသစ်ပင်အောက် သွားထိုင် ပြီး ဒေါသဟာ ကိုယ့်လူရဲ့ခန္ဓာကိုယ် ဘယ်နေရာ ကနေ ထွက်ပြေးသွားတယ်ဆိုတာကို သေချာစိုက် ကြည့်ထား. . ”

ဟု ဆိုပြန်လေ၏။

“မဖြစ်နိုင်တဲ့စကားတွေမပြောပါနဲ့ ကိုပီတာကြီး

http://www.cherrythitsar.org



ရယ်၊ ဟောဒီမှာ ဖီးကြမ်းငှက်ပျောသီးပျော့ပျော့တွေရှိတယ်၊ ပါးစပ်ပိတ်ထားစမ်းပါ”

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကိုပီတာကြီးက. .

“အဲဒီလိုလုပ်လိုက်ရင် ဒေါသဆိုတာ ရှာလို့ရမှာမဟုတ်တော့ဘူး၊ ဒေါသကို မထွက်အောင်လည်း ဖိနှိမ်မထားနဲ့၊ အဲဒီဒေါသကို တစ်စုံတစ်ယောက်အပေါ်မှာလည်း ပုံမချလိုက်နဲ့၊ လူမှာ အစာမကြေတဲ့အခါ ပျို့အန်သလို ဒေါသဆိုတာ စိတ်အစာမကြေတဲ့အခါ စိတ်ဓာတ်ပျို့အန်မှုတစ်မျိုးဖြစ်တတ်တယ်ကွ၊ ပျို့အန်တယ်ဆိုကတည်းက ထွေထွေထူးထူး လုပ်စရာမလိုပါဘူး၊ ပလုတ်ကျင်းလိုက်ရင် ပြီးတာပဲ၊ ခေါင်းအုံးကိုဆွဲပြီး တစ်ချက် နှစ်ချက်လောက် လက်သီးနဲ့ထိုးလိုက်ကွာ၊ အဲဒါဆိုရင်လည်း ပြေပျောက်သွားတာပါပဲ၊ ဒေါသထွက်ခြင်းဆိုတာ အလွန်လှပတဲ့ အသွင်သဏ္ဌာန်တစ်မျိုးပဲကွ၊ ဘာနဲ့တူသလဲသိလား၊ တိမ်တိုက်တွေထဲမှာ လျှပ်စီးလက်လိုက်သလိုပါပဲ၊ ဒေါသဟာ ဖျန်းခနဲဖြစ်သွားတာ၊ အဲဒီလို ဖျန်းခနဲဖြစ်တာကို ကြည့်ဖြစ်အောင် ကြည့်လိုက်ပါ၊ အဲဒီလိုကြည့်ဖို့ သတိလေးရှိလိုက်

http://www.cherrythitsar.org



တာနဲ့ ဒေါ်သကို ကိုယ်က ထိန်းသွားနိုင်တယ်ကွ၊ မင်းခန္ဓာကိုယ်ထဲမှာ ဒေါသထိန်းတဲ့ ဂီယာပါပြီး သား၊ သေသေချာချာစောင့်ကြည့်လိုက်ရင် ဂီယာ ချိန်းသလို 'ချောက်ခနဲ' မြည်တဲ့အသံကိုတောင် ကြားလိမ့်မယ်ဟေ့၊ ပြီးတော့ အတွင်းခန္ဓာမှာ ဒေါသဟာ ပျောက်သွားမယ်၊ ပူလောင်နေရာက နေ အေးချမ်းသွားမယ်၊ ဒေါသအပူကနေ သူ့ကို ပုံပြောင်းပြီး အေးအောင်လုပ်လို့ရလာတဲ့ အအေး ဟာ ဘယ်လိုအအေးဓာတ်နဲ့မှ မတူဘူးကွ၊ အတော့် ကို ချမ်းသာတာ၊ အခု ငါပြောတဲ့စကားဟာ အမြီးအမောက်မတည့်တဲ့ အရူးတစ်ယောက်ရဲ့ စကားလို့ မင်းအနေနဲ့ ယူဆရင် ယူဆပါ၊ ဒါပေမဲ့ ငါ အခုပေးခဲ့တဲ့ ဒေါသမီးခဲကနေ ပုံပြောင်းပြီး ရေခဲဖြစ်အောင်လုပ်တဲ့နည်းကလေးကိုတော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သုံးစမ်းကြည့်စမ်းပါ ကွာ၊ အဲဒါဟာ မင်း ငါ့ကိုကျွေးတဲ့ ထမင်းကို ငါ့အနေနဲ့ ပြန်ဆပ်နိုင်တဲ့ ကျေးဇူးဆပ်ခြင်းလို့ နားလည်စေချင်တယ် မောင်အောင်ထွန်း၊ ကဲ. . ငါသွားမယ်"

http://www.cherrythitsar.org



ဟုဆိုကာ ကျွန်ုပ်၏ကျောကုန်းကို လက်သီးဖြင့် ဘုန်းခနဲထု၍. .

"စိတ်ဆိုးချင်ဆိုး၊ ဒေါသအရမ်းမထွက်နဲ့၊ ဒေါသထွက်တယ်ဆိုတာ စိတ်အစာမကြေလို့ စိတ်ဓာတ်ပျို့အန်မှုဖြစ်တာ၊ ပလုတ်ကျင်းလိုက်ရင် ပြီးတာပါပဲကွာ"

ဟု ပြောဆိုရယ်မောကာ အကြောင်းကြမဲ့၊ အပူပင်မဲ့၊ သောကမဲ့သော အမူအရာဖြင့် ကျွန်ုပ်၏ခြံမှ ပြန်သွားလေတော့သတည်း။

****

http://www.cherrythitsar.org



# ထောပတ်ထမင်း၊ ကြက်သားဟင်းနှင့် ပဲနီလေးဟင်းချို

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန်၊ မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံသို့ ကျွန်ုပ်၏ မိတ်ဆွေရင်း ကိုပီတာဆိုသူ ရောက်ရှိလာပြန်၏။

ကိုပီတာသည် စိတ်မနှံ့သူတစ်ဦးဖြစ်၏။ သူသည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း. .

"ဟေ့. . ဖိုးအောင်ထွန်း၊ ဂွတ်ဒ်မောနင်း. . ဂွတ်ဒ်နိုက်"

ဟု နှုတ်ဆက်လေ၏။ ကျွန်ုပ်က ၎င်းအား. .

"ဘာဟင်းနဲ့ ထမင်းစားမလဲ၊ ဈေးသွားမလို့. ."

http://www.cherrythitsar.org



ဟု ပြောရာ ဂျင်းက. .

"ဝက်သားကို သိပ်ကြိုက်တယ်၊ မချက်ပါနဲ့၊ မချက်ပါနဲ့ဆိုတာ ကျုပ်က ကြိုက်ပေမဲ့ ကျုပ်ဗိုက်က လက်မခံဘူး၊ စားမိတာနဲ့ အောင့်လို့ပါ၊ ကိုရင့်ရဲ့စေတနာကိုတော့ ကျေးဇူးတင်ပါတယ်၊ နိုးဂွတ်ဒ်. . "

ဟု ပြောလေ၏။

"ဒီလိုဆို ဘာချက်ရမလဲဗျာ. . ပြောစမ်းပါ၊ ခင်ဗျားကလည်း ဆန့်ကျင်ဘက်တွေချည်း ပြောနေတော့တာပဲ"

ဟု ကျွန်ုပ်ကညည်းညူလိုက်ရာ ကိုပီတာကြီးက. .

"စိတ်မဆိုးပါနဲ့ ဖိုးအောင်ထွန်းရယ်. . ကိုယ့်လူချက်ပြီး ကျွေးချင်တာ ကျွေးပါ၊ ကျုပ်က စားရမှာပေါ့ ကျုပ်က သူများကျွေးမှစားရတဲ့ဘဝပဲဗျာ. . သနားဖို့မကောင်းပါဘူး. . . "

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ကိုပီတာကြီးစားရန်အတွက် ထောပတ်ထမင်း၊ ကြက်သားဟင်းနှင့် ပဲနီလေးဟင်းချိုတို့ကို စီမံကာ ကျွေးမွေးရလေ၏။ ကိုပီတာကြီးသည် မြိန်ရှက်စွာစားရင်း. .

http://www.cherrythitsar.org



"သိပ်ပြီးစားလို့ကောင်းတာပဲ၊ နိုးဂွတ်ဒ်. ."

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. .

"စားလို့ကောင်းရင် ဂွတ်ဒ်လို့ပြောပေါ့ဗျာ၊ ဘယ်လိုကြောင့် နိုးဂွတ်ဒ်လို့ ပြောရတာလဲ"

ဟုပြောရာ ၎င်းက. .

"ဒီလိုကောင်းတဲ့ အစားအစာကို နေ့တိုင်းမစားနိုင်လို့ နိုးဂွတ်ဒ်လို့ပြောတာပါ ကိုယ့်လူရာ. ."

ဟု ပြန်၍ချေပလေ၏။ ထို့နောက် ကိုပီတာကြီးသည် ကျွန်ုပ်နှင့် စကားပြောလေ၏။ ကျွန်ုပ်သည် ၎င်းအား စလောင်းမှ ချင်နယ်တစ်ခုကို ဖွင့်ပြပြီးလျှင် ရှင်းပြလေ၏။ ကိုပီတာကြီးက ခေါင်းကို တဆတ်ဆတ်ညိတ်၏။ ထို့နောက် အခြားချင်နယ်တစ်ခုကိုဖွင့်ပြ၍ ထိုချင်နယ်တွင်ပြသော ဗဟုသုတများအကြောင်းကို ပြောပြလေ၏။ ထို့နောက် ၎င်းနှင့်အတူ လက်ဖက်ရည်အချိုသောက်ရင်း ကျွန်ုပ်ရောက်ခဲ့သော အိန္ဒိယနိုင်ငံမှ မြို့များ၊ အကြောင်းအရာများကို ၎င်းအား ပြောပြပြန်လေ၏။

"နေစမ်းပါဦး ဖိုးအောင်ထွန်း. . ဗုဒ္ဓဂယာကို ဘုရားဖူးခရီးထွက်ပြီးတဲ့နောက်ပိုင်းမှာ အိန္ဒိယကို နောက်ထပ်တစ်ခေါက် ထပ်ထွက်တာ ဘာသဘောလဲ"

ဟု ဂျင်းက မေးလေ၏။

“ဘာသဘောလဲဆိုတော့ သိချင်တာလေးတွေ သိရအောင် အပြင်ထွက်ပြီး လေ့လာတာပါဗျာ၊ ဒါပေမဲ့လည်း ဘာမှတော့ မယ်မယ်ရ မသိခဲ့ရပါဘူး၊ အခုလာမယ့် နွေမှာလည်း တိဗက်ကို သွားဦးမလို့ဗျ၊ အဲဒါအတွက် နည်းနည်းတော့ ကြိုးပမ်းနေတယ်၊ ကြိုးပမ်းနေတယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ငွေလေး ဘာလေး စုနေတာပါ”

ဟု ကျွန်ုပ်က ပြောလိုက်လျှင်. .

“အဲဒီမှာက သိပ်ပြီးအေးတယ်ဆိုပဲ၊ ဘာဖြစ်လို့ သွားမှာတုံး”

ဟု ကိုပီတာကြီးက မေးပြန်လေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

“သိချင်တာလေးတွေ သိရအောင် သွားကြည့်မလို့ပေါ့ဗျာ၊ လားမားဘုန်းကြီးတွေအကြောင်း၊ ပြီး တော့ တိဗက်ရဲ့လောကီပညာအကြောင်း ရနိုင်သလောက် သွားပြီးလေ့လာမလို့ဗျို့. . . ”

ဟု ပြန်၍ဖြေလိုက်ရာ ကိုပီတာကြီးက ခေါင်းကို တဆတ်ဆတ်ညိတ်လေ၏။

http://www.cherrythitsar.org



ထိုအချိန်၌မှာပင် ကျွန်ုပ်၏မိတ်ဆွေတစ်ဦး ထပ်ရှ်ရောက်လာပြန်၏။ ထိုမိတ်ဆွေက ကျွန်ုပ်အား. .

"ဆရာသမားရေ. . . တန်ခိုးသိဒ္ဓိနဲ့ပတ်သက်တဲ့ ကိစ္စတွေကို အသေးစိတ်ရှင်းပြနိုင်တဲ့ ရသေ့ကြီး တစ်ပါးတော့ တွေ့ခဲ့တယ်ဗျ၊ အဲဒီရသေ့ကြီးကို လည်း ခင်ဗျားနာမည်ကို ပြောပြခဲ့ပါတယ်၊ အဲဒီ ရသေ့ကြီးကလည်း စိတ်ဝင်စားရင် ခေါ်ခဲ့ပါလို့ ပြောပါတယ်၊ အဲဒီတော့ ဗုဒ္ဓဟူးနေ့တစ်နေ့လောက် ခင်ဗျား အလုပ်ပိတ်တဲ့အခါ ခင်ဗျားနဲ့ကျုပ်နဲ့ သွားကြတာပေါ့"

ဟု ပြောလေ၏။ ကျွန်ုပ်တို့ စကားစ,ဖြတ်လိုက်သောအခါ၌ ကိုပီတာကြီးက. .

"ဖိုးအောင်ထွန်းကို ကိုယ့်မိတ်ဆွေမစ္စတာရပ်ရှ် ပြောပြတဲ့ အကြောင်းအရာလေး ပြောပြချင်တယ်"

ဟု စကားစလေ၏။

"ပြောပါ ကိုပီတာကြီး၊ နားထောင်ပါ့မယ်ဗျာ"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုပီတာကြီးက. .

"အဲဒီ မစ္စတာရပ်ရှ်ဆိုတာက အိန္ဒိယကပဲ၊ ကိုယ် သွင်းကုန်ထုတ်ကုန်လုပ်တုန်းက သူနဲ့ပတ်သက်ခဲ့

http://www.cherrythitsar.org



တာ၊ သူက စကားပြော အတော်ကောင်းတယ်၊ ဘာသာရေးသမားတစ်ယောက်လည်း ဖြစ်တယ်၊ သူ့ရဲ့အိမ်နီးနားချင်းတွေကလည်း သူ့ကို အတော်ခင်ကြတယ်၊ အဲဒီအိမ်နီးနားချင်း အတော်များများကလည်း ဘာသာရေးသမားတွေပါပဲ၊ တစ်ဦးနဲ့တစ်ဦးလည်း ချစ်ချစ်ခင်ခင်ရှိကြပါတယ်၊ သူတို့နားမှာ မုဆိုးမအဘွားကြီးတစ်ယောက် ရှိတယ်ဆိုပဲ၊ အဲဒီအဘွားကြီးရဲ့နာမည်က ရာဗီယာတဲ့၊ အဲဒီ ရာဗီယာကြီးဟာ တစ်ညမှာ သူ့အခန်းရှေ့ လမ်းပေါ်က မီးတိုင်အောက်မှာ ကုန်းကုန်း ကုန်းကုန်းနဲ့ တစ်စုံတစ်ခုကို ရှာနေတယ်၊ အဲဒီမှာ မစ္စတာရပ်ရှ်ကော အခြားအိမ်နီးနားချင်းတွေပါ ထွက်လာပြီး အဘွားကြီး ဘာပျောက်နေသလဲ မသိဘူး၊ ဝိုင်းပြီး ရှာပေးဦးမှဆိုပြီး ရာဗီယာနားကို သွားကြတယ်၊ အနားရောက်တော့ ကိုယ့်ရဲ့မိတ်ဆွေ မစ္စတာရပ်ရှ်က အဘွားကြီးကို 'အမေကြီး. . ဘာပျောက်တာလဲ' လို့ မေးတယ်၊ အဲဒီမှာ ရာဗီယာကြီးက 'ကြီးကြီးမားမား မဟုတ်ဘူး၊ လက်ချုပ်အပ်ကလေးတစ်ချောင်း ကျသွားလို့ ရှာနေတာ' လို့ ပြောလိုက်တယ်၊

အဲဒီတော့ မစ္စတာရပ်ရှ်ကော အိမ်နီးနားချင်းတွေပါ ဝိုင်းပြီးရှာပေးကြတယ်၊ ဒါပေမဲ့ ရှာလို့မတွေ့ပါဘူး၊ အဲဒီတော့ မစ္စတာရပ်ရှ်က 'အမေကြီး ရာဗီယာ. . ကျွန်တော်တို့လည်း ရှာတာပဲ၊ အမေကြီးရဲ့အပ်က မတွေ့ပါဘူး၊ ဘယ်နားမှာ ကျတာလဲ၊ သေချာပြောစမ်းပါ' လို့ မေးလိုက်တယ်၊ အဲဒီတော့မှ ရာဗီယာဆိုတဲ့အဘွားကြီးက 'ငါနေတဲ့အခန်းထဲမှာ ကျတာဟဲ့. . ' လို့ ပြောတယ်၊ အဲဒီလိုလည်းပြောလိုက်ရော အိမ်နီးနားချင်းတစ်ဦး က 'သြော်. . အပ်ကျတာက အိမ်ထဲမှာ၊ ရှာတာ က လမ်းမှာထွက်ပြီး ရှာတာကိုး. . ဘယ်လိုလုပ် ပြီးတွေ့မှာလဲ' လို့ မေးလိုက်တယ်၊ အဲဒီတော့ မစ္စတာရပ်ရှ်က 'အမေကြီး ရာဗီယာရယ်. . စိတ်မှန့်သေးရဲ့လား၊ ကျတာက အမေကြီးရဲ့အိမ်ထဲ မှာ၊ ရှာတာက လမ်းပေါ်မှာ၊ ဘယ်လိုလုပ်တွေ့မှာ လဲ အမေကြီးရယ်' လို့ ပြောလိုက်တယ်၊ အဲဒီတော့ ရာဗီယာဆိုတဲ့ အဘွားကြီးက 'တကယ်ကျတဲ့နေရာက မီးမှောင်နေတာဟဲ့၊ ဒီနေရာမှာက မီးက ထိန်ထိန်လင်းနေတာ၊ ဒါကြောင့် ဒီမှာရှာတာ'

http://www.cherrythitsar.org



လို့ ပြန်ပြီးပြောတယ်၊ အဲဒီတော့ မစ္စတာရပ်ရှ်က
အတော့်ကို စိတ်ဆိုးသွားတယ်၊ ‘အမေကြီးနှယ်
ဗျာ. . အလင်းရောင် ရှိတာ၊ မရှိတာနဲ့ မဆိုင်ပါဘူး၊
အပ်ကျသွားတဲ့နေရာမှာပဲ ရှာရမှာပေါ့၊ ဒီ
လောက်တော့ သိဖို့ကောင်းပါတယ်ဗျာ. . အခု
အမေကြီးလုပ်ပုံက အတော့်ကို မသိသားဆိုးဝါး
တာပဲ’ လို့ အပြစ်တင်လိုက်တယ်၊ အဲဒီအခါမှာ
ရာဗီယာဆိုတဲ့ အဘွားကြီးက မစ္စတာရပ်ရှ်ရဲ့
ကျောကုန်းကို လက်နဲ့ပုတ်ပြီး ‘နင်ဟာ တော်
တော့်ကို တတ်သိနားလည်တဲ့ကောင်ပဲ၊ ပစ္စည်း
ပျောက်ရှာတဲ့အခါမှာ အလင်းရောင်ရှိတဲ့နေရာ ဟာ
အရေးမကြီးဘူး၊ တကယ်ကျပျောက်တဲ့နေရာ မှာ
ရှာရမယ်ဆိုတာ နင်သိသားပဲ၊ ဒါပေမဲ့ အမှန်
တရားကို ရှာတဲ့နေရာမှာတော့ နင်ဟာ ဒီ
သဘောကို မယူဘူး၊ အလင်းရောင်နဲ့တူတဲ့ ဆရာ
တွေနောက်ကို လိုက်နေတယ်၊ တကယ် နင်ရှာရ
မှာက နင့်ခန္ဓာအတွင်း အမှောင်ထဲမှာပဲ တွေ့
အောင်စူးစိုက်ပြီး ရှာရမယ်ဆိုတာ နင့်အနေနဲ့ မသိ
သားဆိုးဝါးလှချည်လားရပ်ရှ်ရေ. . ’ လို့ ပြောပြီး

http://www.cherrythitsar.org



သူ့အိမ်ခန်းထဲကို ပြန်ဝင်သွားတယ်ဆိုပဲ၊ ကဲ. .
ဖိုးအောင်ထွန်းရေ. . မောင်ရင်ရော ဘယ်အလင်း
ရောင်နောက်ကို လိုက်ဦးမလို့တုံး၊ သွားမယ်နော်”

ဟုဆိုကာ ကျွန်ုပ်၏ကျောကို လက်ဖြင့် ဘုန်းကနဲ ပုတ်၍ ထွက်သွားလေတော့၏။

ကျွန်ုပ်လည်း ကိုပီတာကြီးထွက်သွားသည်ကို နောက်မှ လှမ်းမျှော်ကြည့်ရှုရင်း လက်အုပ်ချီလိုက်မိလေ၏။ ထို့နောက်တွင်မှ. .

“ကိုပီတာကြီးရေ. . လာခဲ့ဦးနော်. . ”

ဟု လှမ်း၍အော်ပြောလိုက်ရာ ကိုပီတာကြီး က. .

“နိုး. . လာခဲ့မယ်. . ”

ဟု ထူးဆန်းစွာ ပြန်၍ ဖြေသွားလေတော့သတည်း။

****

ပစ္စည်းပျောက်ရှာတဲ့အခါမှာ

အလင်းရောင်ရှိတဲ့နေရာဟာ

အရေးမကြီးဘူး

တကယ်ကျပျောက်တဲ့နေရာမှာ

ရှာရမယ်ဆိုရင် မိမိသိသားပဲ

ဒါပေမဲ့ အမှန်တရားကို

ရှာတဲ့နေရာမှာတော့

ဒီသဘောကို မယူဘူး

အလင်းရောင်နဲ့တူတဲ့

သာယာမှုနောက်ကို လိုက်နေတယ်၊

တကယ် မိမိရှာရမှာက

မိမိခန္ဓာအတွင်း အမှောင်ထဲမှာပဲ

စေ့စောင်ရှုစိုက်ပြီး ရှာရမယ်ဆိုရင်

မိမိအနေနဲ့

မသိသားဆိုးရွားလှချည်လား...

# အုန်းသီးထဲကို ကြက်သားထည့်၍ ဖွဲမီးဖြင့်ဖုတ်သော ဟင်းတစ်မျိုး

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန်၊ မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံသို့ ကျွန်ုပ်တို့ငယ်စဉ်က တစ်ရပ်တည်းနေခဲ့ဖူးသော ကိုပီတာဆိုသော လူကြီးတစ်ဦး ရောက်ရှိလာလေ၏။ ထိုလူကြီး သည် ကျွန်ုပ်ကို လွန်စွာခင်မင်၏။ ကျွန်ုပ်ကို တွေ့လျှင် တွေ့ချင်း ထိုလူကြီးက. .

"ဟော့. . . အောင်ထွန်း၊ ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ်နိုက်. ."

ဟု နှုတ်ဆက်လိုက်လေ၏။

"ကိုပီတာကြီးကတော့ လုပ်ပြီ၊ ဂွတ်ဒ်မောနင်းဆို လည်း ဂွတ်ဒ်မောနင်းပေါ့၊ ဂွတ်ဒ်နိုက်ဆိုလည်း ဂွတ်ဒ်နိုက်ပေါ့ဗျာ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ၎င်းက. .

"မနေ့ညကတည်းက ကိုယ့်လူဆီလာဖို့ စိတ်ရောက် နေတာ၊ အဲဒါကြောင့် ဂွတ်ဒ်နိုက်လို့ပြောတာ၊ ရောက်လာတာက ခုမှရောက်လာတာ၊ အဲဒါ ကြောင့် ဂွတ်ဒ်မောနင်းလို့ နှုတ်ဆက်တာ၊ နားရှင်း အောင် နားထောင်စမ်းပါ ကိုယ့်လူရာ. . "

ဟု ကျွန်ုပ်အား အပြစ်တင်သောလေသံဖြင့် ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ကဲပါ. . ကိုပီတာကြီးရယ်၊ ဘာဟင်းနဲ့စားမလဲ ပြောစမ်းပါ"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ကိုပီတာကြီးက. .

"ငါဘဝမှာကကွာ သူများကျွေးမှ စားရတဲ့ဘဝပါ၊ အဲဒီတော့ ဖွယ်ဖွယ်ရာရာလည်း မစားတတ်ပါဘူး၊ ကတ်သီးကတ်သပ်လည်း မစားတတ်ပါဘူး၊ အဲဒီတော့ ဒီလိုလုပ်ကွာ၊ အုန်းသီးရင့်ရင့်တစ်လုံးကို အဝလှုပ်၊ ခုနစ်ဆယ်သားလောက်ရှိတဲ့ ကြက်ကို

http://www.cherrythitsar.org



ခုတ်ထစ်ပြီး ငရုတ်သီး၊ ကြက်သွန်၊ ဆား၊ အဲဒါတွေ နဲ့ နယ်ပေ့ါကွာ၊ ပြီးတော့ အဲဒီအုန်းသီးထဲ ပြန်ထည့်၊ အဖုံးပြန်ဖုံး၊ ရွှံ့နဲ့မံကွာ၊ အဲဒီအုန်းသီးကို ဖွဲနှစ်တင်း လောက်နဲ့ မီးဖုတ်ကွာ၊ အုန်းသီးအပြင်က အကုန် လုံးကျွမ်းကုန်လိမ့်မယ်၊ ပြီးတော့ အဲဒီအုန်းသီးထဲ က ကြက်သားတွေက အုန်းသီးနှစ်တွေနဲ့ ကျက်နေ လိမ့်မယ်၊ ပြီးတော့ ဇလုံကြီးထဲလောင်းချ၊ ထမင်း ပူပူနဲ့ စားမယ်ကွာ. . ”

ဟု ပြောလေ၏။

“ဒါလောက် အုန်းသီးတွေများတာဗျာ၊ သွေးတိုး လိမ့်မယ်”

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကိုပီတာကြီးက. .

“ကိုရင်လည်း သိသားပဲ၊ ငါ့ကို ရပ်ကွက်တစ်ခုလုံး က အရူးစာရင်းထဲမှာ သွင်းထားကြတာ၊ အရူး ပီတာလို့တောင် ခေါ်ကြတာ၊ တစ်ခု မင်းစဉ်းစား ကြည့်၊ သွေးတိုးပြီးသေတဲ့ အရူး မင်းတွေ့ဖူးလား၊ အရူးက ဘာစားစား သွေးမတိုးဘူးကွ၊ သူများတွေ ယင်ကောင်နားတဲ့ အစားအသောက်ကိုစားရင် ဝမ်းရောဂါဖြစ်တယ် မဟုတ်လား၊ ငါ့တို့ အရူးတွေ

http://www.cherrythitsar.org



က မဖြစ်ဘူးကွ၊ အရှူးရောဂါတစ်ခု ရပြီးကတည်းက သွေးတိုးလည်းမဖြစ်ဘူး၊ ဝမ်းရောဂါလည်း မဖြစ်ဘူး၊ ကျောက်ကပ်လည်းမဖြစ်ဘူး၊ နှလုံးရောဂါလည်းမဖြစ်ဘူး၊ နှလုံးရောဂါနဲ့သေတဲ့ အရူးမင်းတွေ့ဖူးလို့လား၊ ဒီလိုကွ. . အရူးလက်မှတ်ရပြီးကတည်းက ကျန်တဲ့ရောဂါတွေ ပြီးသွားပြီထင်တယ်၊ အဲဒီတော့ ငါပြောတဲ့အတိုင်းသာ ချက်ကျွေးစမ်းပါကွာ. . ”

ဟု ရှည်လျားစွာ ပြောလိုက်လေ၏။ ကျွန်ုပ်လည်း ၎င်းပြောသည့်အတိုင်း ကြက်သားနှင့်အုန်းသီးကို စီမံရလေ၏။ အလုံးစုံပြီးသောအခါ၌ ဟင်းများကို ဇလုံကြီးထဲတွင်ထည့်၍ ကိုပီတာကြီးကို ကျွေးရလေ၏။ ကိုပီတာကြီးသည် မြိန်ရှက်စွာ စားသောက်နေ၏။ ထိုသို့စားသောက်နေစဉ်တွင် ကျွန်ုပ်က ဟင်းအရသာနှင့်ပတ်သက်၍ စကားပြောလိုသောကြောင့်. .

“ဒီလို ကိုပီတာကြီးရဲ့ အရသာက ခြောက်ပါး ရှိတယ်လေဗျာ”

ဟု စကားစလိုက်လျှင်. .

“ဘယ်ကသာ ခြောက်ပါးရမလဲ ကိုယ့်လူရာ၊

http://www.cherrythitsar.org



သူများက ခြောက်ပါးဆိုတာနဲ့ ခြောက်ပါးလိုက်ပြီး ပြောနေတာကိုး၊ ကိုယ်ပိုင်ဉာဏ်နဲ့မှ မစဉ်းစားဘဲ”

ဟု ကျွန်ုပ်အားပြောရာ ကျွန်ုပ်က. .

“ဘယ်နှပါးလဲဗျာ. . ”

ဟု မေးလိုက်လေ၏။

“ဒီလို ငါ့လူရေ့ မင်းပြောတဲ့ အရသာခြောက်ပါးက အချိုရယ်၊ အချဉ်ရယ်၊ အစပ်ရယ်၊ အငံရယ်၊ အခါးရယ်၊ အဖန်ရယ်၊ အဲဒါကိုပြောတာမို့လား၊ အဲဒီတော့ မင်းကို ငါ တစ်ခုမေးမယ်၊ လက်ဖက်ရည်အချိုကို အေးစက်နေတုန်းသောက်တာနဲ့ ပူပူနွေးနွေးသောက်တာနဲ့ အရသာချင်းတူသလား၊ ရိုးရိုးသားသားဝန်ခံကွာ၊ အဲဒီတော့ အပူ၊ အအေးကိုလည်း အရသာထဲ ထည့်ရမှာပဲကွ၊ ပြီးတော့ ထမင်းကတော့ ထမင်းပေါ့ကွာ၊ ထမင်းပျော့အရသာနဲ့ အမာအရသာနဲ့ အရသာမှာ ကွာလိမ့်မယ် ကိုယ့်လူရေ၊ အဲဒါကိုလည်း ဝန်ခံကွာ၊ အဲဒါဆိုရင်တော့ အမာ၊ အပျော့ ကလည်း အရသာနှစ်ပါးပေါ့ကွာ၊ အဲဒီတော့ စောစောက ပြောတဲ့ အရသာခြောက်ပါးရယ်၊ ငါ ထပ်ပြီးတိုးတဲ့

http://www.cherrythitsar.org



လေးပါးရယ် အရသာဆယ်ပါးဖြစ်နေပြီ၊ ပြီးတော့ မင်းသိထားရမှာက စောစောက အရသာဆယ်ပါး ထဲမှာ ဆိမ့်တယ်ဆိုတာ မပါဘူးကွာ၊ အဲဒါပါထည့် လိုက်ရင် အရသာ ဆယ့်တစ်ပါးဖြစ်သွားလိမ့်မယ်၊ အခု ငါပြောတဲ့စကားကို လက်ခံပြီဆိုရင်တော့ မင်းစကားကို ဆက်ပြောခွင့်ရှိတယ်၊ လက်မခံဘူး ဆိုရင်တော့ ငါနဲ့ဆက်ပြီးငြင်းမှာ”

ဟု ကိုပီတာကြီးက အကျပ်ကိုင်လေ၏။ ထို့ ကြောင့် ကျွန်ုပ်သည် ဆက်၍လည်းမပြော၊ ၎င်းနှင့်လည်း ငြင်းခုံခြင်းမပြုဘဲ ဆိတ်ဆိတ်နေလိုက်ရလေတော့၏။

ကျွန်ုပ်သည် ကိုပီတာကြီး၏စကားကို မကျေနပ် သောကြောင့် သုန်သုန်မှုန်မှုန်ကြီးဖြစ်နေ၏။ ကျွန်ုပ်၏ မျက်နှာကိုကြည့်၍လည်း ကိုပီတာကြီးက. .

“ကိုယ့်လူရဲ့မျက်နှာကလည်း သုန်သုန်မှုန်မှုန်ကြီး နဲ့ စိတ်ပျက်ဖို့ကောင်းလိုက်တာ၊ ရယ်ရယ်မောမော နေစမ်းပါ ကိုယ့်လူရဲ့”

ဟုဆိုကာ ၎င်းကစ၍ တဟားဟားရယ်လေ၏။ ကျွန်ုပ်၏ မျက်နှာကိုကြည့်၍လည်း ရယ်နေလေ၏။ ကျွန်ုပ် လည်း ၎င်း၏ ရယ်ရွှင်မြူးထူးပုံကိုမြင်သဖြင့် စိတ်ဆိုးပြေ

ကာ ပြုံးလာမိလေ၏။ ထိုမှတဆင့် ရယ်မိလေတော့၏။ ထိုအခါ ကိုပီတာကြီးက. .

"ကိုယ့်လူကို ပြောပြရဦးမယ်၊ တစ်ခါတုန်းက တရုတ်ပြည်မှာ ထူးခြားတဲ့ သူတော်စင်သုံးဦး ရှိခဲ့ဖူးတယ်၊ အဲဒီသုံးဦးဟာ အတူနေတယ်၊ အတူစားတယ်၊ အတူသွားတယ်၊ ဘယ်တော့ပဲကြည့်ကြည့် အကြောင်းတစ်ခုနဲ့မဟုတ် တစ်ခုနဲ့ ဟက်ဟက်ပက်ပက် ရယ်နေတတ်ကြတယ်၊ သူတို့တွေဟာ ဈေးရှိတဲ့နေရာတွေကို သွားတယ်၊ ပြီးတော့ ဈေးဝမှာ သုံးယောက်သား မျက်နှာချင်းဆိုင်ပြီး ဗိုက်သားကြွတက်လှုပ်ယမ်းလာတဲ့အထိ ရယ်ကြတော့တာပဲ၊ ဈေးကိုလာတဲ့လူတွေ ဟာ သူတို့ သုံးယောက်ကိုကြည့်ပြီး အူရွှင်လာတတ်ကြတယ်၊ ပြီးတော့ ရယ်ချင်စိတ်တွေ ဖြစ်ပေါ်လာပြီး ရယ်ကြတော့တာပဲ၊ ရယ်လိုက်တယ်ဆိုရင်ပဲ ရင်ထဲမှာ လေးလံနေတာတွေ ပေါ့သွားတော့တာပေါ့၊ ပိတ်ဆို့နေတာတွေလည်း ပွင့်သွားတော့တာပေါ့၊ လောကသစ်၊ အမြင်သစ်ကို ဝင်ရောက်ခွင့်ရသွားတော့တာပေါ့၊ ဟက်ဟက်ပက်ပက် ရယ်လိုက်တဲ့အခါမှာ

http://www.cherrythitsar.org



ညစ်နွမ်းနေတဲ့စိတ်ဟာ ပုံပြောင်းသွားတယ်၊ အဲဒီ အရယ်သန်တဲ့ သူတော်စင်သုံးဦးဟာ တရုတ်ပြည် တစ်ပြည်လုံးကို လှည့်လည်သွားလာခဲ့ပြီး လူတွေကို ရယ်မောစေခဲ့တယ်၊ ဒေါသထွက်နေတဲ့ လူတွေကို ဒေါသပြေငြိမ်းစေခဲ့တယ်၊ လောဘတက်နေတဲ့လူ တွေကို လောဘနည်းစေခဲ့တယ်၊ မနာလိုဝန်တိုမှု တွေနဲ့ ပြည့်လျှမ်းနေတဲ့လူတွေကို မုဒိတာပွားတတ် အောင် လုပ်ပေးခဲ့တယ်၊ ဘယ်လိုလုပ်ပေးသလဲဆို တော့ သူတို့နဲ့ရောနှောပြီး ရယ်ပစ်လိုက်တာပါပဲ၊ သူတို့ကို လူတိုင်းလိုလိုက သိကြပါတယ်၊ တစ်နေ့မှာ ရွာတစ်ရွာအရောက်မှာ သူတို့ထဲက တစ်ယောက် ဟာ သေပါလေရော၊ အဲဒီတော့ ရွာသူရွာသားတွေ က ကျန်တဲ့နှစ်ယောက်ဟာ ရယ်နိုင်ပါ့မလားလို့ စောင့်ကြည့်ခဲ့တယ်၊ ဒါပေမဲ့ ရယ်နေကြတာပါပဲ၊ အဲဒီတော့ ရွာသူရွာသားတွေက ‘တစ်ယောက်သေ တာတောင် ကျန်တဲ့နှစ်ယောက်က ရယ်နိုင်သေး တယ်’ လို့ပြောတယ်၊ ကျန်တဲ့နှစ်ယောက်က ဘာ ပြန်ပြောသလဲဆိုတော့ ‘တို့သုံးယောက်က ပြိုင်ပွဲ လုပ်ထားတာ၊ ပထမသေတဲ့လူက အနိုင်လို့လုပ်

http://www.cherrythitsar.org



ထားတာ၊ ခု သူနိုင်သွားပြီလေ၊ ဒါကြောင့် သူ့ကိုယ်စား ဝမ်းသာလို့ရယ်တာဟေ့. . ’ လို့ ပြန်ပြောပြီး ဟက်ဟက်ပက်ပက် ရယ်ကြပြန်လေ၏။ အဲဒီတော့ ရွာသူရွာသားတွေက ‘ကောင်းပါပြီလေ၊ သေတဲ့လူကို မီးသင်္ဂြိုဟ်မယ်၊ ထုံးစံအတိုင်း သေတဲ့လူကို မီးမသင်္ဂြိုဟ်ခင်မှာ ရေချိုးပြီး အဝတ်အစားလဲပေးရမယ်’ လို့ ပြောတယ်၊ အဲဒီတော့ ကျန်တဲ့နှစ်ယောက်က ‘မလုပ်ပါနဲ့၊ မသေခင်မှာ သူက မှာသွားတယ်၊ သူသေရင် ရေမချိုးပါနဲ့တဲ့၊ အဝတ်အစားလည်း မလဲပါနဲ့တဲ့၊ မီးသာရှို့လိုက်ပါတဲ့’ အဲဒီတော့ ရွာသူရွာသားတွေက ပြောတဲ့အတိုင်း လုပ်ကြရတာပေါ့၊ သေတဲ့လူရဲ့အလောင်းကြီးကို ထင်းပုံပေါ်တင်ပြီး အောက်ကလည်း မီးရှို့လိုက်ရော သေတဲ့လူရဲ့အကျီအတွင်းမှ ဝှက်ပြီးထည့်ထားတဲ့ မီးရှူးမီးပန်းတွေဟာ ထပြီးပေါက်တော့တာပဲ၊ အဲဒီလို မီးရှူးမီးပန်းတွေ ထပေါက်တဲ့အခါမှာ ကျန်တဲ့နှစ်ယောက်က ဟက်ဟက်ပက်ပက်ရယ်ပြီး ကကြတော့တာပဲ၊ အဲဒီမှာ ရွာသားတွေလည်း မနေနိုင်ဘူး၊ ရယ်ကြ၊ မောကြ၊ ကခုန်ကြ လုပ်ကုန်တော့

http://www.cherrythitsar.org



တာပါပဲ၊ အဲဒီတော့ မသာဟာ မသာနဲ့မတူတော့ဘူး၊ ပျော်ပွဲရွှင်ပွဲလိုဖြစ်သွားတယ်၊ နှစ်သစ်ကူးပွဲတော်ကြီးလိုဖြစ်သွားတယ်၊ သေသွားတဲ့လူဟာလည်း သေသွားတာနဲ့ မတူတော့ဘူး၊ ဘဝသစ်တစ်ခုမှာ ပြန်လည်ရှင်သန်လာသလိုဖြစ်သွား တယ်၊ အဲဒါ လုပ်ကြံပြီးပြောတာ မဟုတ်ဘူးနော်၊ နှစ်ပေါင်းများစွာတုန်းက တရုတ်ပြည်မှာ တကယ်ရှိခဲ့၊ ဖြစ်ခဲ့တာ၊ အဲဒီတော့ မောင်အောင်ထွန်းကို ကျုပ်က မှာချင်တာကတော့ စိတ်ညစ်နေသလား၊ ဗိုက်သားတွေလှုပ်အောင် အားရပါးရရယ်ပစ်လိုက်ပါ၊ ထွက်ပေါက်ပိတ်ပြီး အကြံရခက်နေသလား၊ မျက်ရည်ထွက်အောင် တအားရယ်ပစ်လိုက်ပါ၊ ဘယ်လိုအခက်အခဲတွေ တွေ့နေ တွေ့နေ အဲဒီအခက်အခဲတွေကို ပုံပြောင်းသွားဖို့နည်းဟာ တအားရယ်ပစ်တဲ့နည်းပဲရှိတယ်၊ အဲဒီလို ရယ်ဖြစ်ဖို့လည်း ဘာပစ္စည်းမှ မလိုဘူး၊ ဘယ်သူ့အကူအညီမှလည်း မလိုဘူး၊ ရယ်ချင်တဲ့အချိန်မှာ အားရပါးရရယ်နိုင်တဲ့ အခွင့်အရေး လူတိုင်းမှာရှိတယ်၊ ကဲ. . မောင်အောင်ထွန်း၊ ငါသွားမယ်၊ ရယ်လိုက်စမ်းပါ၊

http://www.cherrythitsar.org



ဟား. . ဟား. . ဟား. . ဟား. . ဟား. . ”

ဟု ရယ်မောပြောဆိုကာ ဦးပီတာကြီးသည် ကျွန်ုပ်၏ကျောကုန်းကို လက်သီးဖြင့် ဘုန်းကနဲ ထု၍ ထွက်သွားလေတော့သတည်း။

****

http://www.cherrythitsar.org

စိတ်ညစ်နေသလား

ဗိုက်သားတွေလှုပ်အောင်

အားရပါးရရယ်ပစ်လိုက်ပါ

ထွက်ပေါက်ပိတ်ပြီးအပြုံးရခက်နေသလား

မျက်ရည်ထွက်အောင်

တအားရယ်ပစ်လိုက်ပါ

ဘယ်လိုအခက်အခဲတွေတွေ့နေတွေ့နေ

အဲဒီအခက်အခဲတွေကို

ပုံပြောင်းသွားဖို့နည်းဟာ

တအားရယ်ပစ်တဲ့နည်းပဲရှိတယ်။

အဲဒီလိုရယ်ပြစ်ဖို့လည်းဘာပစ္စည်းမှမလိုဘူး။

ဘယ်သူ့အကူအညီမှလည်းမလိုဘူး။

ရယ်ချင်တဲ့အချိန်မှာအားရပါးရရယ်နိုင်တဲ့

အခွင့်အရေးလူတိုင်းမှာရှိတယ်။

http://www.cherrythitsar.org

# သီးစုံကုလားပဲဟင်းနှင့် ငရုတ်သီးဆားထောင်း

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ ကျွန်ုပ်၏မိတ်ဆွေကြီး ကိုပီတာဆိုသူ ရောက်ရှိလာလေ၏။ ၎င်းကိုပီတာကြီးသည် စိတ်ကောင်းကောင်းမန္တရှာပေ။ သို့သော် ခင်မင်ဖွယ်ရာ ကောင်း၏။ ကျွန်ုပ်ကို တွေ့လျှင်တွေ့ချင်း ၎င်းက ၎င်း၏ ထုံးစံအတိုင်း. .

"ဟော့. . ဖိုးအောင်ထွန်း၊ ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ် နိုက်"

ဟုနှုတ်ဆက်လေ၏။ ကျွန်ုပ်က ၎င်းအား. .

"ကိုပီတာကြီးတစ်ယောက် မလာတာ အတော်ကြာ ပြီနော်"

http://www.cherrythitsar.org



ဟု ပြောလိုက်ရာ ၎င်းက. .

"ဟုတ်ပါတယ်ကွာ၊ မင်းကို ငါသတိရနေလို့ မလာဖြစ်တာကွ"

ဟု ကိုပီတာကြီးက ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"မဟုတ်သေးပါဘူး ကိုပီတာကြီးရယ်၊ သတိရရင် လာရမှာပေါ့"

ဟု ပြောလိုက်လျှင် ကိုပီတာကြီးက. .

"သတိရနေတယ်ဆိုတော့ မင်းဟာ ငါရဲ့အာရုံထဲမှာ ရှိနေပြီလေကွာ၊ လာဖို့မလိုတော့ပါဘူး၊ ကောင်းကောင်းသတိမရတဲ့အခါကျတော့ အာရုံထဲမှာ မင်းက မရှိတော့ဘူးလေကွာ၊ ယုံပါကွာ"

ဟု ကျွန်ုပ်ကို ပြောလေ၏။

"ကဲပါ. . ကိုပီတာကြီးရယ်၊ ဒီနေ့မနက် ဘာဟင်းနဲ့စားမလဲ. . . "

ဟု ကျွန်ုပ်ကမေးလိုက်ရာ ၎င်းက. .

"မင်းချက်တဲ့ဟင်းတွေက အတော့်ကို မြိန်ဖို့ကောင်းပါတယ်ကွာ. . နိုးဂွတ်ဒ်"

ဟု ပြောလေ၏။

http://www.cherrythitsar.org



"ဟင်းတွေက မြိန်ရင် ဂွတ်ဒ်လို့ ပြောရမှာမို့လား၊ ဘာဖြစ်လို့ နိုးဂွတ်ဒ်လို့ပြောတာလဲဗျာ"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်လေ၏။ ထိုအခါ ကိုပီတာကြီးက. .

"မင်းဟင်းတွေက ကောင်းတော့ ငါက အရမ်းစားတယ်လေကွာ၊ အဲဒီတော့ အစာမကျေဘူးပေါ့၊ အဲဒါကြောင့် ငါ့အတွက် နိုးဂွတ်ဒ်ဖြစ်သွားတာ၊ မင်းရဲ့ဟင်းကို နိုးဂွတ်ဒ်လို့ပြောတာမဟုတ်ဘူး၊ နားရှင်းအောင် နားထောင်စမ်းပါကွာ၊ လူတော်တော်များများဟာ အတော်ခက်တယ်ကွ၊ နားရှင်းအောင် နားမထောင်တတ်ဘူး"

ဟု ပြောလေ၏။

"ဟုတ်ပါ့မလား ကိုပီတာကြီးရယ်. . "

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကိုပီတာကြီးက. .

"မနက်စောစောမှာ မိန်းမတစ်ယောက်ဟာ တောင်းကလေးကိုရွက်ပြီး ပဲပြုတ်လို့ အော်တယ်ကွ၊ အဲဒီတော့ ခေါ်တဲ့လူကလည်း ခေါ်ပြီးတော့ ဝယ်တယ်ဗျာ၊ တကယ်စဉ်းစားကြည့်ရင် သူအော်တာ ပဲပြုတ်ပဲရှိသေးတယ်၊ ရောင်းမယ်လို့ မပါဘူးလေကွာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ ရယ်ရသေးတော့၏။

"ကတ်သီးကတ်သတ်တွေ၊ မဟုတ်တာတွေ မပြောစမ်းပါနဲ့ ကိုပီတာကြီးရယ်၊ ဘာဟင်းနဲ့စားမလဲ ပြောစမ်းပါ"

ဟု မေးလိုက်လျှင် ကိုပီတာကြီးက. .

"ကုလားပဲဟင်းကောင်းကောင်း ချက်စမ်းပါ ငါ့လူရာ၊ ပြီးတော့ ငရုတ်သီးဆားထောင်း၊ တို့စရာကတော့ မုန်လာချဉ်ဖတ်လောက်ဆိုရင် တော်ပြီကွ၊ အဆီအအိမ့်တွေ သိပ်ပြီး မလုပ်စမ်းပါနဲ့"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း. .

"ကောင်းပါပြီဗျာ"

ဟုဆိုကာ ၎င်းအားကျွေးရန်အတွက် ကုလားပဲဟင်းတစ်ခွက်ကို စပါးလင်ထည့်၍ မုန့်ဟင်းခါးဟင်းရည်အနံ့ရအောင် ချက်လေ၏။ ထို့နောက် ငရုတ်သီးဆားထောင်း၊ မုန်လာချဉ်ဖတ်တို့နှင့် တည်ခင်းကျွေးမွေးလေ ၏။ ကျွန်ုပ်သည် ကိုပီတာကြီးအား ထမင်းကျွေးနေသည့်ကြားကပင် ယတြာသမားသုံးယောက်ကို ကိုယ်တိုင်ထ၍ လုပ်ပေးရ၏။ စာအုပ်ကိစ္စအတွက်လာသော မိတ်ဆွေနှစ်ယောက်ကို စကားပြောရ၏။ ကျွန်ုပ်၏ဝတ္ထုကို ရုပ်ရှင်ရိုက်

http://www.cherrythitsar.org



ရန်အတွက် လာရောက်ဝယ်ယူသော ရုပ်ရှင်သမားသုံး ယောက်ကို စကားပြောရ၏။ ထိုအချိန်၌ ပိုက်ဆံချေးရန် ရောက်လာသော မိတ်ဆွေတစ်ဦးအား မချေးနိုင်ကြောင်း၊ ကျွန်ုပ်၌လည်းမရှိကြောင်း စီကာပတ်ကုံးရှင်းပြရလေ၏။ ထို့နောက် ခြံတွင်းရှိ အဓိဋ္ဌာန်ကြွေပေဒင်မေးရသော ဂူကလေးအား သန့်ရှင်းရေးလုပ်ရ၏။ လော်ပန်ခေါ် အမွှေးနံ့များ မီးရှို့၍ ထည့်ရ၏။ ကျွန်ုပ်ကိုကြည့်၍ ကိုပီတာကြီးက. .

"မောင်ရင့်ဟာကလည်း မနားရပါလား၊ မောင်ရင့် ကိုကြည့်ရတာ အရက်မူးသမား သိုင်းကွက်နင်းနေ သလိုပဲ၊ မျက်စိနောက်ဖို့ အတော်ကောင်းတယ်"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ကိုပီတာကြီးရယ် ဒီအလုပ်တွေ ကျွန်တော်မလုပ် ဘယ်သူလုပ်မတုံးဗျာ"

ဟု ပြောလိုက်ရာ ၎င်းကပြုံး၍. .

"ကိုရင် မမွေးခင်၊ ကိုရင် လူ့လောကကို မရောက် ခင်က ဘယ်သူတွေလုပ်သလဲ၊ စဉ်းစားကြည့်လေ"

ဟု ကျွန်ုပ်အား ပြန်၍မေးလေ၏။ ထိုအချိန်၌မှာ ပင် စာမေးပွဲဖြေသည့်ကလေးများ ယတြာချေရန် အုပ်စု

http://www.cherrythitsar.org



လိုက်ရောက်လာသောကြောင့် ကျွန်ုပ်သည် ၎င်းတို့ထံသို့ ပြေး၍ အားပေးစကားပြောခြင်း၊ ယတြာလည်းချေ၊ စာကျက်ရန်လည်းလိုကြောင်း လေးလေးနက်နက် ပြောပြနေရလေ၏။ ထိုသို့ပြောပြရာ ကလေးများအနက်မှ တစ်ယောက်သောကလေးက. .

"အဘရယ် ကျွန်တော်တို့က စာကျက်ပြီးပါပြီ၊ အောင်ဖို့လည်း သေချာပါတယ်၊ လိုရမယ်ရဆိုပြီး အဘဆီလာပြီး ယတြာချေတာပါ"

ဟု ပြန်၍ပြောလေ၏။ ထိုအချိန်၌ ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုပီတာကြီးသည် ထမင်းစားပြီး၍ လက်ဆေးကာ လက်သုတ်နေပြီဖြစ်၏။ ထို့နောက် တိုင်တွင်ချိတ်ထားသော ဖီးကြမ်းငှက်ပျောသီးကို ယူ၍စားလေ၏။ ပြီးလျှင် ကျွန်ုပ်ဆီသို့လျှောက်လာကာ ကျွန်ုပ်အား. .

"နည်းနည်းလေး နားထောင်စမ်းပါ၊ ပြောစရာရှိလို့"

ဟုဆိုသဖြင့် ကျွန်ုပ်က. .

"ပြောပါ ကိုပီတာကြီးရယ်၊ နားထောင်ပါတယ်"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ၎င်းက. .

"တစ်ခါက အလက်ဇင်းဒါးသဂရိတ်လို့ခေါ်တဲ့

http://www.cherrythitsar.org



စစ်သူရဲကောင်းကြီးတစ်ဦးရှိခဲ့ဖူးတယ်၊ တစ်နေ့မှာ သူဟာ မြစ်ဆိပ်တစ်ခုကို လမ်းလျှောက်ရင်း မြစ်ကမ်းနဖူး သဲပြင်ပေါ်မှာ အဝတ်အစားဗလာကျင်း တုံးလုံးလှဲအိပ်နေပြီး နေဆာလှုံနေတဲ့ ဒိုင်အိုဂျင်ဆိုတဲ့ သူတောင်းစားတစ်ဦးကို မြင်တွေ့ရတယ်၊ အဲဒီစစ်သူရဲကောင်းကြီးကလည်း အဲဒီသူတောင်းစား ဒိုင်အိုဂျင်ကို သိပါတယ်၊ အဲဒီဒိုင်အိုဂျင်ဟာ ကိုယ်လုံးကိုယ်ပေါက် အလွန်လှတယ်၊ မျက်နှာကလည်း ဥပမိရုပ်ကောင်းတယ်၊ အဲဒီတော့ အလက်ဇင်းဒါးသဂရိတ်က 'အို. . . ဆရာသမား၊ ကျုပ်ဘာများ ခင်ဗျားအတွက် လုပ်ပေးရမလဲ' လို့ ရိုသဲ့သဲ့စကားမျိုးနဲ့ မေးလိုက်တယ်၊ အဲဒီအခါမှာ ဒိုင်အိုင်ဂျင်က 'အလက်ဇင်းဒါးသဂရိတ်ဆိုတဲ့လူကို ပြောချင်တာကတော့ ဘာမှလုပ်မပေးပါနဲ့၊ ဒီနားက နည်းနည်းဖယ်ပေးစမ်းပါ၊ နေဆာလှုံနေတာ အရိပ်ကွယ်လို့ပါ၊ ဒီ့အပြင် ဘာမှလုပ်ပေးစရာ မလိုပါဘူး' လို့ ပြန်ပြောလိုက်တယ်၊ အဲဒီတော့ အလက်ဇင်းဒါးသဂရိတ်က နေရိပ်မကွယ်အောင် နေရာဖယ်ပေးလိုက်တယ်၊ အဲဒီအခါမှာ ဒိုင်အိုဂျင်

http://www.cherrythitsar.org



က 'တလောတုန်းက တပ်တွေပြင်နေတာကို ကျုပ် တွေ့ရတယ်၊ အဲဒါ ဘာလုပ်မလို့လဲ'လို့ မေးလိုက် တယ်၊ အဲဒီတော့ အလက်ဇင်းဒါးသဂရိတ်က 'တခြားမဟုတ်ပါဘူး ဒိုင်အိုဂျင်ရယ်၊ အိန္ဒိယကို တိုက်မလို့၊ အိန္ဒိယကိုတိုက်လို့ နိုင်ပြီဆိုရင် ကမ္ဘာ တစ်ခုလုံးကိုနိုင်တာနဲ့ အတူတူပဲ' လို့ ပြန်ပြီးပြော လိုက်တယ်၊ အဲဒီအခါမှာ ဒိုင်အိုဂျင်က 'အိန္ဒိယကို နိုင်ပြီပဲထားပါတော့၊ ဘာလုပ်ဦးမလဲ' လို့ အလက် ဇင်းဒါးသဂရိတ်ကို မေးလိုက်တယ်၊ အဲဒီအခါမှာ အလက်ဇင်းဒါးသဂရိတ်က 'အိန္ဒိယကို အောင်နိုင် ပြီးရင်တော့ ကျုပ် အနားယူမှာပေါ့' လို့ ပြန်ပြီးဖြေ လိုက်တယ်၊ အဲဒီအခါမှာ ဒိုင်အိုဂျင်က ဟက်ဟက် ပက်ပက် ရယ်လိုက်တယ်၊ 'ခင်ဗျားက အရူးပဲ၊ အနားယူဖို့ကိစ္စမှာ အိန္ဒိယကို အောင်နိုင်ဖို့ဆိုတဲ့ အကြောင်းမပါဘူး၊ ဘယ်သူမဆို အနားယူခွင့်ရှိ တယ်၊ အိန္ဒိယကိုအောင်နိုင်မှ အနားယူရမယ်လို့ ခင်ဗျားကို ဘယ်လိုဆရာသမားမျိုးက သင်ပေးလို့ လဲဗျာ၊ ဒီမှာကြည့်စမ်း၊ ခု . . ကျုပ် အနားယူနေပြီ၊ အိန္ဒိယကိုလည်း မအောင်နိုင်ပါဘူးဗျာ၊ လွတ်လွတ်

http://www.cherrythitsar.org



လပ်လပ် အနားယူခွင့် ကျုပ်မှာရှိနေပြီ၊ ခင်ဗျား နားရမယ့်အချိန်ဟာ ဒီအချိန်ပဲ၊ အိန္ဒိယကို အောင်နိုင်ပြီးမှ နားရမယ်ဆိုရင်တော့ ခင်ဗျား နားရမှာ မဟုတ်ဘူး၊ အိန္ဒိယကိုအောင်နိုင်ပြီးလည်း တခြား အောင်နိုင်စရာတွေကို ခင်ဗျား လုပ်ရဦးမယ်၊ ဘယ်တော့မှ နားရမယ့်လူစားမျိုးမဟုတ်ဘူး၊ သေရင်လည်း အိမ်မှာသေရမယ့် လူစားမျိုးမဟုတ် ဘူး၊ အဲဒီလိုပဲ စစ်ချီရင်း လမ်းမှာသေရမှာပဲ’ လို့ ပယ်ပယ်နယ်နယ်ကြီး ပြောချလိုက်တယ်၊ ‘ခင်ဗျား လုပ်ရတဲ့အလုပ်တွေ မပြီးခင်မှာဘဲ ခင်ဗျား သေမှာ၊ ကျုပ်ပြောတာ မယုံ စောင့်ကြည့်’ လို့ ဒိုင်အိုဂျင်က ဆက်ပြီးပြောလိုက်တယ်၊ အဲဒီတော့ အလက်ဇင်းဒါးသဂရိတ်က ‘ဒိုင်အိုဂျင်းပြောတာ ကျုပ်မှတ်ထားပါ့မယ်၊ ဒီလိုပြောပြတဲ့အတွက် ကျေးဇူးလည်း တင်ပါတယ်၊ ဒါပေမဲ့ ခုတော့ အိန္ဒိယကို အောင်နိုင်ဖို့ သွားရဦးမယ်ဗျို့’လို့ ပြောပြီးထွက်သွားတယ်၊ အမှန်တကယ်ပဲ အလက်ဇင်းဒါးသဂရိတ်က လမ်းမှာပဲ ဆုံးသွားတယ်၊ အိမ်ကို ပြန်မရောက်တော့ဘူး၊ အလက်ဇင်းဒါးသဂရိတ်

http://www.cherrythitsar.org



သေဆုံးတဲ့နေ့မှာပဲ ဒိုင်အိုဂျင်လည်း သေဆုံးသွားပါတယ်၊ သူတို့နှစ်ဦးဟာ သေလွန်ပြီးတဲ့နောက်ပိုင်း တမလွန်ဘဝမှာ ပြန်ပြီးတွေ့ကြတယ်၊ အဲဒီအခါ မှာ အလက်ဇင်းဒါးသဂရိတ်က ရှက်ကိုးရှက်ကန်း နဲ့ 'ဟော. . စစ်သူရဲကောင်းနဲ့ သူတောင်းစား တစ်ဦး ပြန်ပြီးဆုံကြပြန်ပြီ၊ ဒီလိုမဟုတ်ရင်လည်း ဧကရာဇ်ဘုရင်တစ်ဦးနဲ့ သူတောင်းစားတစ်ဦး ပြန်ပြီးဆုံကြပြန်ပြီ' လို့ ပြောလိုက်တယ်၊ အဲဒီအခါ မှာ ဒိုင်အိုဂျင်က 'ပြန်ပြီးဆုံတာတော့ မှန်တယ်ဗျို့၊ ဒါပေမဲ့ ခင်ဗျားရဲ့တွေးထင်ချက်တွေဟာ လွဲနေတယ်၊ ခင်ဗျားနဲ့ ကျုပ်နဲ့နှစ်ယောက်ဟာ ဘယ်သူဟာ သူတောင်းစား၊ ဘယ်သူဟာ ဧကရာဇ် ဖြစ်တယ်ဆိုတာ ခင်ဗျား သဲသဲကွဲကွဲသဘောပေါက်ပုံမရဘူး၊ ကျုပ်ဟာ လွတ်လပ်တယ်၊ ပြီးတော့ ကျုပ်ဘဝကို ကျုပ်ကျေနပ်တယ်၊ အပြည့်အဝ အသက်ရှင်တယ်၊ ခင်ဗျားဟာ ဒီလိုမဟုတ်ဘူး၊ အောင်နိုင်မှုတွေအတွက်ကြိုးစားရင်း ခင်ဗျားဘဝကို ခင်ဗျားမကျေနပ်ဘူး၊ အဲဒီတော့ ခင်ဗျားဟာ အစဉ်သဖြင့် လိုအပ်မှုတွေနဲ့ ပြည့်လျှမ်းနေတယ်၊ ကျုပ်ဟာ

http://www.cherrythitsar.org



ဘာမှမလိုအပ်ဘူး၊ ဒါကြောင့် ကျုပ်ဟာ သူတောင်းစားမဖြစ်နိုင်ဘူး၊ ဖြစ်ချင်းဖြစ်ရင် ဟဲ့. . ဟဲ့. . မပြောတော့ပါဘူးလေ’ လို့ ပြန်ပြီးပြောလိုက်တယ်. . .”

ဟုဆိုကာ ကိုပီတာသည် သူ၏ပုံပြင်ကို ရပ်လိုက်၏။ ထို့နောက် ကျွန်ုပ်၏မျက်နှာကို စိမ့်စိမ့်ကြည့်ကာ. .

“ကိုယ်ပြောချင်တဲ့ အလက်ဇင်းဒါးသဂရိတ်နဲ့ သူတောင်းစားတစ်ယောက်အကြောင်း ပုံပြင်က ဒီမှာပြီးသွားပါပြီ၊ ဖိုးအောင်ထွန်း စဉ်းစားကြည့်လေ၊ ဖိုးအောင်ထွန်းက ကိုယ့်ကို စိတ်မနှံ့တဲ့လူ၊ အရူးတစ်ယောက်လို့ ထင်နေတယ်၊ ဒါပေမဲ့ ပီတာဆိုတဲ့လူကြီးဟာ စားတယ်၊ သောက်တယ်၊ အေးအေးဆေးဆေး အနားယူတယ်၊ ကိုယ့်ဘဝကို ကိုယ်ပိုင်တယ်၊ အနားယူခွင့်တွေလည်း ကိုယ့်မှာရှိတယ်၊ ဖိုးအောင်ထွန်းကတော့ ဒီလိုမဟုတ်ဘူး၊ ကိုယ့်လို အနားယူခွင့်တွေလည်း မရှိဘူး၊ အလုပ်တွေပြီးမှ နားရမယ်လို့ ထင်နေတယ်၊ ဝတ္ထုတွေရေးပြီးမှ နားရမယ်လို့ ဘယ်လိုဆရာသမားမျိုးက သင်ကြားထားပါသလဲ၊ ယတြာကိစ္စတွေပြီးမှ နားရမယ်လို့

http://www.cherrythitsar.org



ဘယ်သူကများ ပြောထားလို့တုံး၊ ရှုးလှခွေလား ငါ့လူရာ. . ”

ဟုဆိုကာ ကျွန်ုပ်၏ကျောကုန်းကို ဘုန်းကနဲပုတ်၍ ပျော်ရွှင်မြူးထူးစွာ ထွက်သွားလေတော့သတည်း။

****

http://www.cherrythitsar.org



# ငါးခြောက်ရိုးကုလားဟင်းနှင့် ငံပြာရည်ကြော်

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန်၊ မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံသို့ ကျွန်ုပ်ထက် အသက်များစွာကြီးသော အဘိုးကြီးတစ်ယောက် ရောက်ရှိလာလေ၏။ ထိုအဘိုးကြီးသည် ကျွန်ုပ်ကဲ့သို့ပင် ဆံပင်ရှည်ထားသူ ဖြစ်၏။ သူ၏ဆံပင်သည် ကျွန်ုပ်ကဲ့သို့ပင် ပခုံးကိုကျော်နေပြီဖြစ်၏။ သူ၏ နှုတ်ခမ်းမွေးမှာလည်း ကျွန်ုပ်ကဲ့သို့ပင် အရှည်ဖြစ်၏။ မုတ်ဆိတ်မှာလည်း ရင်ညွန့်သို့ရောက်နေပြီဖြစ်၏။ သူသည် ကျွန်ုပ်ကဲ့သို့ပင် နီညိုရောင်အင်္ကျီဖားဖားကြီးကို ဝတ်ထား၏။ အောက်

http://www.cherrythitsar.org



ပိုင်းတွင်လည်း နီညိုရောင်ဘောင်းဘီပွပွကြီးကိုဝတ်၍ ကြိုးသိုင်းဖိနပ်ကြီးကို စီးထား၏။ အိတ်ဆောင်နာရီဝိုင်း တစ်ခုကို ကြိုးတပ်ကာ လည်ပင်း၌ဆွဲထား၏။ ထိုလူကြီးကို ကြည့်ရသည်မှာ လွန်စွာခန့်ညားနေ၏။ သို့ရာတွင် သူ၏ ဆံပင်၊ မုတ်ဆိတ်တို့မှာ ကျွန်ုပ်ကဲ့သို့ အနက်ရောင်မဟုတ်၊ ဗျိုင်း၏အတောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူနေ၏။ သူ၏ဆံပင်၊ သူ၏မုတ်ဆိတ်၊ သူ၏နှုတ်ခမ်းမွေး၊ သူ၏နီညိုရောင်ဝတ်စုံ တို့သည် သူနှင့် လွန်စွာလိုက်ဖက်၏။ ကြည့်၍လည်း ကောင်း၏။ ခန့်လည်း ခန့်ညား၏။ သူသည် တဖြည်းဖြည်း ချင်း ကျွန်ုပ်အနီးသို့ ရောက်လာ၏။ ထိုသို့ အနီးရောက် လာသောအခါ၌ မည်သူမည်ဝါဖြစ်သည်ကို သဲသဲကွဲကွဲ မြင်ရလျှင် ကျွန်ုပ်သည် လန့်၍သွား၏။ ထို့နောက်မှ ဣန္ဒြေ ဆည်ကာ. .

"အလို. . ကိုပီတာကြီးပါလား၊ မလာတာကြာပြီ နော်"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုပီတာကြီးက. .

"သုံးလနဲ့ ဆယ်ရက်တိတိရှိပြီ၊ ဆံပင်တွေ၊ မုတ်ဆိတ် တွေ အခုလောက်ရှည်အောင် စောင့်နေရသေး တယ်၊ ကိုယ့်ရဲ့ဆံပင်ဟာ ကိုယ်ရင့်ဆံပင်လောက်

http://www.cherrythitsar.org



ရှိမှ၊ ကိုယ့်ရဲ့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေလည်း ကိုယ်ရင့်နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေလောက် ရှည်မှ ကိုယ်ရင်ဝတ်နေကျ နီညိုရောင်အင်္ကျီ၊ ဘောင်းဘီချုပ်ပြီးမှ ကိုယ်ရင့်ခြံထဲကို လာခဲ့တာ”

ဟု ပြောလေ၏။

“ကဲပါဗျာ၊ ဒီနေ့မနက်စာကို ဘာဟင်းနဲ့စားမလဲ”

ဟု ကျွန်ုပ်ကမေးလိုက်ရာ ၎င်းက. .

“ငါးခြောက်ရိုးနဲ့ ကုလားဟင်း ကောင်းကောင်း ချက်စမ်းပါ၊ ပြီးတော့ ငံပြာရည်ကြော်၊ တို့စရာ ကတော့ ချဉ်ဖတ်ဆိုရင် ကောင်းတယ်၊ ထမင်းစား ပြီးရင်တော့ လက်ဖက်ရည်အချိုသောက်မယ်”

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ကုလားဟင်းနှင့် ငံပြာရည်ကြော်ကို ကောင်းစွာချက်ပြုတ်၍ ကိုပီတာကြီးအား ကျွေးရလေ၏။ ကိုပီတာကြီးသည် ကျွန်ုပ်နှင့်တစ်ရပ်ကွက်တည်းနေခဲ့ဖူးသော စိတ်မနှံ့သူ တစ်ယောက် ဖြစ်၏။ ထိုအချိန်၌ ကျွန်ုပ်လည်း ကျွန်ုပ်၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်နေရ၏။ ကိုပီတာကြီး သည် ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက်သောက်ရင်း ကျွန်ုပ်အလုပ်လုပ်သည်ကို ကြည့်နေ၏။ ထို့နောက် ကျွန်ုပ်

အား. .

“ဘဲရီးဂွတ်ဒ်၊ ဘဲရီးဘတ်ဒ်. . .”

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. .

“ဘာဖြစ်လို့လဲ”

ဟု မေးရာ. .

“ကိုယ့်ဆီလာတဲ့လူတွေကို အဲဒီလိုလုပ်ပေးတာကတော့ ဂွတ်ဒ်တာပေါ့၊ ကိုယ်ရင့်အတွက်ကတော့ ပင်ပန်းလိုက်တာ မပြောနဲ့တော့၊ အဲဒီအတွက်ကတော့ ဘတ်ဒ်တာပေါ့. .”

ဟု ပြောလေ၏။ ဟင်းလျာများကျက်သောအခါ၌ ကျွန်ုပ်သည် ကိုပီတာကြီးအား ထမင်းကျွေးရလေ၏။ ကိုပီတာကြီးသည် ကျွန်ုပ် တည်ခင်းကျွေးမွေးသော ထမင်းဟင်းများကို မြိန်ရှက်စွာ စားသောက်လေ၏။ ထိုသို့ စားသောက်နေစဉ်အတွင်း. .

“ကိုပီတာကြီး ခြံထဲကိုလာတုန်းက ဘယ်သူဘယ်ဝါမှန်း မသိဘူးဗျ၊ ကျုပ်နဲ့ရွယ်တူ အဘိုးကြီးတစ်ယောက်လို့ပဲ အောက်မေ့နေတာ၊ အနားရောက်တော့မှ ခင်ဗျားမှန်း သိတာ၊ အဲဒီတော့ ကျုပ်စိတ်မှာ လန့်သလိုလိုဖြစ်သွားတယ်၊ ကျုပ်တစ်ခါမှ

အဲဒီလို မဖြစ်ဖူးဘူး၊ ကျုပ်ဟာ သတ္တိကောင်းတဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျုပ်ရဲ့ဘဝမှာ ဘေးအန္တရာယ်အမျိုးမျိုး ဖြစ်ဖူးပါတယ်၊ အကျအန လန့်သွားတာရယ်လို့ မရှိပါဘူး၊ အခု ဘယ်လိုဖြစ်မှန်းမသိဘူး၊ ခင်ဗျားကို ဒီအဝတ်အစား၊ ဒီပုံစံနဲ့ တွေ့လိုက်တော့ စိတ်ထဲမှာ ရွံ့သလိုလို၊ လန့်သလိုလိုဖြစ်သွားတယ်၊ အဲဒါ ဘယ်လိုဖြစ်တာလဲ မသိဘူး”

ဟုကျွန်ုပ်ကပြောလိုက်လေ၏။ ထိုအခါ ကိုပီတာကြီးက. .

“ထမင်းစားလိုက်ဦးမယ်၊ ထမင်းစားပြီးမှပြော မယ်”

ဟု ပြောလေ၏။ သို့ရာတွင် ထမင်းစားပြီးသော အခါ၌လည်း မပြောပေ။ ထို့ကြောင့် ကျွန်ုပ်က ပြောခိုင်းရလေ၏။ ထိုအခါ ကိုပီတာကြီးက. .

“လက်ဖက်ရည်လေး ဘာလေး သောက်ပါရစေဦး”

ဟု ဆိုလေ၏။ လက်ဖက်ရည်သောက်ပြီးသော အခါ၌လည်း လုံးဝမပြောပေ။ ထို့ကြောင့် ကျွန်ုပ်က. .

“ပြောလေဗျာ၊ ကျုပ် ဘာကြောင့် ခင်ဗျားကို လန့်သွားရတာလဲ”

http://www.cherrythitsar.org



ဟု မေးလိုက်ရာ ကိုပီတာကြီးက . .

"ကိုယ်ရင့်အနားမှာ လူတွေရှိနေတယ်၊ လူရှင်းမှ ပြောမယ်"

ဟု ဆိုလေ၏။ ကျွန်ုပ်၏အနီးတွင် ဧည့်သည် များ တဖွဲဖွဲရောက်နေ၏။ ကိုပီတာကြီးနှင့် ကျွန်ုပ်သည် စကားပြောချိန်မရပေ။ အတော်အတန် နေစောင်းသွား သောအခါ၌ ကျွန်ုပ်၏အနီးတွင် ဧည့်သည်များရှင်းသွားပြီ ဖြစ်၏။ ထိုအခါ ကျွန်ုပ်က . .

"ကဲပါဗျာ၊ လူတွေလည်း မရှိတော့ပါဘူး၊ ပြောပါ တော့"

ဟုဆိုလိုက်ရာ ကိုပီတာကြီးသည် ကျွန်ုပ်အား ပခုံးကိုကိုင်၍ အခန်းအပြင်ဘက်သို့ခေါ်သွားပြီးလျှင် ကျွန်ုပ်အခန်းအပြင်ဘက်တွင် ပေါက်နေသော လွန်စွာမြင့် မားသည့် သစ်ပင်ကြီးတစ်ပင်နှင့် ၎င်းအနီးမှ သစ်ပင်ပု ကလေးတစ်ပင်ကို ညွှန်ပြလေ၏။

"ဒီအပင်နှစ်ပင်ကိုတော့ ကိုယ်ရင် ကောင်းကောင်း သိမှာပါ၊ ဒီအပင်ပုလေးဟာ ဒီအပင်မြင့်ကြီးကို ကြည့်ပြီးတော့ 'ခင်ဗျားနဲ့ဗျာ မြင့်လှချည့်လား' လို့ ပြောလည်းမပြောဖူးဘူး၊ လန့်လည်း မလန့်ဖူးဘူး"

http://www.cherrythitsar.org



ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. .

"အဲဒီတော့ ဘာဖြစ်သလဲ ပြောစမ်းပါဦး"

ဟု ပြန်၍မေးလိုက်လျှင် ကိုပီတာကြီးက. .

"ဘာဖြစ်သလဲ ပြောစရာမလိုပါဘူး ငါ့လူရာ၊ အဖြေကို ကိုယ်ရင် သိပြီးသားပါ၊ သစ်ပင်ပုကလေးက သစ်ပင်မြင့်ကြီးကို တစ်ခါမှ နှိုင်းယှဉ်မကြည့်ဖူးပါဘူး၊ အဲဒီလို နှိုင်းယှဉ်မကြည့်တဲ့အတွက် သူငယ်နေတဲ့အဖြစ်ကိုလည်း မသိဘူး၊ သစ်ပင်ကြီးကြီးနေတာကိုလည်း မသိဘူးလေ၊ အဲဒီတော့ ဘာပြဿနာမှ မပေါ်ဘူး၊ ကိုယ်ရင်ကတော့ ဒီလိုမဟုတ်ဘူး၊ ကိုယ့်ကို လှမ်းမြင်လိုက်တဲ့အခါ မှာ 'ငါနဲ့ရွယ်တူ အဘိုးကြီးတစ်ယောက်လာပြီ' လို့ အရွယ်လှမ်းပြီး နှိုင်းယှဉ်လိုက်တယ်၊ ပြီးတော့ ငါ့လို ဆံပင်အရှည်ကြီး၊ မုတ်ဆိတ်အရှည်ကြီးထားတဲ့ အဘိုးကြီးပါလားလို့ ထပ်ပြီးနှိုင်းယှဉ်လိုက်တယ်၊ အဲဒီနောက်မှာ ငါဝတ်တဲ့ နီညိုရောင်အကျႌ၊ ဘောင်းဘီဝတ်ထားပါလားလို့ ထပ်ပြီးနှိုင်းယှဉ်ပြန်ရော၊ အနားရောက်လာလို့ ကိုယ်မှန်းလည်းသိလိုက်ရော ကိုပီတာကြီးပါလား၊ ငါ့လို လိုက်လုပ်နေ

http://www.cherrythitsar.org



ပါလား၊ သူကတောင် ပိုပြီးသာသေးတယ်၊ ငါ့ဆံပင် က မဲတုန်း၊ သူ့ဆံပင်က ဖွေးဖွေးဖြူနေပါလားလို့ နှိုင်းယှဉ်လိုက်ပြီးတဲ့နောက်မှာ အလေးပေးမှုတွေ ထည့်ရတော့တာပေါ့၊ အဲဒီမှာ အင်ဖီးဒီးယားဝင် သွားတာ၊ အဲဒါကြောင့် လန့်သလိုလိုဖြစ်သွားတာ ကိုယ့်လူရေ၊ အမှန်ကတော့ ဒီလောကကြီးတစ်ခု လုံးမှာ ဘယ်ဟာက ဘယ်ဟာထက် ပိုပြီးကြီးကျယ် တယ်ဆိုတာ မရှိဘူး၊ ဘယ်ဟာက ဘယ်ဟာထက် ပိုပြီးသေးသွားတယ်ဆိုတာမရှိဘူး၊ မနှိုင်းယှဉ်သေး သရွေ့ အဲဒါတွေမရှိဘူး၊ နှိုင်းယှဉ်လိုက်မှ အဲဒါ တွေဖြစ်လာတာ၊ သစ်ပင်ကြီးလိုအပ်သလို သစ်ပင် ကလေးလည်း လိုအပ်တာပဲ၊ လောကမှာရှိတဲ့အရာ တွေအားလုံးဟာ လိုအပ်လို့ ရှိနေတာလို့ နားလည် လိုက်ပါ၊ စောစောက ကိုယ်ရင်လန့်သလို လန့်တယ် ဆိုတဲ့စိတ်တွေဘယ်ရှိတော့မတုန်း၊ နှိုင်းယှဉ်လိုက် ရင်တော့ သာတာတို့၊ နိမ့်တာတို့တွေ ပေါ်လာတော့ တာပေါ့၊ အဲဒါကြောင့် ဘယ်သူနဲ့မှ မနှိုင်းယှဉ်နဲ့၊ ကိုယ့်ဟာကို လွတ်လွတ်လပ်လပ် ရပ်တည်ပါ၊ လွတ်လွတ်လပ်လပ် အသက်ရှင်နေစမ်းပါ၊ ဟို

http://www.cherrythitsar.org



အရာနဲ့ကပ်ကြည့်လိုက်၊ ဒီအရာနဲ့ကပ်ကြည့်လိုက်၊
ယှဉ်ကြည့်လိုက် မလုပ်စမ်းပါနဲ့ ကိုယ့်လူရာ”

ဟုပြော၍ ကျွန်ုပ်၏ကျောကုန်းကို သူ၏လက်သီးကြီးဖြင့် ဘုန်းကနဲ ထု၍ မားမားနှင့်ခြံတွင်းမှ ထွက်သွားလေတော့သတည်း။

****

ဒီလောကကြီးတစ်ခုလုံးမှာ

ဘယ်ဟာကဘယ်ဟာထက်

ပိုပြီးကြီးကျယ်တယ်ဆိုတာမရှိဘူး၊

ဘယ်ဟာကဘယ်ဟာထက်

ပိုပြီးသေးသွားတယ်ဆိုတာမရှိဘူး၊

မနှိုင်းယှဉ်သေးသရွေ့ အဲဒါတွေမရှိဘူး၊

နှိုင်းယှဉ်လိုက်မှ အဲဒါတွေဖြစ်လာတာ၊

သစ်ပင်ကြီးလို့ထင်သလို

သစ်ပင်ကလေးလေးလည်းလို့ထင်တာပဲ၊

လောကမှာရှိတဲ့ အရာတွေအားလုံးဟာ

လို့ထင်လို့ ရှိနေတာလို့ နားလည်လိုက်ပါ၊

ဘယ်သူနဲ့မှ မနှိုင်းယှဉ်နဲ့၊

ကိုယ့်ဟာကိုယ်လွတ်လွတ်လပ်လပ်ရပ်တည်ပါ၊

လွတ်လွတ်လပ်လပ်အသက်ရှင်နေစမ်းပါ၊

ဟိုအရာနဲ့ တပ်ကြည့်လိုက်၊

ဒီအရာနဲ့ တပ်ကြည့်လိုက်၊

ယှဉ်ကြည့်လိုက်မလုပ်စမ်းပါနဲ့.

# ထောပတ်ထမင်းနှင့် ဆိတ်သားနှပ်

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မှော်ဘီမြို့အစွန်၊ မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံသို့ ကျွန်ုပ်နှင့်တစ်ရပ်ကွက်တည်းနေခဲ့ဖူးသော ကိုပီတာဆိုသည့် လူကြီး ရောက်ရှိလာလေ၏။ ထိုကိုပီတာကြီးသည် စိတ်ကောင်းစွာမန့်သူ လူကြီးတစ်ဦးဖြစ်သောကြောင့် အချို့က အရူးပီတာဟုပင် ရင့်ရင့်သီးသီးခေါ်ကြလေ၏။ ကျွန်ုပ်မှာမူ ကိုပီတာကြီးအား ထိုသို့မခေါ်ရက်ပါ။ ထို့ကြောင့် ကိုပီတာဟုပင် ကောင်းကောင်းမွန်မွန်ခေါ်လေ၏။ ကိုပီတာကြီးသည် ကျွန်ုပ်ကိုလှမ်း၍မြင်လိုက်သည်နှင့် တစ်ပြိုင်နက်. .

http://www.cherrythitsar.org



"ဟော့ . . ဖိုးအောင်ထွန်း၊ ဂွတ်ဒ်မောနင်း၊ ဂွတ်နိုက်ဒ် . . "

ဟု နှုတ်ဆက်လေ၏။ ကျွန်ုပ်ကလည်း . .

"ကဲပါ . . ကိုပီတာကြီးရယ်၊ ဈေးကိုလွှတ်ရဦးမှာ၊ ဒီနေ့မနက်စာကို ဘာဟင်းနဲ့စားမလဲ"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ၎င်းက . .

"ထောပတ်ထမင်းနဲ့ ဆိတ်သားနှပ် စားချင်တယ်ကွာ၊ ဟင်းချိုကတော့ ပဲစင်းငုံကို ချက်ကွာ၊ ပြီးတော့ ငါးပိရည်၊ တို့စရာ မထည့်နဲ့၊ သံပုရာသီးသနပ်နဲ့ ဘာလချောင်ကြော်၊ ထမင်းစားပြီးရင်တော့ မုန့်ကုလားမဲနဲ့ ရေနွေးကြမ်း၊ အဲဒါပြီးရင် နက်စ်ကော်ဖီတစ်ခွက် ခပ်ပြင်းပြင်းလေး၊ နောက်ဆုံးမှာတော့ လန်ဒန်စီးကရက်တစ်လိပ်၊ အဲသလောက်ဆိုရင်ပဲတော်ပါပြီ၊ ပီတာအဖို့ အိုကေမှာ စိုပြေနေပြီပေါ့ ငါ့လူရာ . . "

ဟုဆိုသဖြင့် ကျွန်ုပ်လည်း ထောပတ်ထမင်းချက်ရလေ၏။ ဆိတ်သားကို ဒိန်ချဉ်ဖြင့်နယ်၍ နှပ်ရ၏။ ဘာလချောင်ကြော်ပြုလုပ်ရ၏။ သံပုရာသီးသနပ်မှာမူ လုပ်ပြီးသား အဆင်သင့်ရှိ၏။ မုန့်ကုလားမဲမှာလည်း

http://www.cherrythitsar.org



လက်ဆောင်ရထားသည်ဖြစ်သဖြင့် ပူစရာမလိုပေ။ ကျွန်ုပ်သည် ကိုပီတာကြီးအား ဆယ့်တစ်နာရီလောက်တွင် အကျအန တည်ခင်းကျွေးမွေးလေ၏။ ၎င်းသည် မြိန်ရေရှက်ရေ စားသောက်ရင်း. .

"ဖိုးအောင်ထွန်းကတော့. . တယ်လည်း သဒ္ဒါတရား အားကောင်းတာကိုး၊ နတ်ပြည်တက်ရပြီ"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ကိုပီတာကြီး နတ်ပြည်က ဘယ်နေရာမှာလဲ"

ဟုမေးရာ ၎င်းက. .

"မှော်ဘီမှာ. ."

ဟု ပြန်၍ဖြေလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"မဟုတ်တာတွေပြောပြီ"

ဟု ပြန်၍ပြောလိုက်မိလေ၏။ ထိုအချိန်၌မှာပင် ကျွန်ုပ်ထံတွင် ဗေဒင်သင်ကြားဖူးသော မိန်းမကြီးတစ်ဦး ကျွန်ုပ်အနီးသို့ ရောက်လာလေ၏။ ထိုမိန်းမကြီးသည် လုပ်ပုံကိုင်ပုံ အချိုးမကျသဖြင့် ကျွန်ုပ်ထံသို့ လာရောက်တိုင်တန်းသူ အမြောက်အများရှိ၏။ ထို့ကြောင့် ထိုမိန်းမကြီးအား ကျွန်ုပ်က 'နင်ဘက်ကစ' ဆူပူကြိမ်းမောင်းရလေ၏။ ထိုအခါ ကိုပီတာကြီးက. .

“ဖိုးအောင်ထွန်းကတော့ ငရဲကျပြီ”

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

“ကိုပီတာကြီး ခင်ဗျားပြောတဲ့ငရဲ ဘယ်မှာလဲဗျ”

ဟု မေးရာ ကိုပီတာကြီးက. .

“မှော်ဘီမှာကွ. . ”

ဟု ပြန်၍ဖြေလေ၏။ ကျွန်ုပ်သည် ၎င်းအား ပြန်၍မပြောတော့ပေ။ ကိုပီတာကြီးသည် စားသောက်ပြီး သွား၍ လန်ဒန်စီးကရက်တစ်လိပ်ကို ရှိုက်ဖွာနေလေ၏။ ထို့နောက်. .

“မင်းကို ပြောရဦးမယ်ကွ၊ ဟိုးရှေးရှေးတုန်းက ဂျပန်လူမျိုး စစ်သူရဲကောင်း ဆာမူရိုင်းတစ်ယောက်ဟာ ဂျပန်ဘုန်းတော်ကြီးတစ်ပါးဆီကို ‘အရှင်ဘုရား. . . ငရဲပြည်၊ နတ်ပြည် ဆိုတာ တကယ်ရှိသလား၊ တကယ်ရှိတယ်ဆိုရင် ငရဲပြည်ကိုဝင်တဲ့ဂိတ်၊ နတ်ပြည်ကိုဝင်တဲ့ဂိတ်ပေါက်ဟာ ဘယ်နေရာမှာလဲ ဘုရား၊ တပည့်တော်ကို ညွှန်ပြပေးပါ၊ အဲဒီလို ညွှန်ပြပေးလို့ တပည့်တော်သိထားရင် ငရဲပြည်ဝင်တဲ့ဂိတ်ကို တပည့်တော် ရှောင် မယ်၊ နတ်ပြည်ဝင်တဲ့ဂိတ်ကို တပည့်တော်သွား မယ်’ လို့

http://www.cherrythitsar.org



လျှောက်ထားလိုက်တယ်၊ အဲဒီမှာ ဘုန်းတော်ကြီးက အဲဒီ ဆာမူရိုင်းကို 'နေစမ်းပါဦး၊ မင်းကဘာလဲ. .' လို့ ပြန်ပြီးမေးတယ်၊ အဲဒီတော့ ဆာမူရိုင်းက 'တပည့်တော်ဟာ စစ်သူရဲကောင်း ဆာမူရိုင်းတစ်ယောက်ပါ. .' လို့ ဖြေလိုက်တယ်၊ ဒါပေမဲ့ ဆရာတော်ကြီးက 'မင်းပြောလို့သာပဲ ဆာမူရိုင်းလို့ သိရတယ်၊ ငါ့ရဲ့မျက်စိထဲမှာတော့ မင်းဟာ သူတောင်းစား တစ်ယောက်လိုပါပဲ' လို့ ပြောလိုက်ရော ဆာမူရိုင်းဟာ သိပ်ပြီး စိတ်ဆိုးသွားတယ်၊ အမှန်က ဆာမူရိုင်းတွေဟာ သိပ်ပြီးရိုးသားကြပါတယ်၊ သူတို့ရဲ့ခေါင်းထဲမှာလည်း ဘယ်လိုရှုပ်ရှုပ်ထွေးထွေးအရာတွေမှ မရှိပါဘူး၊ အသက်ရှင်တာနဲ့ သေတာ နှစ်မျိုးလောက်ကိုပဲ အဓိကထားပြီး စဉ်းစားကြပါတယ်၊ 'ရှင်မလား၊ သေမလား'၊ သေရမယ်ဆိုရင်လည်း အခုချက်ချင်း သေဝံ့တဲ့ လူတွေပါ၊ အဲဒီတော့ ဆရာတော်ကြီးက သူ့ကို သူတောင်းစားနဲ့ တူတယ်လည်းပြောရော ဆာမူရိုင်းဟာ ခါးမှာလွယ်ထားတဲ့ ဓားကြီးကို ဆတ်ခနဲ ဆွဲထုတ်လိုက်တယ်၊ ဓားအိမ်ထဲက

http://www.cherrythitsar.org



တစ်ဝက်လောက်အထွက်မှာပဲ ဆရာတော်ကြီးက 'မင်းအတွက် ငရဲပြည်ရဲ့ဂိတ်တံခါးဟာ ပွင့်သွားပြီ၊ ဘာကြောင့်လဲဆိုတော့ မင်းဟာ ဘုန်းတော်ကြီး တစ်ပါးထံလာပြီး သတ်မယ်၊ ဖြတ်မယ်လို့ ကြံ တာကိုး၊ အဲဒီတော့ မင်းရဲ့ငရဲပြည်ဂိတ်တံခါးပွင့် သွားပြီပေါ့' လို့ ပြောလိုက်တယ်၊ အဲဒီအခါမှာ ဆာမူရိုင်းဟာ သတိပြန်ဝင်လာပြီး ဓားကို ဓားအိမ် ထဲ ဒေါက်ကနဲ ပြန်ထည့်လိုက်တယ်၊ ပြီးတော့ ဆရာတော်ကြီးကို လက်အုပ်ချီလိုက်တယ်၊ အဲဒီ တော့ ဆရာတော်ကြီးက 'ဟော. . ဆာမူရိုင်းရေ၊ မင်းရဲ့နတ်ပြည်တံခါးပွင့်ပြန်ပြီကွ၊ ဘာဖြစ်လို့လဲဆို တော့ လေးစားကြည်ညိုရမယ့်ပုဂ္ဂိုလ်ကို မင်းက လေးစားကြည်ညိုတယ် မဟုတ်လား၊ ငရဲတွေ၊ နတ် ပြည်တွေဆိုတာက အပြင်မှာမရှာပါနဲ့ ဆာမူရိုင်း ရယ်၊ မင်းရဲ့ခန္ဓာထဲမှာပါပဲ၊ မင်းရဲ့ခန္ဓာတွင်းမှာ ငရဲရော၊ နတ်ပြည်ပါ လုံလုံလောက်လောက် ထည့် ပြီးသားပါ၊ ဘယ်မှာရှာမလို့တုံး' လို့ ပြောလိုက်တဲ့ အခါမှာ ဆာမူရိုင်းကြီးဟာ သဘောပေါက်သွား တယ်၊ အဲဒီတော့ 'မင်းသိခ်'လို့ခေါ်တဲ့ မောင်အောင်

http://www.cherrythitsar.org



ထွန်းရေ. . အသက်လည်း မငယ်တော့ဘူး၊ ဂိမ်း ဘောရောက်နေပြီ မင်းရဲ့ငရဲလမ်းနဲ့နတ်ပြည်ဟာ ဝေးဝေးမှာမဟုတ်ဘူး၊ ဟောဒီ မှော်ဘီမှာပဲ၊ မှော်ဘီမှာတောင် ဟောဒီမရမ်းတလင်းတောမှာပဲ၊ ဟောဒီ မရမ်းတလင်းမှာဆိုတာထက် ဟောဒီ မင်း ရဲ့ခန္ဓာထဲမှာ. . ”

ဟုဆိုကာ ကျွန်ုပ်၏ရင်ဘတ်ကြီးကို သူ၏လက် ဝါးကြီးဖြင့် ဘုန်းကနဲပုတ်၍ တဟဲဟဲရယ်ကာ ကျွန်ုပ်အား နှုတ်ဆက်၍ ခန့်ငြားစွာလျှောက်လှမ်းထွက်သွားလေတော့ သတည်း။

****

http://www.cherrythitsar.org

အဲဒီတော

မင်းသိပ်လို့ခေါ်တဲ့

မောင်ကြောင် ယွန်းရေ

ဘာသက်လည်းမသိတော့ဘူး၊

ဝိဇ်ဘောရောက်နေပြီ

မင်းရဲ့ရဲလမ်းနဲ့နုတ်ပြည်ဘာ

ဝေးဝေးသွားမယုတ်ဘူး၊

တောနီ ဗျော်ဘီကွာပဲ၊

ဗျော်ဘီကွာတောင်

တောနီမရှိတော့လင်းတော့ကွာပဲ၊

တောနီမရှိတော့လင်ကြော့ဆိုတာထက်

တောနီမင်းရဲ့ခန္ဓာထဲမှာ

# ငါးသလောက် အချဉ်ဆီပြန်ဟင်းနှင့် ဘူးသီးဟင်းခါး

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မှော်ဘီမြို့အစွန်၊ မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံသို့ ကောင်းစွာစိတ်မန္တ္တသော ကျွန်ုပ်၏မိတ်ဆွေကြီး ကိုပီတာဆိုသူ သည် ရောက်ရှိလာလေ၏။ ကိုပီတာကြီးသည် ကျွန်ုပ်ကို တွေ့လျှင်တွေ့ချင်း. .

"ငါ့အတွက် ဖွယ်ဖွယ်ရာရာ မလုပ်ပါနဲ့ကွာ၊ ငါက အလုပ်အကိုင်ရှိတဲ့လူမဟုတ်ဘူး၊ သူများကျွေး သမျှ စားရတာဆိုတော့ ဖွယ်ဖွယ်ရာရာလည်း မစားတတ်ပါဘူးကွာ၊ အဲဒီတော့ ကဝက်ကင်း

http://www.cherrythitsar.org



ငါးသလောက်လတ်လတ်ကို အချဉ်ဆီပြန်ချက်မယ်ကွာ၊ ပြီးတော့ ဘူးသီးဟင်းခါးကို ငရုတ်ကောင်းပြင်းပြင်းခပ်မယ်ကွာ၊ ငါးဖယ်ကြော်ကိုသုပ်မယ်ကွာ၊ ပုစွန်ခြောက်နိုင်နိုင်နဲ့ ငံပြာရည်ချက် ချက်မယ်ကွာ၊ မုန်လာဥချဉ်ဖတ်တို့မယ်၊ ရွှေပဲသီးကို ကြက်သည်းကြက်မြစ်နဲ့ကြော်မယ်၊ အဲသလောက်ဆိုရင် မနက်စာအတွက် တော်ပါပြီကွာ၊ ထမင်းစားပြီးရင်လည်း အချိုပွဲကို အကျအနမလုပ်ပါနဲ့၊ လက်ဖက်ခြောက်ကောင်းကောင်း ခပ်ထားတဲ့ ရေနွေးကြမ်းရယ်၊ နနွင်းမကင်းကောင်းကောင်းလေး အစိပ်သားလောက်ရယ်၊ သီဟိုဠ်စေ့လှော်လေးရယ်ဆိုရင် တော်ပါပြီကွာ၊ ဆေးလိပ်ကလည်း ဖြစ်သလိုသောက်တတ်ပါတယ်ကွာ၊ လန်ဒန်မရလည်း ငါးသုံး လုံးလောက်ဆိုဖြစ်ပါတယ်ကွာ. . ”

ဟု ပြောလေ၏။ ကျွန်ုပ်လည်း ၎င်းစားချင်ရှာသော အစားအသောက်များကို မရမက ရှာဖွေ၍ စီမံပေးရလေ၏။ အလုံးစုံစီမံပြီးသောအခါ၌ ကိုပီတာကြီးအားနံနက်စာကျွေးမွေးရလေတော့၏။ ကိုပီတာကြီးလည်း

http://www.cherrythitsar.org



နံနက်စာကို မြိန်ရှက်စွာစားရင်း ကျွန်ုပ်နှင့်အတူ စကား စမြည်ပြောနေလေ၏။ ကျွန်ုပ်က ၎င်းအား. .

"စားလို့ကောင်းရဲ့လား. . ."

ဟု မေးရာ ၎င်းက. .

"ဘဲရီးဂွတ်ဒ်၊ ဘဲရီးဘတ်ဒ်. . ."

ဟု ပြန်၍ဖြေလေ၏။

"ဘယ်လိုဖြစ်တာလဲ. ."

ဟု ကျွန်ုပ်ကပြန်၍မေးရာ ကိုပီတာကြီးက. .

"စားလို့ကောင်းတဲ့အတွက် ဘဲရီးဂွတ်ဒ်၊ စားပြီးရင် သွေးတိုးမှာမို့ ဘဲရီးဘတ်ဒ်"

ဟု ကျွန်ုပ်အား ပြန်၍ပြောလေ၏။ ထိုအချိန်၌ မှာပင် ကျွန်ုပ်၏တပည့်ကလေးနှစ်ဦး စကားများ ရန်ဖြစ် ကြသောကြောင့် ကျွန်ုပ်လည်း ခေါ်ယူ၍ ရိုက်နှက်ဆုံးမရ လေ၏။ ထိုသို့ဆုံးမနေစဉ်အတွင်း ကျွန်ုပ်၏အသိမိတ်ဆွေ တစ်ဦးရောက်ရှိလာပြီးလျှင် ၎င်း၏အလုပ်ရှင်သူဌေးက ကျွန်ုပ်ထံတွင် ဗေဒင်မေးမြန်းလိုကြောင်း ပြောလေ၏။ ကျွန်ုပ်သည် ထိုမိတ်ဆွေအား တစ်ခါက လူတစ်ယောက် ခေါ်လာမည်ဟုပြောသောကြောင့် ခွင့်ပြုခဲ့ဖူး၏။ ထိုမိတ် ဆွေသည် တစ်ယောက်ဟုပြောပြီးနောက် ဟိုင်းလတ်ကား

တစ်စီးအပြည့်ခေါ်လာ၏။ ထို့ကြောင့် ကျွန်ုပ်နေ့စဉ်ပြု လုပ်ရသောဝတ္တရားများ ပျက်ကုန်၏။ ကျွန်ုပ်သည် ယခု အခါ၌ နေ့စဉ်ပြုလုပ်ရသောဝတ္တရားများနှင့် ပိနေသည် ဖြစ်ရာ ဧည့်သည်တစ်ဦး၏နောက်တွင် လူပိုများလိုက်လာ ခြင်းကို မနှစ်သက်လှပေ။ ကျွန်ုပ်၏မိတ်ဆွေ တော်တော် များများသည်လည်း ကျွန်ုပ်ထံသို့လာလျှင် လူပိုသုံးလေးဦး အစဉ်သဖြင့် ခေါ်လာတတ်၏။ ထို့ကြောင့် မကြာခဏ အဆင်မပြေဖြစ်ခဲ့ရ၏။ ယခုလည်း ကျွန်ုပ်၏မိတ်ဆွေ သည် သူ၏သူဌေးအား ကျွန်ုပ်ထံသို့ ခေါ်လာမည်ဟု လာ၍ပြော၏။ ကျွန်ုပ် ကောင်းစွာ သိပါသည်။ ထိုသူဌေး နှင့်အတူ အခြားမိတ်ဆွေဆယ်ဦးကိုပါ အပိုခေါ်လာလိမ့် မည်။ ထို့ကြောင့် ကျွန်ုပ်က. .

"မခေါ်ခဲ့ပါနဲ့ဗျာ၊ ကျုပ်မှာက အခြားအလုပ်တွေ အများကြီးရှိတယ်ဗျ၊ ခင်ဗျားကလည်း ဘယ်တော့ မှ ကတိတည်တဲ့လူမဟုတ်ဘူး၊ တစ်ယောက်ဆိုပြီး ကားတစ်စီးတိုက်လောက် ခေါ်လာတဲ့ လူစားမျိုး၊ ပြီးတော့ ခင်ဗျားဟာ ဟိုလူတွေကို ခေါ်လာတဲ့ နေရာမှာလည်း မင်းသိခ်ကို ပိုင်ပါတယ်၊ ကျုပ် ခေါ်သွားရင် ဒီငတိ မငြင်းဝံ့ပါဘူး၊ ကျုပ်ခေါ်လာ

http://www.cherrythitsar.org



ရင် ဗေဒင် တွက်ကို တွက်ပေးရမှာပါ၊ ကျုပ်က သူ့ကို သိပ်ပြီး ပိုင်တာလို့ဆိုပြီး ခေါ်လာတာ ကျုပ် သိတယ်၊ ပြီးတော့လည်း ခင်ဗျားလာရင် ခင်ဗျား အကျိုးစီးပွားအတွက် လာတာ၊ ခင်လို့လာတာ မဟုတ်ဘူး၊ အဲဒီတော့ မလာနဲ့ဗျာ၊ ခင်ဗျားနဲ့ မိတ်ဆွေကို မဖြစ်ချင်ဘူး၊ အသိလည်း မဖြစ်ချင် ဘူး၊ အဲဒီတော့ လစ်တော့. . ၊ လစ်တော့၊ ကျုပ်ဟာ ကျုပ် တောထဲမှာ အေးအေးဆေးဆေးနေတာ၊ လာ ပြဿနာမရှာစမ်းပါနဲ့၊ မိုင်သုံးဆယ်ကျော်လောက် ဝေးတဲ့နေရာကို ခင်ဗျားက တကူးတကလာပြီး ပြဿနာရှာတာကိုး၊ မပတ်သက်ဘဲနေလို့ရရင် မပတ်သက်ပါနဲ့ဗျာ. . ”

ဟု ကျွန်ုပ်က ရင့်ရင့်သီးသီး ပြောဆိုလွှတ်လိုက် လေ၏။ ထိုလူလည်း ကျွန်ုပ်ကိုဒေါပွ၍ ကားကို ဝူးကနဲ စက်ကုန်ဖွင့်၍ မောင်းထွက်သွားလေ၏။ ထိုအဖြစ်အပျက် ကို တွေ့မြင်နေရသော ကိုပီတာကြီးက. .

“ကိုယ့်လူမှာ အဲဒီလူနဲ့ ကျေးဇူးရှိဖူးသလား. . ”

ဟု မေးလေ၏။

“ဒီလိုရှိတယ် ကိုပီတာကြီး၊ ဒီလူ့ကျေးဇူးတော့ ကျုပ်

http://www.cherrythitsar.org



ဆီမှာ တစ်ပြားဖိုးမှ မရှိဖူးဘူး၊ ဒါပေမဲ့ ဒီလူရဲ့ အစ်မယောကျ်ား၊ ဒီလူ့ယောက်ဖကျေးဇူးတော့ ကျုပ်မှာရှိတယ်ဗျ၊ ကျုပ်မှာ အခက်အခဲတွေ့တုန်းက သူ့ယောက်ဖက ကျုပ်ကိုကူညီခဲ့ဖူးတယ်”

ဟု ကျွန်ုပ်ပြောလိုက်ရာ ကိုပီတာကြီးက. .

“ဒီလူရဲ့ကျေးဇူးဟာ ကိုယ့်လူအပေါ်မှာ တိုက်ရိုက်မရှိပေမဲ့ သူ့အစ်မနဲ့ဆက်စပ်လိုက်ရင် ကျေးဇူးအရင်းမဟုတ်တောင် ကျေးဇူးတစ်ဝမ်းကွဲ ရှိနေတယ်၊ အရင်းနဲ့ တစ်ဝမ်းကွဲဟာ တော်စပ်ပုံအဆင့်အတန်းကို ဖော်ပြတာပါ၊ ဒါပေမဲ့ နှစ်ခုစလုံး ဆွေမျိုးချည်းပဲ မဟုတ်လား၊ ဒီလိုတော့ မဆက်ဆံသင့်ဘူး၊ ကိုယ့်လူ မှားတာပေါ့”

ဟု ကိုပီတာကြီးက ကျွန်ုပ်အား ပြောလေတော့၏။

“ကျွန်တော်လည်း ဟိုကလေးနှစ်ယောက်ကို ရိုက်ရနှက်ရလုပ်နေတုန်း သူက ရောက်လာတော့ ဟိုကလေးတွေပေါ်ရှိတဲ့ဒေါသဟာ သူ့အပေါ် အားလုံးပုံကျသွားတာပေါ့၊ မှားတယ်ဆိုတာတော့ ဝန်ခံပါတယ်၊ အဲဒီလိုပဲ မကြာခဏ ကျွန်တော့်အနေနဲ့ မှားလေ့ရှိပါတယ်”

http://www.cherrythitsar.org



ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုပီတာကြီးက. .

"ဘဲရီးဂွတ်ဒ်၊ ဘဲရီးဘတ်ဒ်. ."

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က ကိုပီတာကြီးမျက်နှာအား နားမလည်သောအမူအရာဖြင့် ပြန်ကြည့်လိုက်ရာ ကိုပီတာကြီးက. .

"မှားတာကတော့ ဘတ်ဒ်တာပေါ့ကွာ၊ မှားတာကို မှားတယ်လို့သိတာကတော့ ဂွတ်ဒ်တာပေါ့ကွာ၊ တစ်ခုတော့ အကြံပေးချင်တယ်၊ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်လောက်က တရုတ်ပြည်မှာရှိတဲ့ 'ချာ' ဆိုတဲ့ တောင်ပေါ်မှာ နီပေါပြည်ကနေရောက်လာတဲ့ တာမားပိုးတိဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာ ကမ္မဋ္ဌာန်းတရားပွားများတယ်ကွယ့်၊ အဲဒီအခါမှာ သူ့ရဲ့မျက်ခွံဟာလေးပြီး အိပ်ချင်စိတ်ပေါ်လာ တယ်၊ သူဟာ အိပ်စက်ခြင်းကို အနိုင်ယူလိုတဲ့ သဘောနဲ့ အဲဒီမျက်ခွံကို ဓားနဲ့လှီးပြီး လွှင့်ပစ် လိုက်တယ်၊ အဲဒါကြောင့် တာမားပိုးတိရဲ့မျက်လုံး ဟာ ဘယ်တော့မှ မှိတ်လို့မရတော့ဘူး၊ သူလွှင့်ပစ် လိုက်တဲ့ မျက်ခွံကနေ သစ်ပင်ပေါက်လာတယ်၊ အဲဒီအပင်က အရွက်တွေကို စားတဲ့လူပဲဖြစ်ဖြစ်၊

http://www.cherrythitsar.org



ပြုတ်ပြီးသောက်တဲ့လူပဲဖြစ်ဖြစ် မျက်စိကြောင်ပြီး မအိပ်ချင်တဲ့ သဘောဖြစ်လာတယ်၊ အဲဒီအပင်ဟာ မင်းတို့ ငါတို့ အခုသုံးစွဲနေတဲ့ လက်ဖက်ပင်ပဲ၊ ဒါကြောင့် လက်ဖက်ကို စတင်ပေါက်ရောက်ရာ 'ချာ' လို့ ခေါ်တဲ့ တောင်ကုန်းရဲ့နာမည်အတိုင်း 'ချာ' လို့ခေါ်တယ်၊ အဲဒီတာမားပိုးတိဆိုတဲ့ ထူးခြားတဲ့ပုဂ္ဂိုလ်ကြီးဟာ တရုတ်သိုင်းဝတ္ထုတွေမှာ မကြာခဏ သူ့နာမည်ကို တွေ့ရမှာပါ၊ တာမားပိုးတိဆိုတာ တရုတ်အသံထွက်နဲ့ခေါ်တာ မြန်မာလိုဆိုရင်တော့ 'ဓမ္မဗောဓိ' လို့ခေါ်ရမှာပေါ့၊ တရုတ်က လက်ဖက်ကိုလည်း ချာပဲကွ၊ ကုလားပြည်လည်း ရောက်ရော အဲဒီ ချာအစား တျာလို့ပြောင်းပြီး ခေါ်ပြန်ရော၊ ဒါကြောင့် လက်ဖက်ရည်ရောင်းတဲ့လူကို ကုလားလို တျာခါလားလို့ခေါ်တာပေါ့၊ အဲဒီတော့ ရေနွေးခရားကောင်းကောင်းလေးထဲကို ဦးဗောဓိဓမ္မရဲ့မျက်ခွံခြောက်ကလေးတွေထည့်၊ အဲ. . အဲ. . ယောင်လို့. . ယောင်လို့၊ လက်ဖက်ခြောက်ကလေးတွေထည့်၊ ရေနွေးပွက်ပွက်ဆူဆူကိုထည့်၊ အသာလေးနှပ်ထားပြီး လက်ဖက်ရည်

http://www.cherrythitsar.org



ပန်းကန်လုံးအသေးလေးထဲကိုထည့်ပြီး သောက်တဲ့ အကျင့်ကို လုပ်စမ်းပါ။ တစ်ခုခု ဆုံးဖြတ်မယ်ဆိုရင် မဆုံးဖြတ်နဲ့ဦး၊ ရေနွေးကြမ်းလေးသောက်ပြီးမှ ဆုံးဖြတ်တတ်ဖို့ သတ်မှတ်ထားပါ။ အဲဒီရေနွေးကြမ်း သောက်တဲ့အချိန်မှာ ဒေါသဟာပြေသွားပြီပေါ့၊ အဲဒီတော့ ကိုယ့်လူပြောမယ်ဆိုတဲ့စကားတွေမှာ အမှားအယွင်းမရှိတော့ဘူးပေါ့၊ ဒေါသအလျောက် ပြောမိပါတယ်ဆိုတဲ့ အမှားမျိုးကို အဲဒီ ချာက ကာကွယ်ပေးသွားပါလိမ့်မယ်၊ အဲဒီတော့ ခရား လှလှကလေးတစ်လုံးနဲ့ ပန်းကန်လုံးလေးတစ်လုံး ဝယ်လိုက်၊ လက်ဖက်ခြောက် ကောင်းကောင်းလေး ခပ်လိုက်၊ ရေနွေးကြမ်းသောက်တဲ့ အကျင့်ကလေး လုပ်လိုက်၊ တားမားပိုးတိဆိုတဲ့ပုဂ္ဂိုလ်ကြီးကိုလည်း ဂုဏ်ပြုရာရောက်တာပေါ့. . ”

ဟုပြောကာ ကျွန်ုပ်၏ကျောကုန်းကို ဘုန်းကနဲ ထု၍

“ပြန်ဦးမယ်၊ လာဦးမယ်. . . ”

ဟုဆိုကာ ထူးဆန်းစွာနှုတ်ဆက်၍ ပေါ့ပါးသွက် လက်သောခြေလှမ်းများဖြင့်ထွက်သွားလေတော့သတည်း။

****

http://www.cherrythitsar.org



တစ်ခုခုဆုံးဖြတ်မယ်ဆိုရင်

မဆုံးဖြတ်နဲ့ဦး၊

ရေနွေးကြမ်းလေးသောက်ပြီးမှ

ဆုံးဖြတ်တတ်ဖို့သတ်မှတ်ထားပါ၊

အဲဒီရေနွေးကြမ်းသောက်တဲ့အချိန်မှာ

ဒေါသဟာပြေသွားပြီပေါ့၊

အဲဒီတော့

ကိုယ့်လုပြောမယ်ဆိုတဲ့စကားတွေမှာ

အမှားအယွင်းမရှိတော့ဘူးပေါ့၊

အဲဒီတော့ ခရားလှလှကလေးတစ်လုံးနဲ့

ပန်းကန်လုံးလေးတစ်လုံးဝယ်လိုက်၊

လက်ဖက်ခြောက်ကောင်းကောင်းလေး

ခပ်လိုက်၊ ရေနွေးကြမ်းသောက်တဲ့

အကျင့်ကလေးလုပ်လိုက်ကြ

http://www.cherrythitsar.org



# ဘဲသားဆီပြန်နှင့် ဆေးဘဲဥသုပ်

တစ်နေ့သ၌ ကျွန်ုပ်၏ခြံသို့ ကျွန်ုပ်နှင့် လွန်စွာ ခင်မင်ရင်းနှီးသော ကိုပီတာဆိုသည့် စိတ်မနှံ့သောလူကြီး တစ်ဦး ရောက်ရှိလာလေ၏။ ကိုပီတာကြီးသည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း. .

"ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ်နိုက်ဒ်. . ."

ဟု နှုတ်ဆက်လေ၏။ ထို့နောက် ကျွန်ုပ်က. .

"ဘဲသားကို အာလူးနဲ့ဆီပြန်ချက်မယ်ဗျာ၊ အရိုးပါ ကိုက်စားလို့ရအောင် နူးနေအောင် ချက်မယ်၊ ပြီး တော့ ဆေးဘဲဥသုပ်မယ်၊ အဲဒီဆေးဘဲသုပ်မှာ

http://www.cherrythitsar.org



တရုတ်နံနံဖြူးမယ်၊ ပြီးတော့ ဝက်ရိုးနဲ့ ကျောက်ဖရုံသီး ဟင်းချိုချက်မယ်၊ ငရုပ်ကောင်းနိုင်နိုင်ခပ်မယ်၊ ငါးပိရည်၊ တို့စရာ မထည့်ဘူး၊ ကြက်သွန်ချဉ် ကောင်းကောင်းလုပ်မယ်၊ ပြီးတော့ အီကြေးနဲ့ ရေနွေးကြမ်းကောင်းကောင်းတိုက်မယ်. . ”

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုပီတာကြီးက. .

“ဘဲရီးဂွတ်ဒ်၊ ဘဲရီးဘတ်ဒ်. . . ”

ဟု ပြန်၍ ပြောပြန်လေ၏။ ထို့နောက် ကျွန်ုပ်သည် စာအုပ်အဟောင်းများကိုစု၍ စုတ်ပြဲနေသည့်နေရာများကို ကော်ကပ်၏။ အနှောင့်များကို ကော်သုတ်၍ ပြန်ချုပ်၏။ ထို့နောက် ကိုင်ရို၏လက္ခဏာစာအုပ်များကိုချည်းသီးသန့်ဆွဲထုတ်ကာ မှတ်စုထုတ်ရလေ၏။ ကိုပီတာကြီးသည် ကျွန်ုပ်လုပ်သမျှကိုကြည့်၍နေလေ၏။ ထို့နောက်. .

“တကုပ်ကုပ်နဲ့ ကိုယ့်လူကိုကြည့်ရတာ ကြွက်တစ်ကောင် အလုပ်ရှုပ်နေသလိုပဲ၊ ဘာတွေများ ဒီလောက်အလုပ်ရှုပ်နေတာလဲ”

ဟု မေးလေ၏။

“ကမ္ဘာကျော်လက္ခဏာဆရာကြီး ကိုင်ရိုရဲ့ စာအုပ်တွေ ပြန်ရှာပြီး မှတ်စုထုတ်နေတာဗျ”

http://www.cherrythitsar.org



ဟု ကျွန်ုပ်ကပြန်၍ဖြေလိုက်လျှင် ၎င်းက. .

"ဘာလုပ်မလို့လဲ"

ဟု မေးလေ၏။

"ဘာလုပ်မလို့လဲဆိုတော့ဗျာ ရင်းရင်းနှီးနှီးပြော ရရင် ကိုင်ရိုလိုဖြစ်အောင် ကြိုးစားမလို့"

ဟု ကျွန်ုပ်က ခပ်ဆတ်ဆတ် ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ကိုပီတာကြီးက. .

"ကိုယ့်ဟာကိုမနေဘဲ ဟိုလူနဲ့တူအောင် ကြိုးစားရတာနဲ့၊ ဒီလူနဲ့တူအောင် ကြိုးစားရတာနဲ့ မလုပ်ပါနဲ့ဗျာ၊ အဲဒါ အရူးရောဂါတစ်မျိုးပဲ၊ အဲဒီရောဂါနာမည်က ကိုင်ရိုအရူးရောဂါတဲ့၊ ကုလို့မရဘူး ကိုယ့်လူရေ၊ ကိုင်ရိုတော့မဖြစ်ဘူး၊ 'ထိုင်ငိုင်'သွားရမယ်၊ ဟီ. . ဟိ. . . "

ဟု ပြောဆိုလှောင်ပြောင်လေ၏။

"ကိုပီတာကြီးက ကျုပ်ကိုလှောင်တာလား. . "

ဟု ကျွန်ုပ်ကမေးလိုက်ရာ. .

"လှောင်တာ မဟုတ်ပါဘူး၊ မသိတတ်လွန်းလို့ ပြောပြတာပါ၊ နှံပြည်စုတ်ကလေးကလည်း နှံပြည်စုတ်ကလေးလို လှတယ်၊ နှံပြည်စုတ်ကလေးလို

http://www.cherrythitsar.org



ချစ်ဖို့ကောင်းတယ်၊ အဲဒီလိုပဲ ကြက်တူရွေးက ကြက်တူရွေးလို လှတယ်၊ အရောင်အသွေးစုံတယ်၊ ကြက်တူရွေးလို ချစ်ဖို့ကောင်းတယ်၊ သဘာဝ တရားကြီးက ကြက်တူရွေးရှိဖို့လိုအပ်လို့ ကြက်တူ ရွေးလည်း ရှိနေတာ၊ နှံပြည်စုတ်လည်း လိုအပ်လို့ နှံပြည်စုတ်ရှိနေတာ၊ အဲဒီတော့ နှံပြည်စုတ်က လည်း ကြက်တူရွေးဖြစ်အောင် မလုပ်နဲ့၊ ကြက်တူ ရွေးကလည်း နှံပြည်စုတ်ဖြစ်အောင် မလုပ်နဲ့၊ သူ့ အတိုင်းတိုင်းလေး ကောင်းပါတယ်၊ အဲဒီတော့ ဘာ ဖြစ်လို့များ ကိုယ့်လူက ကိုင်ရိုဖြစ်ချင်ရတာလည်း၊ မရှုးစမ်းပါနဲ့. . . ”

ဟု ပယ်ပယ်နယ်နယ်တွယ်လေတော့၏။ ကျွန်ုပ် သည် ၎င်းနှင့် စကားမပြောတော့ဘဲ ဘဲသားဆီပြန်ဟင်း ချက်နေလေ၏။ ဆေးဘဲဥသုပ်နေလေ၏။ ဝက်ရိုးနှင့် ကျောက်ဖရုံသီး ဟင်းချိုချက်နေလေ၏။ အလုံးစုံကျက် သွားသောအခါ၌ ကိုပီတာကြီးအား တည်ခင်းကျွေးမွေး လေ၏။ ကိုပီတာကြီးသည် ကျွန်ုပ်တည်ခင်းကျွေးမွေးသော ဟင်းလျာများဖြင့် ထမင်းကို မြိန်ရှက်စွာစားလေ၏။ ထိုသို့ စားရင်း. .

http://www.cherrythitsar.org



"ကိုယ့်လူက စားတော်ကဲလည်း ဖြစ်ချင်ပုံရတယ်၊ အဲဒါလည်း အရူးရောဂါတစ်မျိုးပဲ၊ စာရေးဆရာ ဖြစ်ချင်လိုက်၊ လက္ခဏာဆရာ ဖြစ်ချင်လိုက်၊ စားတော်ကဲ ဖြစ်ချင်လိုက်နဲ့ အရူးရောဂါ တော်တော်များနေပြီ၊ အခုလောလောဆယ် ကိုယ်တွေ့တာကတော့ ကိုင်ရှိဖြစ်ချင်တဲ့ရောဂါရယ်၊ စားတော်ကဲဖြစ်ချင်တဲ့ရောဂါရယ်၊ အဲဒီရောဂါတွေဟာ ကုရခက်တယ် ကိုယ့်လူ၊ ဒီရောဂါကို ယေဘုယျခြုံပြီးပြောရရင် ဖြစ်ချင်တဲ့ရောဂါလို့ ပြောရမှာပဲ"

ဟု ကျွန်ုပ်အား ပြောလေ၏။

"ကိုပီတာကြီး. . ခင်ဗျားက အတော်ကောင်းတဲ့လူပဲ၊ ထမင်းလည်းကျွေးရသေးတယ်၊ ကျုပ်ကိုလည်း ဆော်သေးတယ်"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကိုပီတာကြီးက. .

"ဆော်တယ်လို့ မယူပါနဲ့၊ ထမင်းကျွေးတဲ့ကျေးဇူးကြောင့် တည့်မတ်ပေးတယ်လို့ ယူလိုက်စမ်းပါ"

ဟု ကျွန်ုပ်ကို ပြောလေ၏။ ကျွန်ုပ်သည် အောင့်သက်သက်ဖြင့် ခံ၍နေရလေ၏။ ကိုပီတာကြီးသည် ထမင်းစားပြီးနောက် အီကွေးနှင့် ရေနွေးကြမ်းကို စားသောက်လေ၏။ ထိုသို့စားသောက်ရင်း. .

http://www.cherrythitsar.org



"တစ်ခါက ဥရောပတိုက်ဘက်မှာ ဘုရင်တစ်ပါးရှိတယ်ကွ၊ အဲဒီဘုရင်ဟာ သူ့ဥယျာဉ်ထဲမှာရှိတဲ့ ပန်းပင်တွေ၊ သစ်ပင်တွေနဲ့ စကားပြောလေ့ရှိတယ်၊ သူဟာ ဥယျာဉ်ထဲရောက်တဲ့အခါတိုင်း အပင်တွေကို အရမ်းပွင့်၊ အရမ်းသီးခိုင်းလေ့ရှိတယ်၊ တစ်နေ့မှာ သူဟာ ဥယျာဉ်ကြီးထဲကို ရောက်သွားတယ်၊ ဝက်သစ်ချပင်ကြီးဟာ ညှိုးပြီး ခြောက်နေတယ်၊ အဲဒီတော့ 'ဘာဖြစ်တာလဲ' လို့ သူက မေးလိုက်တယ်၊ ဝက်သစ်ချပင်ကြီးက 'ဘယ်လိုဖြစ်ရမှာတုံး၊ ကျုပ်က ထင်းရှူးပင်ကိုတုပြီး အပေါ်ကို တက်တော့ ထင်းရှူးပင်မဟုတ်လေတော့ အမြစ်အားက မခံနိုင်တော့ သေရတော့တာပေါ့' လို့ ပြောတယ်၊ အဲဒါနဲ့ ထင်းရှူးပင်ဆီကို သွားပြန်တော့ ထင်းရှူးပင်ကြီးက ကိုင်းပြီးကွေးကျနေတယ်၊ အဲဒီတော့ ထင်းရှူးပင်ကြီးကို 'ဘယ်လိုဖြစ်တာလဲ'လို့ ဘုရင်ကြီးက မေးပြန်တယ်၊ အဲဒီတော့ ထင်းရှူးပင်ကြီးက 'ကျုပ်ကလည်း စပျစ်ပင်ကြီးကို အားကျပြီး အသီးတွေ အရမ်းသီးလိုက်တယ်၊ စပျစ်ပင်မဟုတ်လေတော့ မခံနိုင်တော့ဘဲ အခုလို အရမ်း

http://www.cherrythitsar.org



ကွေးသွားတာပေါ့’လို့ ပြောတယ်၊ အဲဒီတော့ ဘုရင်ကြီးက စပျစ်ပင်ဆီကို ရောက်ပြန်ရော၊ စပျစ်ပင်ကြီးကလည်း သေမလိုဖြစ်နေတယ်၊ ‘ဘယ်လိုဖြစ်တာလဲ’ လို့ မေးတော့ ‘ကျုပ်က နှင်းဆီပင်ကို အားကျပြီး သူ့လိုလိုက်ပြီးပွင့်တာဗျို့၊ အဲဒီတော့ စပျစ်သီးလည်း မသီးတော့ဘူး၊ နှင်းဆီပန်းလည်း မပွင့်တော့ဘဲ အခုလို သေလုမျောပါးဖြစ်သွားရတာပါပဲ’လို့ ပြောပြန်တယ်၊ အဲဒီမှာ ဘုရင်ကြီးက ဆက်ပြီးလျှောက်သွားတဲ့အခါမှာ အပင်လေးတစ်ပင်ကိုတွေ့တယ်၊ အပင်က သိပ်မကြီးပါဘူး၊ အရွက်ကလေးတွေ၊ အကိုင်းအခက်ကလေးတွေလည်း စိုစိုပြေပြေနဲ့၊ အပွင့်က ရနံ့လေးတွေလည်း သင်းပျံ့လို့၊ အဲဒီအပင်ရဲ့နာမည်က Heart-Ease နှလုံးအေးချမ်းပန်းလို့ခေါ်လေ့ရှိတဲ့ အပင်ကလေးပါပဲ၊ ဘုရင်ကြီးဟာ အဲဒီအပင်ကလေးကို ကြည့်ပြီး ‘ငါ့ရဲ့ဥယျာဉ်တစ်ခုလုံးမှာရှိတဲ့ အပင်တွေ သေတာတွေ သေကုန်ပြီ၊ တချို့လည်း သေလုမျောပါးဖြစ်နေပြီ၊ နှလုံးအေးချမ်းရယ်. . မင်းကတော့ ရှင်သန်စိုပြည်နေပါလား၊ ဘာကြောင့်လဲ’

http://www.cherrythitsar.org



လို့ မေးလိုက်တယ်၊ အဲဒီမှာ အပင်ကလေးက ဘာပြန်ပြောသလဲဆိုတော့ 'အသင် မင်းကြီး ကျွန်ုပ်ကို ဒီဉယျာဉ်ထဲမှာ စိုက်ကတည်းက နှလုံးအေးချမ်းကို နှလုံးအေးချမ်းလိုပဲ ဖြစ်စေချင်ပုံရပါတယ်၊ ဝက်သစ်ချပင်လို မဖြစ်စေချင်ဘူး၊ ဒါကြောင့် ဝက်သစ်ချပင်ကိုလည်း အားမကျခဲ့ဘူး၊ အဲဒီလိုပဲ ထင်းရှူးပင်မြင့်မြင့်ကြီးကိုလည်း အားမကျခဲ့ပါဘူး၊ အသီးတွေ ပြွတ်နေအောင်သီးတဲ့ စပျစ်ပင်ကိုလည်း အားမကျခဲ့ဘူး၊ အပွင့်ကြီးတွေ ဝေဆာနေတဲ့ နှင်းဆီပင်ကိုလည်း အားမကျခဲ့ဘူး၊ နှလုံးအေးချမ်းဟာ နှလုံးအေးချမ်းလိုပဲ နေခဲ့တယ်၊ နှလုံးအေးချမ်းလိုပဲ ရှင်သန်ခဲ့တယ်၊ အားကျပြီး ဘာမှကိုမလုပ်ခဲ့ဘူး၊ ဒါကြောင့် နှလုံးအေးချမ်းအဖြစ် နဲ့ပဲ ရှင်သန်ရပ်တည်နေနိုင်တာပေါ့၊ တခြားဘာမှ မဟုတ်ပါဘူး' လို့ ပြန်ပြီးပြောလိုက်တယ်၊ ငါပြောချင်တဲ့ ပုံပြင်ကတော့ ဒါပါပဲကွာ၊ မင်းကိုပြောချင်တာကတော့ မင်းသိင်္ခဟာ မင်းသိင်္ခအဖြစ်နဲ့ပဲ ရှင်သန်ပါကွာ၊ ကိုင်ရှိကို အားမကျစမ်းပါနဲ့၊ မင်းသိင်္ခဟာ မင်းသိင်္ခအဖြစ်နဲ့ပဲ ရှင်သန်ပါကွာ၊

ဟင်းချက်ကောင်းတဲ့ စားတော်ကဲကြီး ဦးဂွမ်တီကို
လည်း အားမကျချင်စမ်းပါနဲ့”

ဟုဆိုကာ ကျွန်ုပ်၏ကျောကုန်းကို သူ၏လက်သီး
ကြီးဖြင့် ဘုန်းကနဲထုပြီးနောက်. .

“ငါသွားမယ်၊ ပြီးတော့. . လာဦးမယ်”

ဟုဆိုကာ ကိုပီတာကြီးသည် လွတ်လပ်ပေါ့ပါး
သော ခြေလှမ်းများဖြင့် ကျွန်ုပ်၏ခြံအတွင်းမှ ထွက်သွား
လေတော့သတည်း။

****

http://www.cherrythitsar.org

နှလုံးသားချင်းလိုပဲရှင်သန်ခဲ့တယ်။

အားကျပြီးဘာမှကိုမလုပ်ခဲ့ဘူး။

ဒါကြောင့် နှလုံးသားချင်းကဖြစ်နေ့ပဲ

ရှင်သန်ရတာသာနေနိုင်တော့ပေါ့။

တခြားဘာမှမဟုတ်ပါဘူးလို့

ပြန်ပြီးပြောလိုက်တယ်။

ငါပြောချင်တဲ့ပုံပြင်ကတော့ဒါပါပဲကွာ။

မင်းကိုပြောချင်တာကတော့

မင်းအိပ်မက်ဟာမင်းအိပ်မက်ကဖြစ်နေ့ပဲရှင်သန်ပါကွာ။

ကိုယ့်ကိုယ်ကိုအားမကျစေပါနဲ့။

မင်းအိပ်မက်ဟာမင်းအိပ်မက်ကဖြစ်နေ့ပဲရှင်သန်ပါကွာ။

ဟင်းချက်ကောင်းတဲ့မားတော်ကြီး

ဦးလွင်ကိုကိုလည်းအားမကျချင်စေပါနဲ့

http://www.cherrythitsar.org

# ဒိန်ချဉ်နှင့် ဆေးဘဲဥသုပ်

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ စိတ်ကောင်းစွာမနှံ့သော ကျွန်ုပ်၏မိတ်ဆွေကြီး ကိုပီတာ ဆိုသူ ရောက်ရှိလာလေ၏။ ၎င်း ကိုပီတာကြီးသည် ကျွန်ုပ်ကိုမြင်လျှင်မြင်ချင်း. .

"ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ်နိုက်ဒ်. . . "

ဟု ကိုးရိုးကားရား နှုတ်ဆက်လေ၏။

"ကိုပီတာကြီးကို ဒီနေ့မနက် ဘယ်လိုဟင်းမျိုးနဲ့ ကျွေးရမလဲ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကိုပီတာကြီးက. .

"ပုစွန်ချဉ်ကောင်းကောင်းလေး မစားရတာ ကြာ

http://www.cherrythitsar.org



ပါပြီ၊ ဖြစ်နိုင်ရင် ပဲခူးမနီ ပုစွန်ချဉ်ကို ကြက်သွန်နီဥကြီးကြီးနဲ့ ဆီစိမ်းဆမ်းပြီးသုပ်မယ်၊ ငရုပ်သီးစိမ်းလေးတွေလည်း လှီးပြီးထည့်ရမှာပေါ့၊ ပြီးတော့ ပဲနီလေးဟင်းချိုချက်မယ်၊ အရည်သောက်အတွက်ပေါ့၊ ပြီးတော့ ပျဉ်ပုံကြီးက ငါးရံ့ခြောက်ကောင်းကောင်းလေးကို မီးဖုတ်ပြီး ထောင်းပြီးတော့ ဆီဆမ်းမယ်၊ ဆန်ကတော့ ကောင်းပစေပေါ့၊ တို့စရာကတော့ သခွားသီးကောင်းတယ်၊ ငါးပိရည်မလုပ်နဲ့ကွာ၊ ငံပြာရည်ကောင်းကောင်းကို ငရုပ်သီးမှုန့်ခပ်မယ်၊ ထမင်းစားပြီးရင်လည်း အချိုစားဖို့အတွက် တခြားဘာမှ မစီစဉ်ပါနဲ့၊ ထန်းလျက်ကောင်းကောင်းနဲ့ ရေနွေးကြမ်းကောင်းကောင်းရရင် တော်ပါပြီ”

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ကိုပီတာကြီး စားရန်အတွက် စီမံရလေတော့၏။ ထမင်းစားချိန်ရောက်သောအခါ၌ ကိုပီတာကြီးအား ၎င်းမှာကြားသော ဟင်းလျာများဖြင့်ပင် ထမင်းကျွေးရလေ၏။ ထမင်းစားပြီးသောအခါ၌ ကျွန်ုပ်က. .

“ဘယ်လိုလဲ ကိုပီတာကြီး၊ ကောင်းရဲ့လား”

http://www.cherrythitsar.org



ဟု ကျွန်ုပ်ကမေးရာ ၎င်းက. .

"ဘဲရီးဂွတ်ဒ်၊ ဘဲရီးဘက်ဒ်. . ."

ဟု ပြောလေတော့၏။ ကျွန်ုပ်လည်း ၎င်း၏ အဖြေကြောင့် ရယ်ရသေးတော့၏။ ထို့နောက် ကျွန်ုပ်သည် နေ့စဉ်ပြုလုပ်နေကျဝတ္တရားများဖြစ်သော အလုပ်များကို တစ်ခုပြီးတစ်ခု တန်းစီ၍ လုပ်ရလေတော့၏။ အလုပ်လုပ်ရင်းနှင့်ပင် ထမင်းကို ကပျာကသီ စားရလေ၏။ ထမင်းစားပြီးသောအခါ၌ ကျွန်ုပ်၏တပည့်ကလေးများနှင့်အတူ ကျွန်ုပ်၏ခြံမှ အမှိုက်များကို ရှင်းရလေ၏။ ခြံထဲတွင် သီဟိုဠ်ပင် အမြောက်အများရှိသည်ဖြစ်ရာ ကြွေကျသော သီဟိုဠ်ရွက်ခြောက်များကို ရှင်းရသည်မှာ မသက်သာလှပေ။ အမှိုက်များ ရှင်းပြီးသောအခါ၌ ကျွန်ုပ်ထံလာရောက်သော ဧည့်သည်များနှင့် တွေ့ဆုံရလေ၏။ ဧည့်သည်များမှာလည်း အကြောင်းအရာမျိုးစုံနှင့် လာကြသည်ဖြစ်ရာ ကျွန်ုပ်သည် တစ်ဦးချင်းတွေ့ဆုံကာ ဖြေရှင်းပေးနေရလေ၏။ နေ့လယ် လက်ဖက်ရည်သောက်ချိန်သို့ ရောက်သောအခါ၌ ကျွန်ုပ်သည် ကိုပီတာကြီးအား လက်ဖက်ရည်တိုက်လေ၏။ ကျွန်ုပ်လည်း လက်ဖက်ရည်သောက်လေ၏။ နှစ်ယောက်သား လက်ဖက်ရည်သောက်နေရင်း ကျွန်ုပ်က ကိုပီတာကြီးအား. .

http://www.cherrythitsar.org



"ကိုပီတာကြီးနဲ့ ပေါင်းလာတာကြာပြီ၊ ကိုပီတာကြီး အကြောင်း ကျုပ် မသိတာတွေ အများကြီးပါ၊ ဘာတွေလဲဆိုတော့ ကိုပီတာကြီးရဲ့ဇာတိက ဘယ်ကလဲ၊ မိဘတွေကရော ဘယ်သူတွေလဲ၊ ညီအစ်ကိုမောင်နှမ ဘယ်နှယောက်ရှိသလဲ၊ ပညာဘယ်ထိအောင်သင်ခဲ့သလဲ၊ အစိုးရရုံးဌာနတွေမှာ အလုပ်လုပ်ဖူးသလား၊ အိမ်ထောင်ကျဖူးသလား၊ ငယ်စဉ်က ထောင်တွေဘာတွေကျဖူးသလား၊ ဘုရားရှိခိုးတာလည်း တစ်ခါမှမတွေ့ဖူးဘူး၊ ဘယ်ဘာသာကိုးကွယ်သလဲ၊ ပြီးတော့ ဘာဝါသနာပါသလဲ၊ ဝါသနာပါတဲ့အထဲက ဘာတွေလိုက်စားဖူးသလဲ၊ လိုက်စားဖူးတဲ့အထဲက ဘယ်ဟာတွေ ဖြစ်ဖြစ်မြောက်မြောက် တတ်ကျွမ်းဖူးသလဲ၊ ဘဝအတွက်လည်း ဘာတွေပြင်ဆင်ထားသလဲ၊ ရှေ့မှာ ဘယ်လိုမျှော်လင့်ချက်မျိုးတွေရှိသလဲ. . "

ဟု ကျွန်ုပ်က မေးလေ၏။ ကျွန်ုပ်၏ မေးခွန်းများမှာ မပြီးသေးပေ။ ကိုပီတာကြီးသည် ကျွန်ုပ်အား လက်ကာ၍ပြလေ၏။ ထိုသို့ပြရင်း. .

"မေးခွန်းတွေက များလှချည့်လား၊ အဲဒီအကြောင်းအရာတွေကို ဘာကြောင့်သိချင်တာတုံး"

http://www.cherrythitsar.org



ဟုပြန်၍ပြောလေ၏။

"သိထားရမှာပေါ့ဗျာ၊ ကိုယ်နဲ့ပေါင်းသင်းနေတဲ့ လူတစ်ယောက်အကြောင်းကိုမသိလို့ဘယ်ဖြစ်မတုံး"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုပီတာကြီးက. .

"ကိုယ့်လူမှာက အပေါင်းအသင်းတွေ အများကြီးပဲလေ၊ အဲဒီလူတွေရဲ့ တစ်ဦးချင်းအကြောင်းကို အခုလောက် ပြည့်ပြည့်စုံစုံသိဖို့ ဘယ်လွယ်မတုံး၊ ကိုယ့်လူကို လူတစ်ယောက်လိုမမြင်ဘဲ ခွက်ကြီးတစ်ခွက်လို မြင်ကြည့်မယ်ဆိုရင် ကိုယ့်လူရဲ့ခွက်ကြီးဟာ မေးခွန်းတွေ၊ သိချင်တာတွေနဲ့ ပြည့်နေတဲ့ ခွက်ကြီးတစ်ခွက်ဖြစ်နေပြီ၊ ကိုယ့်လူခွက်ကြီးထဲမှာက နေရာလပ်ကို မရှိတော့ဘူး၊ အဲဒီမေးခွန်းတွေကို ပြန်ဖြေဖို့ အဖြေထည့်ထားဖို့ နေရာတောင်ရှိသေးရဲ့လား"

ဟု ကျွန်ုပ်အား အေးဆေးစွာပြန်၍ပြောလေ၏။

"ခင်ဗျားဘာတွေပြောနေတာလဲ ကိုပီတာကြီးရယ်၊ ကျုပ်မေးတာတွေကို ဖြေစမ်းပါဦး"

ဟု ကျွန်ုပ်က ဒေါနှင့်မောနှင့် ပြန်ပြောလိုက်လေ၏။ ထိုအခါ ကိုပီတာကြီးသည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးနောက်. .

http://www.cherrythitsar.org



"တစ်ခါက တရုတ်ပြည်မှာ ဘုန်းတော်ကြီးတစ်ပါး ဟာ တောင်ပေါ်မှာ ကျောင်းဆောက်ပြီး တစ်ပါး တည်းနေတော်မူတယ်ကွယ့်၊ တစ်နေ့မှာ သူ့ဆီကို ကျောင်းဆရာကြီးတစ်ယောက်ရောက်လာပြီး ထိုင် တောင် မထိုင်ရသေးဘူး၊ သူသိချင်တာတွေကို တရစပ် စတင်ပြီးမေးတော့တာပဲ၊ အဲဒီဘုန်းတော် ကြီးရဲ့ဘွဲ့အမည်က နမ့်အင်းတဲ့၊ အဲဒီကျောင်းဆရာ ကြီးက ကျောင်းကလေးပေါ်ရောက်တာနဲ့ 'အရှင် ဘုရား. . ကမ္မဋ္ဌာန်းထိုင်တာ ဘယ်လိုထိုင်သလဲ၊ မြတ်စွာဘုရားသခင်ဟာ သီတင်းကျွတ်လပြည့်နေ့ မှာ သင်္ကာသင့်နဂိုပြည်ကို တာဝတိံသာကနေ ဆင်း သက်ကြွလာတော်မူတယ်လို့ပြောတယ်၊ အဲဒီမှာ အဘယ်တရားကိုဟောပါသလဲ' စကာပြီး မေးခွန်း တွေ အများကြီး မေးတော့တာပဲ၊ အဲဒီမှာ ဦးပဥ္စင်း နမ့်အင်းက ငြိမ်သက်စွာနားထောင်တော်မူပြီး 'ဒကာကြီးကြည့်ရတာ အတော်မောနေပုံရတယ်၊ မောမှာပေ့ါလေ၊ အသက်ကလေးကလည်း အတော် ရနေပြီပဲ၊ ပြီးတော့ ဒီကျောင်းကလည်း ကြည့်ရင် နိမ့်တယ်လို့ ထင်ရတယ်၊ အတော်မြင့်တယ်၊ ဒကာ

http://www.cherrythitsar.org



ကြီးလာတာကလည်း ဟိုးအဝေးကြီးက လာတာမို့ လား၊ အမောပြေ ရေနွေးကြမ်းလေး သောက်ပါဦး၊ ရေနွေးကြမ်းလေးတစ်ခွက်တော့ တိုက်ပါရစေလို့ ဆိုပြီး အနားမှာရှိတဲ့ အုတ်မီးဖိုလေးထဲကို ဦးပဥ္စင်း ကိုယ်တိုင်ပဲ မီးသွေးတွေထည့်တယ်၊ မီးမွှေးတယ်၊ ပြီးတော့ ရေနွေးအိုးတည်တယ်၊ အဲဒီတည်ထားတဲ့ အချိန်မှာပဲ ကျောင်းဆရာကြီးက သူသိချင်တာ တွေကို မေးမယ် တကဲကဲလုပ်နေတယ်၊ အဲဒီတော့ ဦးပဥ္စင်းက 'ဒကာကြီး. . မလောစမ်းပါနဲ့၊ ရေနွေး ကြမ်းလေးဆူပြီးတဲ့အထိ၊ လက်ဖက်ခြောက်ကလေး ကောင်းကောင်းခပ်ပြီးတဲ့အထိ၊ ပန်းကန်လုံးထဲကို ငှဲ့ပြီးတဲ့အထိ၊ ပြီးတော့ အဲဒီရေနွေးကြမ်းကောင်း ကောင်းလေးကို အရသာခံပြီး သောက်ပြီးတဲ့အထိ သည်းခံပြီး စောင့်လိုက်ပါဦး၊ အဲဒီအခါမှာ ဒကာ ကြီးသိချင်တာတွေ အဖြေရပြီးသား ဖြစ်သွားမှာပါ၊ သည်းခံပါ. . သည်းခံပါ. . ' လို့ ပြောလိုက်တယ်၊ ကျောင်းဆရာကြီးဟာ အတော်ကလေး ကသိ ကအောင့် ဖြစ်သွားတယ်၊ သူက သိချင်နေတာ၊ ဦးပဥ္စင်း နမ့်အင်းက သူ့ကို ရေနွေးကြမ်းတိုက်ဖို့

http://www.cherrythitsar.org



လုပ်နေတယ်၊ အဲဒီမှာ ကျောင်းဆရာကြီးရဲ့ စိတ်ထဲမှာ 'ခက်တော့တာပဲ၊ ငါ့မှာတော့ သိချင်တာလေးတွေသိဖို့ အဝေးကြီးက လာခဲ့ရတယ်၊ တောင်အမြင့်ကြီးကို တက်ခဲ့ရတယ်၊ ဒီကြားထဲ ဒီဦးပဥ္စင်းက ငါ့ကို ရေနွေးကြမ်းတိုက်ဖို့လုပ်နေတယ်၊ သူတိုက် တဲ့ ရေနွေးကြမ်းလေးတစ်ခွက်သောက်ပြီးရင် ငါ မေးတဲ့မေးခွန်းတွေ ဖြေပြီးသားဖြစ်မှာပါလို့ ပြောတယ်၊ ဘယ်လိုဖြစ်မှာတုံး၊ ငါသိချင်တာတွေကို ဒီရေနွေးကြမ်းက ဘယ်လိုအဖြေပေးမှာတုံး၊ ငါတော့ အချိန်ကုန်လူပန်းခံပြီးလာခဲ့ရတာ မှားပြီထင်တယ်၊ ဘာပဲဖြစ်ဖြစ်လေ ဒီတောင်ပေါ်က မဆင်းခင် ရေနွေးကြမ်းလေးတစ်ခွက်သောက်သွားရင်တော့ ပိုပြီးကောင်းတာပေ့ါ' လို့ စိတ်ထဲမှာ ဆုံးဖြတ်လိုက်တယ်၊ အဲဒီအချိန်မှာပဲ မီးဖိုပေါ်တင်ထားတဲ့ ရေနွေးအိုးကလေးဟာ ဆူလာတဲ့အတွက် သူ့ရဲ့နှုတ်သီးက တရှုံးရှုံးအသံတွေမြည်လာပြီ၊ အဲဒီတော့မှ ဦးပဥ္စင်းနမ်းအင်းက ရေနွေးကရားထဲ လက်ဖက်ခြောက်ကောင်းကောင်း ခပ်လိုက်တယ်၊ လက်ဖက်ခြောက်ကျလောက်တဲ့အချိန်လည်းရောက်

ရော ပန်းကန်လေးတစ်လုံးကို အောက်က ပန်းကန်ပြားလေးတစ်ချပ်ခံပြီး ကျောင်းဆရာကြီးရှေ့ထိုး ပေးပြီး ပန်းကန်လုံးထဲကို ဦးပဉ္စင်းကိုယ်တိုင် ရေနွေးကြမ်းငှဲ့ပေးတယ်၊ ဦးပဉ္စင်းငှဲ့ပေးတဲ့ ရေနွေးကြမ်းဟာ ပန်းကန်လုံးကိုပြည့်ပြီး အောက်က ပန်းကန်ပြားကိုပါ လျှံနေပြီ၊ နောက်ထပ်တစ်စက် လောက်ထည့်တာနဲ့ ပန်းကန်ပြားကိုလျှံပြီး ကြမ်းပြင်ပေါ် စီးကျတော့မယ်၊ အဲဒီအခါမှာ ကျောင်းဆရာကြီးက 'ဟိုး . . ဟိုး . . ဦးပဉ္စင်း၊ ပန်းကန်လုံးရော၊ ပန်းကန်ပြားရော လျှံနေပြီလေ၊ ဦးပဉ္စင်း မျက်စိမှုန်နေပြီလား၊ ထပ်ပြီးထည့်ရင် ကြမ်းပြင်ပေါ် ဖိတ်ကျဖို့ပဲ ရှိတော့တယ်လို့ ပျာပျာသလဲ ပြောလိုက်တယ်၊ အဲဒီအခါမှာ ဦးပဉ္စင်းနမ့်အင်း က 'ဒကာကြီးဖြစ်နေတဲ့ အခြေအနေဟာ ဒီအတိုင်းပါပဲ၊ ကျုပ်ရဲ့ တဲကျောင်းကလေးထဲကို ဝင်လာကတည်းက မေးလိုက်တဲ့မေးခွန်းတွေ၊ ဒကာကြီးရဲ့ တစ်ကိုယ်လုံးဟာ မေးခွန်းတွေနဲ့ ပြည့်နေတယ်၊ အပြင်ကိုယ်တောင် လျှံကျနေပြီ၊ ကျုပ်ရဲ့ ကျောင်းကလေးတောင် ပြည့်နေပြီ၊ ကျုပ်က အဖြေပေးဖို့

http://www.cherrythitsar.org



နေရာတောင် မရှိတော့ဘူး၊ အဲဒါကြောင့် ဒကာကြီး ပြန်ပါ၊ ဒကာကြီးရဲ့ခွက်ကြီးထဲက မေးခွန်းတွေကို သွန်ချပြီး ရှင်းပစ်လိုက်ပါဦး' ဟု ပြောလိုက်လျှင် ကျောင်းဆရာကြီးသည် သဘောပေါက်သွားပြီဖြစ်ရာ ပြုံးလိုက်လေ၏။ ပြီးလျှင် ဦးပဥ္စင်းကို ဦးချ၍ ကျောင်းကလေးအတွင်းမှ စတင်၍ ထွက်လေတော့၏။ ထွက်ခါနီးတွင် ကျောင်းဆရာကြီးက ဦးပဥ္စင်းဘက်သို့လှည့်ကာ 'သဘောပေါက်ပါပြီ ဦးပဥ္စင်း၊ တပည့်တော်ခွက်ထဲက မေးခွန်းတွေ၊ သိလိုစိတ်တွေကို အပြီးအပိုင် သွန်ချရှင်းလင်းပြီးမှ တစ်ခေါက်လာပါဦးမယ်ဘုရား. . ' လို့ ပြောလိုက်တယ်၊ အဲဒီအခါမှာ ဦးပဥ္စင်းက 'ခွက်ထဲက မေးခွန်းတွေကို ရှင်းလိုက်ပါဦးဆိုတာက သိလွယ် မြင်လွယ်အောင် ပြောလိုက်တာပါ၊ အဲဒါတွေရှင်းမှ ထပ်ပြီးထည့်လို့ရမှာမို့လား၊ တကယ်ပြောရရင်တော့ ခွက်ပါမရှိအောင် အပြီးရှင်းလိုက်ရင် ပိုကောင်းတာ ပေါ့၊ အကြွမ်းပန်းကန်လုံးကိုပဲ ကြည့်လေ၊ ရေနွေးကြမ်းတွေနဲ့ပြည့်နေရင် ထည့်လို့မရဘူး၊ အဲဒီ ရေနွေးကြမ်းတွေကို သွန်ရမှာပဲ၊ ဒါပေမဲ့ နောက်တစ်ခါ

http://www.cherrythitsar.org



ထပ်ပြီး ပြည့်လာဦးမှာပါပဲ၊ ဘယ်တော့မှ မပြည့်အောင်ဆိုရင်တော့ ခွက်ပါမရှိမှဖြစ်မယ်ဗျို့၊ ခွက်မရှိလေတော့ ထည့်စရာလည်းမရှိဘူး၊ မပြည့်တာလည်း မရှိဘူး၊ ပြည့်လို့ လျှံကျတယ်ဆိုတဲ့ ပြဿနာလည်း မရှိတော့ဘူးပေါ့ ဒကာကြီးရယ်' လို့ မိန့်တော်မူလိုက်တဲ့အခါမှာ ကျောင်းဆရာကြီးဟာ တွေတွေကြီးရပ်နေပြီး ဆတ်ခနဲ မြေပြင်ပေါ်ကို ဒူးထောက်ချလိုက်ပြီး ဦးပဉ္ဇင်းရဲ့ခြေအစုံကို ဦးခေါင်းနဲ့တိုက်ပြီး ကျေနပ်ဝမ်းမြောက်စွာနဲ့ ရှိခိုးလိုက်ပါတယ်၊ ပြီးတော့ ဦးပဉ္ဇင်းကို ပြုံးပြလိုက်တယ်၊ အဲဒီအပြုံးဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အပြုံးဖြစ်တယ်"

ဟူ၍ ကိုပီတာကြီးက ကျွန်ုပ်အား စိတ်ရှည်လက်ရှည်ပြောပြပြီး ကျွန်ုပ်၏ကျောကုန်းကို သူ၏ လက်သီးကြီးဖြင့် အုန်းကနဲထုကာ. .

"ဟေ့. . မင်းသိခ်၊ မင်းရဲ့ခွက်ကြီးကလည်း ပြည့်လျှံနေပြီကွ၊ ခွက်ထဲကအရာတွေကို အမြန်ဆုံးသွန်ချပစ်လိုက်၊ ဒါမှမဟုတ် အဲဒီထည့်စရာ ခွက်ကြီးပါမရှိအောင် ဆုံးဖြတ်လိုက်တော့ဟေ့"

http://www.cherrythitsar.org



ဟုပြောဆိုကာ သွက်လက်ပေါ့ပါးသော ခြေလှမ်းများဖြင့်ထွက်သွားရင်း ကျွန်ုပ်အား ကျောခိုင်းလျက် အနေအထားမှ . .

"ငါသွားမယ်၊ ပြီးတော့ ငါလာဦးမယ်. . "

ဟု နှုတ်ဆက်သွားလေတော့သတည်း။

****

# ဆိတ်သားကြော်ပူပူလေးနှင့် ကျောက်ဖရုံသီးဟင်းခါး

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန် မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံအတွင်းသို့ ကျွန်ုပ်နှင့် သိဟောင်းကျွမ်းဟောင်းဖြစ်သော ကိုပီတာ ဆိုသည့် စိတ်ဝေဒနာရှင်တစ်ဦး ရောက်ရှိလာလေ၏။ ကိုပီတာကြီးသည် ကျွန်ုပ်ကို တွေ့လျှင်တွေ့ချင်း . .

"'ဟော့ . . . မစ္စတာမင်းသိခ်၊ ဂွတ်ဒ်မောနင်း . . ဂွတ်ဒ်နိုက် . . ."

ဟု နှုတ်ဆက်လိုက်လေတော့၏။

"ကဲပါဗျာ၊ ကိုးရိုးကားယား နှုတ်ဆက်မနေစမ်းပါနဲ့၊

http://www.cherrythitsar.org



ခင်ဗျားအတွက် မနက်စာချက်မယ်ဗျ၊ ဘာဟင်းနဲ့ စားမလဲ ပြောစမ်းပါဦး. . ”

ဟု ကျွန်ုပ်က မေးရာ. .

“အရမ်းပြောလို့တော့ မဖြစ်ဘူး ကိုယ့်လူရဲ့၊ အစာလည်းဆေး၊ ဆေးလည်းအစာလို့ ဆိုထားတယ်မဟုတ်လား၊ အဲဒီတော့ ကိုယ်စားတဲ့ အစားအသောက်ဟာ ကိုယ့်အတွက် ဆေးဖြစ်ဖို့တော့ လိုတာပေါ့”

ဟု ကိုပီတာကြီးက ကျွန်ုပ်အား အတည်ပေါက်နှင့် ပြောနေလေ၏။

“ကဲပါဗျာ၊ ခင်ဗျားအတွက် ဆေးဖြစ်မယ့် အစားအသောက်ပဲပြောပါ၊ ကျုပ်က ဈေးသွားရဦးမှာဗျ”

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်မိလေ၏။ ထိုအခါ ကိုပီတာကြီးက. .

“ငါက အလွန်အစွမ်းထက်တဲ့ မြန်မာဆေးပညာ တစ်ရပ်ကို ဆရာကောင်းဆီမှာ တပည့်ခံပြီး သင်ယူထားဖူးတယ်ကွ၊ ဒါကြောင့် သူတစ်ပါးကို ကုပေးနိုင်လောက်အောင် မကျွမ်းကျင်ပေမဲ့ ကိုယ့်ဟာကိုယ်တော့ ဘယ်အသက်ပိုင်းမှာ ဘယ်လိုစား

http://www.cherrythitsar.org



ရမယ်၊ ဘယ်ဟာတွေ ရှောင်ရမယ်ဆိုတာတော့ သိတာပေါ့ ငါ့လူရာ၊ အဲဒါကြောင့် ငါ့ဘဝမှာ ပေးတိုင်းလည်း မယူဘူး၊ ကျွေးတိုင်းလည်း မစားဘူး၊ ငါနဲ့တည့်တဲ့အစာမှ စားတာ"

ဟု အတည်ပေါက်နှင့် ကျွန်ုပ်အားပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ကိုပီတာကြီး. . တကယ်ပြောနေတာလား"

ဟု ပြန်၍မေးလိုက်လေ၏။

"တကယ်ပြောနေတာပေါ့ ငါ့လူရ၊ ငါ တကယ်လေ့လာထားတာပါ"

ဟု ကိုပီတာကြီးက ပြန်၍ပြောလေ၏။

"အဲဒီလိုဆိုလည်း ခင်ဗျားပညာတွေ ရှင်းပြစမ်းပါဦး"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကိုပီတာကြီးက. .

"လူမှာက အသက်ပိုင်းအလိုက် အပူအအေး ပြောင်းနေတယ်ကွ၊ ပုံသေမဟုတ်ဘူး၊ အဲဒါကို ငါရဲ့ဆရာက ဘယ်လိုသင်ပေးထားသလဲဆိုတော့ ကိုယ်ရောက်နေတဲ့အသက်ကို (၇)နဲ့စားရတယ်ကွ၊ (၁) ဖြစ်စေ၊ (၃)ဖြစ်စေ၊ (၆)ဖြစ်စေကြွင်းရင် အပူ

http://www.cherrythitsar.org



သက်ရောက်လို့ဆိုတယ်၊ (၂) ဖြစ်စေ၊ (၀) ဖြစ်စေ၊ (၄)ဖြစ်စေ၊ (၅)ဖြစ်စေကြွင်းရင် အအေးသက်ရောက်လို့ခေါ်တယ်ကွ၊ အဲဒါကိုမှ 'ဆောင်-ပျက်-ခိုက်-ငုပ်-လွန်-ဆုံး-ချုပ်'ဆိုတဲ့ ဓာတ်သွားခုနစ်မျိုးနဲ့ဖမ်းပြီး အစားစားရတာကွ၊ ဒီနှစ် ငါက (၁)ကြွင်းပြီး အပူသက်ရောက် ရောက်နေတယ်၊ ဒါကြောင့် ထမင်းပူပူလေးနဲ့ ဆိတ်သားပြုတ်ကြော်ပူပူလေး၊ ကျောက်ဖရုံသီးဟင်းခါး၊ ငရုတ်သီးတောင့်ကြော်၊ ငါးပိကြော်၊ ပိန္နဲကွင်း၊ အဲဒါနဲ့ စားမယ်ကွာ၊ ထမင်းစားပြီးတဲ့အခါမှာလည်း အချိုပွဲမှာ နွားနို့သောက်မယ်၊ ဆီထမင်းပါရင် ပိုကောင်းသေးတယ်"

ဟု ပြောလေတော့၏။

"ဒီမှာ ကိုပီတာကြီး၊ ခင်ဗျားပြောတာတွေ ကျုပ်တော့နားမလည်ဘူး၊ ဒါပေမဲ့ ခင်ဗျားက ဧည့်သည်၊ ကျုပ်ကအိမ်ရှင်၊ ခင်ဗျား စားချင်တာတွေ ချက်ကျွေးပါ့မယ်ဗျာ၊ ခင်ဗျားဟာခင်ဗျား ပူချင်ပူ၊ အေးချင်အေး စားပေတော့၊ တစ်ခုတော့ ပြောချင်တယ်ဗျာ၊ နောက်နောင် လာရင် ရိုးရိုးစားစမ်းပါ၊ ဓာတ်စာလိုလို ဘာလိုလို မလုပ်စမ်းပါနဲ့၊ ချက်ရတာ ဦးနှောက်ခြောက်လွန်းလို့ပါ"

http://www.cherrythitsar.org



ဟု ကျွန်ုပ်ကပြောလိုက်ရာ ကိုပီတာကြီးက. .

"ကိုယ့်လူကတော့ ကိုယ့်လို အစားအသောက် မဆင်ခြင်တာနဲ့ ဒုက္ခရောက်ဦးမယ်နော်၊ အစာလည်းဆေး၊ ဆေးလည်းအစာ၊ ကိုပီတာကြီးပြောတာ မှတ်ထား. . "

ဟု ပြောလေ၏။ ကျွန်ုပ်သည် ကိုပီတာကြီးအားထမင်းကျွေးရန်အတွက် ဈေးသို့ပြေးရလေ၏။ ထို့နောက် ဆိတ်သားကို ပြုတ်ကြော်ကျွတ်ကျွတ်ကလေး လုပ်ပေးရ၏။ ငရုတ်ကောင်းနိုင်နိုင်နှင့် ကျောက်ဖရုံသီးဟင်းခါးလုပ်ပေးရ၏။ ငါးပိကြော်ပေးရ၏။ ပိန္နဲကွင်းများ လှီး၍ ပေးရ၏။ ဆီထမင်း ထိုးပေးရ၏။ ကိုပီတာကြီးသည် ကျွန်ုပ်ချက်ပြုတ်ကျွေးမွေးသော ထမင်းဟင်းလျာများသို့မဟုတ် ၎င်းပြောသည့်ခာတ်စာများကို မြိန်ရှက်စွာစားသောက်လေ၏။ ထိုအချိန်၌မှာပင် တစ်ခါက ကျွန်ုပ်နှင့်ပတ်သက်ခဲ့ဖူးသော မိန်းမကြီး ရောက်လာပြီးလျှင်ကျွန်ုပ်ထံ၌ ငွေချေးလေ၏။ ကျွန်ုပ်မှာ ကုန်ကျရန်လုပ်ငန်းများရှိသောကြောင့် မချေးနိုင်ကြောင်းပြောလျှင် ထိုမိန်းမကြီးက ကျွန်ုပ်အား စကားသုံးမျိုးဖြင့် နှိပ်စက်လေတော့၏။ ပထမအမျိုးမှာ ငေါ့၍ပြောသော စကားများ ဖြစ်၏။

http://www.cherrythitsar.org



ဒုတိယပြောသော စကားများမှာ ထေ့၍ပြောသော စကားများဖြစ်၏။ တတိယအမျိုးမှာ တိုက်ခိုက်သော စကားများဖြစ်၏။ ကျွန်ုပ်သည် ထိုမိန်းမကြီး၏ ငေါ့၊ ထေ့၊ တိုက် သုံးမျိုးကို အလူးအလဲ ခံလိုက်ရပြီးနောက် မောဟိုက်၍ သွားလေတော့၏။

ထို့နောက် များမကြာမီအချိန်၌ ရောင်ပြန်မဂ္ဂဇင်းမှ အယ်ဒီတာချုပ်မောင်မောင်မြင့်အေး ရောက်လာလေ၏။ သူသည် ကျွန်ုပ်ကိုတွေ့လျှင်တွေ့ချင်း. .

"ဝမ်းသာပေတော့ ဆရာကြီးရေ၊ မနက်ဖြန် (၈) နာရီကို စာပေစိစစ်ရေးရုံးကို အရောက်သွားရမယ်၊ ထုတ်ဝေခွင့် ထုတ်ပေးလိမ့်မယ်၊ ပေးတဲ့ထုတ်ဝေခွင့်က သိပ်ပြီးအဖိုးတန်တယ်၊ ဂျင်နရယ်လ်လို့ ခေါ်တယ်"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း လွန်စွာဝမ်းသာ၍ သွားလေ၏။

"ဝမ်းသာလိုက်တာကွာ၊ အဲဒီဆရာတွေကို ကျေးဇူးလည်းတင်ပါတယ်ကွာ"

ဟု ကျွန်ုပ်က အားရဝမ်းသာပြောလိုက်လေ၏။ ထိုအခါ ထမင်းစားနေသော ကိုပီတာကြီးက. .

“ဘယ်လိုလဲ. . ကိုယ့်လူရဲ့ ဟိုမိန်းမကြီးလာတုန်း ကတော့ စိတ်တွေညစ်လို့ ခု ဒီဆရာရောက်လာ တော့ ပျော်လိုက်တာမပြောနဲ့တော့၊ ကိုယ်ရင့် မှု(ဖ်) တွေကလည်း အပြောင်းအလဲ မြန်လှချည့်လား”

ဟု မချိုမချဉ်မျက်နှာနှင့် ပြောလေ၏။

“ဟုတ်ပါရဲ့ဗျာ၊ ကိုပီတာကြီးပြောမယ်ဆိုလည်း ပြောစရာပဲ၊ တစ်နေ့တစ်နေ့ စိတ်ညစ်စရာတွေ တစ်ပုံတစ်ခေါင်းကြီး ရောက်လာတယ်၊ အဲဒီလိုပဲ ပျော်စရာတွေလည်း ပါလာတယ်ဗျာ. . ”

ဟု ကျွန်ုပ်က ခပ်ညည်းညည်းလေး ပြောလိုက်မိ လေ၏။

“မင်းကို ငါ ပုံလေးတစ်ပုံပြောပြမယ်ကွ၊ ဟိုရှေး ရှေးတုန်းက ဘုရင်ကြီးတစ်ပါးရှိတယ်၊ အဲဒီဘုရင် ရဲ့တိုင်းပြည်ကို တခြားအင်အားကြီးတဲ့ တိုင်းပြည် က ဘုရင်တွေက တိုက်ခိုက်ဖို့ ကြံစည်နေတယ်၊ အဲဒီမှာ ဘုရင်ကြီးဟာ စိတ်ညစ်ရတော့တာပေါ့ ကွာ၊ အဲဒီတော့ သူနဲ့ရင်းနှီးတဲ့ ရသေ့ကြီးဆီမှာ အဆောင်ကလေးတစ်ခု သွားပြီးတောင်းတယ်၊ သူတောင်းတဲ့အဆောင်က စိတ်ညစ်စရာတွေနဲ့

http://www.cherrythitsar.org



ကြုံရင်လည်း စိတ်မညစ်ရဘဲ ပြေပျောက်သွားရမယ်တဲ့၊ ပျော်စရာနဲ့ ကြုံရင်လည်း အရမ်းမပျော်ဘဲ တည်တည်ငြိမ်ငြိမ်ဖြစ်သွားရမယ်တဲ့၊ အဲဒီလို အစွမ်းထက်တဲ့ အဆောင်ကလေးတစ်ခုပေးပါလို့ တောင်းတယ်၊ အဲဒီတော့ ရသေ့ကြီးက ကျောက်အနက်ကလေးနဲ့ကွင်းထားတဲ့ လက်စွပ်ကလေးတစ်ကွင်း လုပ်ပေးလိုက်တယ်၊ လက်မှာဝတ်ထားဖို့လည်း မှာလိုက်တယ်၊ ပြီးတော့ စိတ်ညစ်စရာကြုံတဲ့အခါမှာ ဒီလက်စွပ်ကျောက်ကို စိုက်ပြီးကြည့်လိုက်တဲ့၊ ကြည့်တဲ့အခါမှာ အလင်းရောင်မှာ မကြည့်နဲ့တဲ့၊ ကျောက်က အလင်းပြန်တော့ ဘာမှတွေ့ရမှာ မဟုတ်ဘူးတဲ့၊ အမှောင်ရှိတဲ့နေရာမှာ ကြည့်တဲ့၊ သိပ်ပြီးပျော်လာတဲ့အခါမျိုးမှာလည်း အဲဒီလိုပဲ လက်စွပ်ကလေးကို ကြည့်ပါတဲ့၊ အဲဒီအခါမှာ ဘုရင်ကြီးဟာ သူလိုချင်တဲ့ အဆောင်လက်စွပ်ကလေးရတဲ့အတွက် အလွန်ပဲ ဝမ်းသာသွားတယ်၊ အဲဒီလက်စွပ်ကလေးရပြီး သိပ်ပြီးမကြာပါဘူး၊ အခြားတိုင်းပြည်က ဘုရင်တွေရဲ့ ခြိမ်းခြောက်မှုဟာ ပိုပြီးပြင်းထန်လာတဲ့အတွက်

http://www.cherrythitsar.org



ဘုရင်ကြီးဟာ အတော့်ကို စိတ်ညစ်သွားတယ်၊ တုန်လည်း တုန်လှုပ်သွားရှာတယ်၊ အဲဒီအခါမှာ ဘုရင်ကြီးဟာ မှောင်ရိပ်ရှိတဲ့ ကျောက်တောင်လေးနားကိုကပ်သွားပြီး လက်စွပ်ကျောက်ကို စိုက်ပြီးကြည့်လိုက်တယ်၊ ရသေ့ကြီးက အဲဒီကျောက်ထဲမှာ စာထွင်းပြီး ထည့်ထားတာ၊ မှောင်ရိပ်ခိုပြီး ဘုရင်ကြီးဟာ အဲဒီကျောက်နက်ကလေးကို စိုက်ကြည့်လိုက်တဲ့အခါမှာ ကျောက်နက်ကလေးထဲကစာကို ကောင်းကောင်းကြီး ဖတ်လို့ရသွားတယ်၊ ဖတ်မိတာနဲ့တစ်ပြိုင်နက် စိတ်ညစ်တာတွေ၊ ထိတ်လန့်တာတွေ၊ စိုးရိမ်တာတွေ လုံးဝလွင့်ပျောက်သွားတယ်၊ အဲဒီကျောက်နက်ထဲကစာက ဘာလဲဆိုရင်

**"ပြီးသွားမှာပါ"**

ဆိုတဲ့ စာပဲ၊ ဆိုလိုတာကတော့ စိတ်ညစ်မနေပါနဲ့၊ သူ့ညာသာသူ ပြီးသွားမှာပါတဲ့"

ဟု ကိုပီတာကြီးက စိတ်ရှည်လက်ရှည် ပြောပြ

လိုက်လေ၏။ ကျွန်ုပ်လည်း ၎င်း၏ပုံပြင်ကို လွန်စွာ သဘောကျသွား၏။ စောစောက မိန်းမကြီးရောက်လာပြီး ဒုက္ခပေးသောကြောင့် စိတ်ညစ်ရခြင်းများသည်လည်း ယခုအခါ၌ 'ပြီးသွားပါပြီ'၊ ထို့ကြောင့် 'ပြီးသွားမှာပါ' ဆိုသော စာကလေးသည် ကိစ္စတိုင်းအတွက် သက်သာခွင့် ရရုံမျှမက စိတ်ဒုက္ခမှလည်း လွတ်မြောက်စေနိုင်သည်ဆို သည်ကို ကျွန်ုပ် ကောင်းစွာသဘောပေါက်သွားလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ဟုတ်ပဲ့. . ကိုပီတာကြီးရယ်၊ ဘာတွေပဲဖြစ်ဖြစ် ပြီးသွားမှာပါ၊ သိပ်ပြီးကောင်းတယ်ဗျာ. . "

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုပီတာကြီးက ကျွန်ုပ်၏ကျောကုန်းကို ဘုန်းကနဲ ထု၍. .

"မင်းက ငါ့ကို ဓာတ်စာကျွေးတယ်၊ ငါက မင်းကို 'ပြီးသွားမှာပါ' ဆိုတဲ့ စကားလေး လက်ဆောင် ပေးခဲ့တယ် ကိုယ့်လူရေ. . "

ဟု ဆိုကာ လွတ်လပ်ပေ့ါပါးသော ခြေလှမ်းများ ဖြင့် ခြံတွင်းမှ ထွက်သွားလေတော့သတည်း။

****

http://www.cherrythitsar.org



# လက်ဖက်၊ သရက်သီးနှင့်ချက်သော ဝက်သားဟင်း

တစ်နေ့သ၌ ကျွန်ုပ်၏ခြံအတွင်းသို့ ကျွန်ုပ်နှင့် သိဟောင်းကျွမ်းဟောင်းဖြစ်သော ကိုပီတာဆိုသည့် စိတ်မနှံ့သူလူကြီးတစ်ဦး ဝတ်ကောင်းစားလှများဝတ်၍ ရောက်ရှိလာလေ၏။ သူသည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း..

"မစ္စတာမင်းသိခ်၊ ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ်နိုက်.."

ဟု ကိုးရိုးကားယား နှုတ်ဆက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က..

"လုပ်ပြီ..."

http://www.cherrythitsar.org



ဟု ရေရွတ်လိုက်မိလေ၏။

"အမြဲတမ်း မောနင်းမရှိဘူးလေ၊ အမြဲတမ်းလည်း နိုက်မရှိဘူး၊ ဒါကြောင့် နှစ်မျိုး နှုတ်ဆက်တာ၊ စိတ်မဆိုးပါနဲ့"

ဟု ၎င်းက ပြောလေ၏။

"ကဲပါဗျာ. . ဒါတွေ ထားလိုက်ပါတော့၊ မနက်စာဘာနဲ့စားမလဲ၊ ကောင်းကောင်းမွန်မွန်ပြောနော်၊ ခေတ်စာလိုလို ဘာလိုလိုမပြောနဲ့ ဝယ်ရခက်တယ်"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ၎င်းကိုပီတာကြီးက. .

"ကတ်သီးကတ်သတ်တွေ မစားတတ်ပါဘူး၊ ရိုးရိုးလွယ်လွယ်ပဲ စားတတ်တယ်၊ ဝက်သားဟင်းနဲ့စားမယ်၊ ဝက်သားကိုတုံးပြီး ငရုတ်သီးကြက်သွန်နဲ့ အိုးထဲမှာလုံးမယ်၊ ဆီကကျက်ပြီး ဆက်ရက်(ဇရက်) မြည်သံ ဗျစ်ဗျစ်နဲ့ထွက်လာတဲ့အခါမှာ ရခိုင်ငှက်ပျောသီး ပျော်ပျော်တွေထည့်မယ်၊ ပြီးတော့ မွှေမယ်၊ အဲဒီတော့ ငှက်ပျောသီးထဲက အချို အဖန်ဓာတ်တွေက ဝက်သားထဲကို ဝင်မယ်၊ ဝက်သားထဲက အအီတွေဟာ အနှစ်ထဲကိုဝင်မယ်၊ အနှစ်တွေလည်း အများကြီးရမယ်၊ ပြီးတော့မှ

http://www.cherrythitsar.org



သရက်သီးမှည့်ကို ပေါက်ပြီးထည့်မယ်၊ သရက်သီးတွေ ကျေသွားတဲ့အခါ လက်ဖက်အသားချည်းထည့်မယ်၊ ပြီးတော့ ရေထည့်မယ်၊ ရေနှစ်ခါခမ်းအောင်ချက်မယ်၊ ဒါမှ ဝက်သားအခေါက်ပါ နူးမှာ၊ 'အသားမှာ ဝက်၊ အသီးမှာ သရက်၊ အရွက်မှာ လက်ဖက်'၊ အကောင်းဆုံး သုံးမျိုးပေါင်းချက်ပြီးသားဖြစ်မယ်၊ အဲဒါက တစ်ခွက်၊ ကျောက်ဖရုံသီးကို ဘဲရိုးနဲ့ ဟင်းချိုချက်မယ်၊ ကြက်သည်းကြက်မြစ်နဲ့ ပန်းဂေါ်ဖီကြော်မယ်၊ ဒီလိုဟင်းမျိုးက ငါးပိရည်နဲ့စားလို့ မကောင်းဘူး၊ ဘာလချောင်ကြော်လောက်တော့လုပ်မှ၊ ပြီးတော့ ကြက်သွန်ဥကြီးတွေကို အကွင်းလိုက်လှီးပြီး ဆားနဲ့နယ်မယ်၊ ဒါမှ မွှန်တဲ့ဟာတွေ ထွက်သွားမှာ၊ ပြီးတော့ ရေဆေးပြီး ရှာလကာရည်ဆမ်းမယ်၊ ပီတာ့အဖို့ အဲဒီလောက်စားရရင် အာဂပါးစပ် လူဖြစ်ကျိုးနပ်ပါပြီ၊ ကတ်သီးကတ်သတ်တွေလည်း မစားတတ်ပါဘူး"

ဟုပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"မစားတတ်ပေလို့ တော်တော့တယ်ဗျာ၊ ခင်ဗျားဝက်သားဟင်းကလည်း လက်ဖက်တွေရော၊

http://www.cherrythitsar.org



သရက်သီးတွေရော၊ ငှက်ပျောသီးတွေရော. . စားကောင်းရဲ့လား၊ သေကြေကုန်ပါဦးမယ် ကိုပီတာကြီးရယ်. . . ”

ဟု ကျွန်ုပ်ကပြောလျှင် ၎င်းက. .

“ကိုယ်ရင်မစားရဲရင် မစားပါနဲ့၊ အန္တရာယ်ရှိပါတယ်၊ ကိုပီတာကြီးပဲ စားပဲ့မယ်၊ ချက်မှာသာ ချက်စမ်းပါ၊ တယ်လည်း ကြောင့်ကျတတ်သကို၊ ပြောလက်စနဲ့ ပြောရဦးမယ်၊ ထမင်းစားပြီးရင် အချိုပွဲလိုတယ်လေ၊ ဒိန်ချဉ်ကောင်းကောင်း တစ်ခွက်ဝယ်မယ်၊ ဒိန်ချဉ်က လက်ဖက်ရည်ပန်းကန်လုံး နှစ်လုံးစာလောက်ဆိုရင် လုံလောက်ပါပြီ၊ အဲဒီအထဲကို စတော်ဘယ်ရီယို ကြွေဇွန်းကြီးနဲ့ နှစ်ဇွန်းခပ်မယ်၊ သမအောင် ခေါက်မယ်၊ ပြီးတော့မှ ရေခဲထည့်မယ်၊ အဲဒါသောက်မယ်၊ ဒိန်ချဉ်ဟာ စတော်ဘယ်ရီယိုနဲ့ပေါင်းလိုက်တဲ့အခါမှာ ပန်းနုရောင်လဗ်ဘ်ကာလာလေးဖြစ်သွားမယ်၊ ကြည့်လို့သိပ်ကောင်းတာပဲ၊ အချဉ်အရသာရယ်၊ အချိုအရသာရယ် ပေါင်းပြီးသွားတော့ သောက်လို့ သိပ်ပြီးကောင်းတာပဲ၊ ဒါလောက်ပါပဲ၊ ပီတာကြီးတို့က

http://www.cherrythitsar.org



ကတ်သီးကတ်သတ်လည်း မစားတတ်ပါဘူး၊ ဖြစ်တယ်မို့လား”

ဟု ကျွန်ုပ်အား ပြန်၍မေးလေ၏။

“ဒီအချိန်ဟာ ဝမ်းရောဂါတွေဖြစ်တတ်တယ်ဗျ၊ ခင်ဗျားပြောတာတွေ ဖြစ်ပါ့မလား၊ ဝမ်းတွေ ဘာတွေ ပျက်ပြီး သေသွားဦးမယ်နော်”

ဟု ကျွန်ုပ်က သတိပေးလိုက်ရာ ၎င်းက. .

“ကိုယ်ရင် မသောက်ရဲရင် မသောက်ပါနဲ့၊ ပီတာကြီးသောက်မှာပါ။ ကိုယ်ရင်ဟာ တယ်ပြီး အကြောင့်အကျများတာကိုး. . . ”

ဟု ပြန်၍ပြောလေ၏။

“စတော်ဘယ်ရီယိုတွေဘာတွေက အခန့်မသင့်ရင် တစ်ညလုံးချောင်းဆိုးနေတာဗျ. . ”

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုပီတာကြီးက. .

“တစ်ညလုံးချောင်းဆိုးတော့ သူခိုးမလာဘူးပေါ့ ငါ့လူရာ၊ အကြောင့်အကျ မများစမ်းပါနဲ့. . ”

ဟု ကျွန်ုပ်အား ပြန်၍ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း မှော်ဘီဈေးသို့ ပြေးရလေ၏။ ကျောက်ဖရုံသီး၊ ဝက်သား၊ ငှက်ပျောသီး၊

လက်ဖက် စသည်တို့ကို ဝယ်ရလေ၏။ ပြီးလျှင် ကိုပီတာကြီးပြောသည့်အတိုင်း ချက်ပြုတ်ရလေ၏။ ပြီးနောက် စိတ်မနှံ့သော ကိုပီတာကြီးအား ညှော်ကောင်းဆောင်ကောင်းအဖြစ် သဘောထားကာ တည်ခင်းကျွေးမွေးရလေ၏။

ကိုပီတာကြီးသည် မြိန်ရှက်စွာစားသောက်နေလေ၏။ စားနေရင်းနှင့်လည်း 'ဘဲရီးဂွတ်ဒ်၊ ဘဲရီးဘတ်ဒ်' ဟုပြောနေလေ၏။ ထို့နောက်ကျွန်ုပ်ဘက်သို့လှည့်ကာ. .

"ဟေ့. . ဖိုးအောင်ထွန်း၊ ကိုယ်ကြားဖူးတဲ့ ဟိန္ဒူပုံပြင်လေးတစ်ပုဒ် ပြောပြမယ်၊ တစ်ခါက နာရာဒဆိုတဲ့ လူတစ်ယောက် ရှိတယ်ဆိုပဲ၊ အဲဒီလူဟာ ကောင်းကင်ဘုံက ပုဂ္ဂိုလ်တွေနဲ့ စကားပြောလို့ရတယ်တဲ့၊ တစ်နေ့မှာ နာရာဒဟာ တောအုပ်ကြီးတစ်ခုအတွင်းကို ဖြတ်ဝင်သွားတယ်၊ သစ်ပင်တစ်ပင်အောက်မှာ ယောဂီကြီးတစ်ဦး ထိုင်နေတာကို တွေ့ရတယ်၊ သူ့ရဲ့အကျင့်က ထိုင်ပြီးကျင့်ရတဲ့ အကျင့်ဖြစ်တယ်၊ အဲဒီယောဂီကြီးကို နာရာဒက 'ဒီနေ့ ကောင်းကင်ဘုံက ပုဂ္ဂိုလ်တွေနဲ့ တွေ့ဖို့ရှိတယ်၊ ဘာမှာဦးမလဲ' လို့ မေးလိုက်တယ်၊ အဲဒီ

တော့ ယောဂီကြီးက 'ကျုပ် ဒီလိုထိုင်ပြီးကျင့်နေတာ အနှစ်လေးဆယ်ရှိပြီ၊ ဘယ်တော့ ကောင်းကင်ဘုံ တံခါးကို ဖွင့်ပေးမလဲလို့ မေးလိုက်စမ်းပါ' လို့ ပြန် ပြီးပြောတယ်၊ အဲဒီမှာ နာရာဒက 'ကောင်းပြီလေ၊ မေးပေးပါ့မယ်' ဆိုပြီး ထွက်သွားတယ်၊ တောနက် ထဲကိုရောက်တော့ ကောင်းကင်ကိုမော့ပြီး ယောဂီ ကြီးမေးတဲ့စကားကို ကောင်းကင်ဘုံက ပုဂ္ဂိုလ်တွေ ကို မေးပေးတယ်၊ အဲဒီမှာ ကောင်းကင်ဘုံက အသံ တစ်သံကြားရတယ်၊ အဲဒီ ယောဂီထိုင်နေတဲ့ သစ်ပင် မှာရှိတဲ့ သစ်ရွက်အရေအတွက်ဟာ သူဖြည့်ကျင့် ဖို့ကျန်တဲ့ ဘဝအရေအတွက်ပဲ' လို့ ပြန်ပြီးဖြေတယ်၊ အဲဒီအဖြေကို နာရာဒက ယောဂီကြီးထံပြန်လာပြီး ပြောပြတယ်၊ အဲဒီမှာ ယောဂီကြီးက အတော့်ကို ဒေါပွသွားတယ်၊ အခုလုပ်လာတာလည်း အနှစ် လေးဆယ်ရှိပြီ၊ ဒါကလည်း မပြီးသေးဘူး၊ နောက် လုပ်ရမယ့်ဟာတွေကလည်း နှစ်တွေမဟုတ်ဘူး၊ ဘဝတွေတဲ့၊ သစ်ရွက်အရေအတွက်လောက် လုပ် ရမယ်ဆိုတော့ သစ်ရွက်အရေအတွက်ကလည်း မနည်းဘူး၊ သစ်ပင်ကလည်း မကျည်းပင်၊ မလုပ်

http://www.cherrythitsar.org



တော့ဘူး၊ ပြန်မယ်’ ဟုဆိုပြီး ထပြီးပြန်သွားတယ်၊ အဲဒီအခါမှာ နာရာဒဟာ ရှေ့ဆက်ပြီးလျှောက်သွားတော့ သစ်ပင်တစ်ပင်အောက်မှာ ယောဂီလူငယ်တစ်ယောက် ခုန်နေတာကို တွေ့ရတယ်၊ အဲဒီယောဂီလေးကို နာရာဒက ကောင်းကင်ကို ဘာမှာချင်သေးသလဲ၊ သူဒီနေ့ ကောင်းကင်ဘုံက ပုဂ္ဂိုလ်တွေနဲ့ စကားပြောစရာရှိတယ်လို့ ပြောလိုက်တယ်၊ အဲဒီယောဂီလေး ကျင့်နေတဲ့ကျင့်စဉ်က ခုန်ပြီးကျင့်တဲ့ ကျင့်စဉ်လို့ဆိုတယ်၊ ယောဂီလေးက ‘ကျုပ်ကတော့ ကျင့်နေတာပါပဲ၊ ကောင်းကင်ကို မေးပေးစေချင်တာကတော့ နောက်ထပ် ဘယ်လောက်ခုန်ရဦးမှာလဲ’ လို့ ပြန်ပြီး ပြောလိုက်တယ်၊ အဲဒီအခါမှာ နာရာဒက တောထဲကိုဝင်သွားပြန်တယ်၊ ကောင်းကင်ကို မော့ပြီးတော့ ယောဂီလေးအတွက်မေးပေးပြန်တယ်၊ ကောင်းကင်ဘုံကလည်း ပြန်ပြီးဖြေတယ်၊ ဒီတောထဲမှာရှိတဲ့ မန်ကျည်းပင်တွေမှာရှိတဲ့ မန်ကျည်းရွက်ကလေးတစ်ရွက်ဟာ ဘဝတစ်ခုပါ၊ အဲဒီဘဝတွေလောက် ခုန်ပြီးရင် တံခါးဖွင့်ပေးမယ်’ လို့ ပြန်ပြီးပြောတယ်၊ အဲဒီတော့

နာရာဒဟာ ယောဂီလေးဆီပြန်လာပြီး အဲဒီအတိုင်း ပြန်ပြောတယ်၊ ယောဂီလေးဟာ နာရာဒရဲ့စကား ကိုကြားတာနဲ့ အတော့်ကို ပျော်သွားတယ်၊ ပြီးတော့ 'ကော်တာပဲ၊ အရင်တုန်းက ဘယ်လောက်လုပ်ရ မှန်း မသိဘဲလုပ်နေရတာ၊ အခုတော့ အရေအတွက် ကို သိရပြီ၊ ဒီအချက်ဟာ အားရှိစရာကောင်းတဲ့ အချက်ပဲ၊ ဆက်ပြီး ခုန်မယ်' လို့ပြောပြီး ပျော့ပါး သွက်လက်တဲ့စိတ်နဲ့ ခုန်လိုက်တယ်၊ အဲဒီအခါမှာ ပဲ ကောင်းကင်ဘုံက ကောင်းချီးပေးသံကြားရ တော့တယ်၊ တံခါးဖွင့်လိုက်ပါပြီတဲ့၊ ဒီအချက်ကို ကြည့်ရင် ယောဂီအိုကြီးဟာ အတော့်ကို အကြောင့် အကျ များတယ်၊ ဘယ်လောက်လုပ်ပြီးပြီ၊ ဘယ် လောက်ကျန်သေးလဲ၊ အဲဒီလောက် အများကြီးဆို ခက်တော့တာပဲ၊ ဘာညာပေါ့၊ ယောဂီလူငယ်လေး ကတော့ အကြောင့်အကျနည်းတယ်၊ အရေအတွက် ကို မေးမယ့်မေးတာပါ၊ သူ့သဘောထားကတော့ မပွင့်မချင်း ခုန်မယ်ဆိုတဲ့ သဘောထားမျိုးရှိပြီး ဟန်တူပါတယ်၊ အဲဒီလိုလူမျိုးအတွက် ကောင်းကင် တံခါးဟာ အစဉ်သဖြင့် ပွင့်နေပါတယ်"

ဟု ပြော၍ ကိုပီတာကြီးသည် သူ၏ပုံပြင်ကို အဆုံးသတ်လိုက်ပြီးနောက် ထမင်းကိုဆက်၍စားနေလေ၏။

ကျွန်ုပ်လည်း သူ၏ပုံပြင်ကို ပြန်၍စဉ်းစားနေမိလေ၏။ ထိုအချိန်၌မှာပင် ကိုပီတာကြီးသည် ထမင်းစား၍ပြီးသွားပြီဖြစ်သောကြောင့် ဒိန်ချဉ်ကိုသောက်လေ၏။ ထို့နောက် ကျွန်ုပ်၏စီးကရက်ဗူးအတွင်းမှ စီးကရက်တစ်လိပ်ကိုနှိုက်ယူ၍ မီးညှိရှိုက်ဖွာကာ ကျွန်ုပ်အနီးသို့ လျှောက်လာပြီးလျှင် ကျွန်ုပ်၏ကျောကုန်းကို သူ၏လက်သီးကြီးဖြင့် ဘုန်းကနဲထုကာ. .

"ဟော့. . မင်းသိခ်၊ အကြောင့်အကျတွေ များနေတယ်၊ လျှော့ချလိုက်၊ လျှော့ချလိုက်၊ ကောင်းကင်တံခါးမပွင့်ဘဲ ငရဲတံခါးပွင့်သွားလိမ့်မယ်၊ ကိုင်း. . ကိုယ်သွားမယ်"

ဟုဆိုကာ လွတ်လပ်ပေါ့ပါးသော ခြေလှမ်းများဖြင့် ကျွန်ုပ်၏ခြံတွင်းမှ ထွက်သွားလေတော့သတည်း။

****

http://www.cherrythitsar.org



# ငါးပုတ်ခြောက်ဆီဆမ်းနှင့် ပဲနီလေးဟင်းချို

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန်၊ မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာဟု အမည်ပေးထားသော ခြံကြီးအတွင်းသို့ ကျွန်ုပ်၏မိတ်ဆွေ ကိုပီတာဆိုသည့် လူကြီးတစ်ဦး ရောက်ရှိလာလေ၏။ ကိုပီတာကြီးသည် စိတ်မနှံ့သူတစ်ဦးဖြစ်၏။ အများသူငါက အရူးဟု ခေါ်ကြသော်လည်း ကျွန်ုပ်မှာမူ ဤမျှလောက်အထိ ရင့်ရင့်သီးသီး မခေါ်ရက်ရှာပေ။ ကိုပီတာကြီးသည် ကျွန်ုပ်ကို များစွာခင်မင်၏။ ကျွန်ုပ်ကလည်း ၎င်းအား ခင်မင်လေ၏။ ထို့အတွက် ကျွန်ုပ်က ၎င်းအား သနားမိလေ၏။ ကိုပီတာကြီးသည် ကျွန်ုပ်ကိုမြင်လိုက်သည်နှင့် . .

http://www.cherrythitsar.org



"ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ်နိုက်. . ."

ဟု နှုတ်ဆက်လေ၏။ ကျွန်ုပ်က. .

"မနက်စာ ကိုပီတာကြီးကို ကောင်းကောင်းချက်ကျွေးရမယ်၊ ဘာစားချင်သလဲ ပြောဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ. .

"ပီတာ့ဘ၀က သူများကျွေးမှစားရတဲ့ဘ၀ပါ ငဲ့လူရာ၊ အဲဒီတော့ ဘာစားချင်တယ်ဆိုတာ မပြောတတ်ပါဘူး၊ ကျွေးတာစားပြီး ၀သွားရင် ပြီးတာပဲမဟုတ်လား၊ အဲဒါကြောင့် တစ်ယောက်ယောက်ကများ ဘာစားရမလဲလို့ မေးတဲ့အခါမှာ ဖွယ်ဖွယ်ရာရာ စီကာပတ်ကုံး မပြောတတ်ရိုးအမှန်ပါ၊ အဲဒီတော့ စားချင်တာလေးတွေ ပြောကြည့်မယ်၊ ကဝက်ကင်းဘက်က ငါးသလောက်ကိုရှာ၀ယ်ပြီး မန်ကျည်းမှည့်နဲ့ အချဉ်ဆီပြန်ချက်မယ်၊ ပြီးတော့ အရည်သောက်အတွက် ပဲနီလေးဟင်းချို၊ ရွှေပဲသီးကို ပုစွန်ဆိတ်နဲ့ကြော်မယ်၊ ဘူးသီးပြုတ်ကို တို့စရာလုပ်မယ်၊ ငံပြာရည်ကောင်းကောင်းနဲ့ ငံပြာရည်ချက်လုပ်မယ်၊ ပီတာတို့က ဒီလောက်ပဲ ပြောတတ်ပါတယ်၊ ထမင်းစားပြီးရင် ရေနွေးကြမ်းနဲ့မြည်းဖို့

က ရွှေကြည်ရယ်၊ အုန်းနို့ကျောက်ကျောရယ်၊ ငှက်
ပျောသီးပေါင်းရယ်. . ဒါလောက်ပါပဲ၊ ပြီးရင်တော့
စီးကရက်တစ်လိပ်လောက်ဖွာချင်တယ်"

ဟု ပြောလေတော့၏။ ထို့ကြောင့် ကျွန်ုပ်လည်း မှော်ဘီဈေးသို့ ပြေးရလေ၏။ သို့ရာတွင် ခြံအထွက်၌မှာပင် မချိုဆိုသော ဗေဒင်ဆရာမလေးနှင့် တွေ့လေ၏။ ၎င်းမချိုအား ကျွန်ုပ်သည် ဗေဒင်ပညာသင်ပေးခဲ့ဖူး၏။ မှော်ဘီမြို့၌ပင် ကျွန်ုပ်သင်ပေးသောပညာဖြင့် ဗေဒင်ဟောပြောလျက်ရှိလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ၎င်းအား ဈေးဝယ်ပေးရန်အကူအညီတောင်းရာ ၎င်းက လိုလိုချင်ချင်ပင် ကျွန်ုပ်ကိုယ်စား ဈေးဝယ်သွားလေတော့၏။ မချိုပြန်ရောက်လာသောအခါ၌ ကျွန်ုပ်မှာလိုက်သော ဟင်းချက်စရာများ ပြည့်စုံစွာပါလာလေ၏။ ထို့ကြောင့် ကျွန်ုပ်ကိုယ်တိုင် အကျအနချက်ပြုတ်၍ ကိုပီတာကြီးအား နံနက်စာကျွေးမွေးရလေ၏။

ကိုပီတာကြီးသည် ငါးသလောက်အချဉ်ဆီပြန်ဟင်းဖြင့် ထမင်းကို မြိန်ရှက်စွာ စားနေလေ၏။ ထိုအချိန်၌ အောင်အောင်ဆိုသည့် ကျွန်ုပ်တပည့်ကလေး ကျွန်ုပ်အနီးသို့ ရောက်လာလေ၏။

"အဘရေ. . နှစ်ဦးတုန်းက အိမ်ပြန်သွားတဲ့ အောင်ကျော်စိုးဆိုတဲ့ကောင်လေး ပြန်ရောက်လာပြီ အဘရဲ့. ."

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"တို့ခြံကိုလာနေကျ ကလေးတွေထဲက အောင်ကျော်စိုးက နှစ်ယောက်တောင်ရှိတာကွ၊ ဘယ်အောင်ကျော်စိုးလဲ"

ဟု ကျွန်ုပ်ကမေးရာ အောင်အောင်က. . .

"သွားခေါခေါနဲ့ အောင်ကျော်စိုးလေ"

ဟု ပြန်၍ပြောလေ၏။

"သြော်. . သိပြီ. . သိပြီ၊ ဒီကောင်က အဆိုတော်ရူးကွ၊ အဆိုတော်သိပ်ဖြစ်ချင်တာ၊ ပြောလို့လည်း မရဘူး၊ သွားခေါရင် အဆိုတော်ဖြစ်တယ်အောက်မေ့နေတာ၊ ငါက သူ့ကိုပြောပြတယ်၊ သွားခေါတာနဲ့ အဆိုတော်ဖြစ်တာနဲ့ မဆိုင်ဘူး၊ သွားခေါလို့ အဆိုတော်ဖြစ်မယ်ဆိုရင် တို့အဒေါ်ကြီးက သူ့ထက်တောင်ခေါသေးတယ်လို့ ပြောတာလည်း မရဘူး"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ အောင်အောင်က. .

http://www.cherrythitsar.org



"ဂီတပြိုင်ပွဲတစ်ခုက တယောပထမဆုကိုပေးတဲ့ ရွှေတံဆိပ်၊ ရွှေအစစ်နဲ့လုပ်ထားတာ၊ နှစ်ကျပ်သား လောက်ရှိတယ် အဘရဲ့၊ အဲဒါ အောင်ကျော်စိုး ရလာတယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က. .

"ဒီလိုရှိတာပေါ့ အောင်အောင်ရယ်၊ အဆိုဘက်က မဖြစ်ရင်လည်း အတီးအမှုတ်ဘက်က ချွန်နိုင်သေး တာပေါ့၊ တယောပြိုင်ပွဲမှာ ပထမဆုရတယ်ဆို တော့ ဒီကောင့် တယောလက်သံဟာ တော်တော့် ကို ကောင်းလိမ့်မယ်ကွ"

ဟု ကျွန်ုပ်ကချီးမွမ်းလိုက်ရာ အောင်အောင်က. .

"ပြိုင်ပွဲကရတာ မဟုတ်ဘူး အဘရဲ့၊ လက်ဖက် ရည်ဆိုင်စားပွဲပေါ်က သူများမေ့ကျန်ခဲ့တာကို ကောက်ရလာတာ၊ ရွှေတံဆိပ်ပိုင်ရှင်က တစ် ယောက်ယောက်ကို ထုတ်ပြပြီး ကြွားပါလိမ့်မယ်၊ ပြီးတော့ မေ့ကျန်ခဲ့မယ်၊ အဲဒီစားပွဲမှာ သူက ဝင် သောက်တော့ ကောက်ရလာခဲ့တာပါ"

ဟုပြောလျှင် ကျွန်ုပ်က. .

"ဟေ. . ."

http://www.cherrythitsar.org



ဟု ရေရွတ်မိလေ၏။ ထမင်းစားနေသော ကိုပီတာကြီးက တစ်ခစ်ခစ် ရယ်လေ၏။ ထို့နောက် ကျွန်ုပ်က. .

"ဘာပဲဖြစ်ဖြစ်ကွာ၊ ရွှေနှစ်ကျပ်သားရခဲ့တယ်ဆိုတော့ အောင်ကျော်စိုး ကံကောင်းတာပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်မိလေ၏။ ထိုအချိန်၌မှာပင် ခြံဝမှ ရုတ်ရုတ်သဲသဲ ဖြစ်နေသံကြားသဖြင့် အောင်အောင်ကို ကြည့်ရှုခိုင်းလိုက်ရာ အောင်အောင်လည်း သွား၍ကြည့်ရှုလေ၏။ ထို့နောက် ပြန်လာပြီးလျှင်. .

"ရွှေတံဆိပ်ပိုင်ရှင်က ရဲနဲ့လိုက်လာတာအဘရေ. ."

ဟု ပြောလေ၏။ ထိုစကားကိုကြားလျှင် ကိုပီတာကြီးသည် တစ်ခစ်ခစ်ရယ်ပြန်လေ၏။ ထိုအခါ ကျွန်ုပ်က. .

"ဒီကောင် နေရင်းထိုင်ရင်း ကံဆိုးတာပေါ့"

ဟု ညည်းညူလိုက်လေ၏။ မျှားမကြာမီ၌ အောင်ကျော်စိုး ကျွန်ုပ်အနီးသို့ ရောက်လာလေ၏။ ထို့နောက် အောင်ကျော်စိုးက. .

"အဘရေ. . ရေအဆုံး ကုန်းတစ်ဝက်ဆိုပြီး ရွှေတံဆိပ်ပိုင်ရှင်က ကျွန်တော့်ကို ငွေငါးသောင်း ဆုချသွားတယ်. . ."

ဟုဆိုကာ ငွေများကို ထောင်၍ပြလေ၏။ ထို အခါ ကျွန်ုပ်က. .

"ကံကောင်းတာပေါ့ကွာ. . "

ဟု ရေရွတ်လိုက်လေ၏။ ကိုပီတာကြီးကမူ လက်ဆေးရင်း တစ်ခစ်ခစ်ရယ်ပြန်လေ၏။ ထို့ကြောင့် ကျွန်ုပ်က ကိုပီတာကြီးအား. .

"ကိုပီတာကြီး ခင်ဗျားက ဘာတွေရယ်နေတာလဲ ဗျ"

ဟု မေးလိုက်ရာ ကိုပီတာကြီးက. .

"ကိုယ့်လူကို အကြံတစ်ခုပေးချင်တယ်၊ အဲဒီအကြံ က ဘာလဲဆိုရင် ကိုယ့်လူက တစ်ခုခုကြားလိုက် တာနဲ့ အဆုံးထိရောက်အောင် သွားနေတာကိုး၊ အဆုံးထိရောက်အောင် မသွားစမ်းပါနဲ့၊ အခုလည်း ကိုယ့်လူရဲ့တပည့် အောင်ကျော်စိုးလေး တယော ရွှေတံဆိပ် နှစ်ကျပ်သားလောက်ကလေးရတာနဲ့ ကံကောင်းတယ်လို့ အဆုံးထိသွားလိုက်တာကိုး၊ အဲဒီအချိန်မှာပဲ ရွှေတံဆိပ်က အောင်ကျော်စိုးရ တာမဟုတ်ဘူး၊ တခြားလူရတဲ့ တံဆိပ်၊ လက်ဖက် ရည်ဆိုင်စားပွဲပေါ်မှာရတဲ့လူက မေ့ကျန်ခဲ့တာဆို

http://www.cherrythitsar.org



တော့ ဟိုက ရဲခေါ်ပြီးလိုက်လာတာပေါ့၊ အဲဒီလို လည်း ကြားလိုက်ရော ကိုယ့်လူက အောင်ကျော်စိုး တော့ ကံဆိုးတာပဲဆိုပြီး အဆုံးထိသွားလိုက်ပြန် ရော၊ ဒါပေမဲ့ ဟိုက ဘာမှဒုက္ခပေးမသွားဘူး၊ ရေ အဆုံး ကုန်းတစ်ဝက်ဆိုပြီး ငွေငါးသောင်းပေးသွား ပြန်ရော၊ အောင်ကျော်စိုး ဘယ်မှာကံဆိုးလို့တုံး၊ ကိုယ့်လူက ကြားလိုက်တာနဲ့ အဆုံးထိ သွားပစ် လိုက်တာကိုး၊ အမှန်က ကြားတဲ့နေရာလောက်မှာ တင် ရပ်ထားသင့်တယ်၊ အဆုံးထိ မသွားလိုက် ပါနဲ့"

ဟု ပြောလေတော့၏။

"ကိုပီတာကြီးပြောတာ ဟုတ်သလိုလိုပဲ"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုပီတာကြီးက. .

"ဒီလို ကြားတဲ့နေရာမှာ မရပ်ဘဲ အဆုံးထိမသွားဖို့ ပြောတဲ့စကားဟာ ကိုယ့်ရဲ့စကား မဟုတ်ဘူးနော်၊ တရုတ်ပညာရှိကြီး လောင်ဖူးပြောခဲ့တဲ့စကား ကိုယ့် လူရဲ့၊ သူကတော့ ပုံပြင်ကလေးနဲ့ ပြောတာပဲ၊ ကိုယ့် လူကို အဲဒီ့ပုံပြင် ပြောပြဖူးတယ်လို့ ထင်တယ်၊ ကိုယ့်လူ မေ့သွားလို့ထင်ပါတယ်၊ အဲဒီတော့လည်း ထပ်ပြီးပြောပြရတာပေါ့"

http://www.cherrythitsar.org



ဟု ပြောလေ၏။

"ပြောပါဗျာ. . ကြားဖူးပြီးသားဆိုလည်း ကိစ္စမရှိပါဘူး၊ ထပ်ပြီးကြားရတော့လည်း မှတ်မိတာပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ ကိုပီတာကြီးက. .

"တစ်ခါက အဘိုးကြီးတစ်ယောက်ရှိတယ်၊ အဲဒီအဘိုးကြီးမှာ အလွန်လှပတဲ့ မြင်းကလေးတစ်ကောင်ရှိတယ်၊ မြင်းက မြင်းဖြူကလေး၊ မြင်းကလေးက ဘယ်လောက်လှသလဲဆိုရင် ဘုရင်ကတောင်သဘောကျပြီး အဘိုးကြီးဆီမှာ တောင်းပြီးဝယ်တယ်၊ အဲဒီ သတင်းလည်းကြားရော လူတွေကအဘိုးကြီးတော့ ကံကောင်းပြီ၊ ဘုရင်က ငွေတွေအများကြီးပေးမှာပဲလို့ ကြားတဲ့သတင်းအပေါ်မှာအဆုံးထိသွားပစ်လိုက်တယ်၊ ဒါပေမဲ့ အဘိုးကြီးကဘုရင်ကို မရောင်းဘူး၊ လူတွေက မြင်းလို့ထင်နေကြတာ၊ မြင်းမဟုတ်ဘူး၊ ဒါဟာ ငါ့ရဲ့သမီးပဲ၊ ဘာပြုလို့ရောင်းရမှာလဲလို့ အဘိုးကြီးက ပြောလိုက်တယ်၊ အဲဒီအခါမှာ ကြားရတဲ့လူတွေက အဘိုးကြီးတော့ကံဆိုးသွားပြီ၊ မြင်းကလေးကို ရောင်းပစ်လိုက်ရင်

http://www.cherrythitsar.org



သူ ချမ်းသာသွားမှာ၊ အခုလို ဆင်းဆင်းရဲရဲ မနေရဘူးလို့ ပြောကြပြန်တယ်၊ ဖြစ်ချင်တော့ ညတစ်ညမှာ အဲဒီမြင်းဖြူကလေးဟာ ဇောင်းထဲကနေပျောက်သွားတယ်၊ အဲဒီသတင်းလည်းကြားရော လူတွေက ရောင်းပစ်လိုက်ရင် ငွေတွေရမှာ၊ အခုတော့ ငွေလည်းမရဘူး၊ မြင်းလည်းဆုံးပြီ၊ အဘိုးကြီးတော့ ကံဆိုးပြီလို့ အဆုံးအထိ တွေးပြီး ပြောကြပြန်တယ်၊ ဒါပေမဲ့ ငါးရက်လောက်ကြာတဲ့အခါမှာ မြင်းဖြူကလေးဟာ အဘိုးကြီးဆီပြန်လာတယ်၊ ပြန်လာတဲ့နေရာမှာလည်း ရိုးရိုးမလာဘူး၊ တောထဲက မြင်းရိုင်းဆယ်ကောင်ပါ ခေါ်လာတယ်၊ အဲဒါကိုလည်းသိရော လူတွေက အဘိုးကြီးတော့ ကံကောင်းပြန်ပြီလို့ အဆုံးထိတွေးပြီး ပြောကြပြန်ရော၊ ပြီး. . သိပ်မကြာလှပါဘူး၊ အဘိုးကြီးရဲ့သားလူပျိုကလေးက မြင်းရိုင်းကိုတက်ပြီးစီးတာ မြင်းရိုင်းကခါချလို့ မြင်းပေါ်ကလိမ့်ကျပြီး ခြေထောက်ကျိုးသွားပါလေရော၊ အဲဒီအခါမှာ လူတွေက အဘိုးကြီးကို ကံဆိုးပြန်ပြီလို့ ပြောကြပြန်ရော၊ အဲဒီအဖြစ်အပျက်ဖြစ်ပြီး သိပ်ပြီးမကြာပါဘူး၊ ရန်သူတွေက

မြို့ကိုလာဝိုင်းလို့ လူငယ်လူရွယ်အားလုံး စစ်ထဲကို ဝင်ကြရတယ်၊ အဘိုးကြီးရဲ့သားလေးကိုတော့ ခြေထောက်မသန်လို့ဆိုပြီး စစ်ထဲကို ဝင်ခွင့်မပေးဘူး၊ စစ်ထဲဝင်တဲ့လူငယ်လေးတွေအားလုံး အိမ်ကို ပြန်မလာနိုင်ကြတော့ဘူး၊ စစ်မြေပြင်မှာ အသက်ဆုံးရှုံးသွားရတယ်၊ အဘိုးကြီးရဲ့သားလေးကတော့ မသေမပျောက်ရှိနေတယ်၊ အဲဒီအခါမှာ လူတွေက အဘိုးကြီးကို ကံကောင်းတယ်လို့ ပြောကြပြန်တယ်၊ အဲဒီပုံပြင်ဟာ လောက်ဇူး မကြာခဏ ပြောလေ့ရှိတဲ့ပုံပြင်ပဲ၊ ကြားလိုက်သိလိုက်တာနဲ့ အဆုံးထိ မတွေးလိုက်ပါနဲ့၊ ကြားတဲ့သိတဲ့နေရာမှာ ရပ်ထားလိုက်မှ တော်မယ် မင်းသိခ်ရေ. . ”

ဟုပြောကာ ကိုပီတာကြီးသည် ကျွန်ုပ်၏ကျောကုန်းကို လက်သီးဖြင့် ဘုန်းကနဲထုကာ ကျွန်ုပ်အား နှုတ်ဆက်၍ လွတ်လပ်ပေါ့ပါးသော ခြေလှမ်းများဖြင့် ခြံတွင်းမှ ထွက်သွားလေတော့သတည်း။

****

http://www.cherrythitsar.org

ရန်သူတွေကမြို့ကိုလာဝိုင်းလို့
လူငယ်လေးရွာကအားလုံး
စစ်ထဲကိုဝင်ကြရတယ်။
အဘိုးကြီးရဲ့သားလေးကိုတော့
ခြေထောက်မသန်လို့ဆိုပြီး
စစ်ထဲကိုဝင်ခွင့်မပေးဘူး။
စစ်ထဲဝင်တဲ့လူငယ်လေးတွေအားလုံး
အိမ်ကိုပြန် မလာနိုင်ကြတော့ဘူး။
စစ်မြေပြင်မှာအသက်ဆုံးရှုံး သွားရတယ်။
အဲဒီအချိန်မှာလူတွေကအဘိုး ကြီးကို
ကံကောင်းတယ်လို့ပြောကြပြန်တယ်။
ကြားလိုက်သိလိုက်တာနဲ့
အဆုံးထိမတွေးလိုက်ပါနဲ့။
ကြားတဲ့သိတဲ့နေရာမှာ
ရပ်တားလိုက်ကြတော်မယ်

http://www.cherrythitsar.org

# ဒညင်းသီးနှင့် ဝက်နို့အုံသား

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မှော်ဘီမြို့အစွန် မရမ်းတလင်းတောရှိ အယူတော်မင်္ဂလာခြံအတွင်းသို့ ကျွန်ုပ်၏မိတ်ဆွေဟောင်း ကိုပီတာဆိုသည့် လူကြီးတစ်ဦး ရောက်ရှိလာလေ၏။ ၎င်းကိုပီတာကြီးသည် စိတ်မနှံ့သူ တစ်ဦးဖြစ်၏။ ကျွန်ုပ်နေထိုင်ခဲ့သောရပ်ကွက်မှ လူများ သည် ၎င်းအား အရူးပီတာဟု ခေါ်ကြကုန်၏။ ကျွန်ုပ်ကမူ ထိုသို့မခေါ်ရက်ပါ။ သူသည် ကျွန်ုပ်ကို လွန်စွာခင်မင်၏။ ကျွန်ုပ်ရှိရာအရပ်သို့ ရောက်လာတတ်မြဲလည်းဖြစ်၏။ ကိုပီတာကြီးသည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း. .

"ဟော့. . ဖိုးအောင်ထွန်း ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ်နိုက်"

http://www.cherrythitsar.org



ဟု သူ၏ ထုံးစံအတိုင်း ကိုးရိုးကားရား နှုတ်ဆက်လေ၏။ ကျွန်ုပ်သည် ၎င်းအား ကျွန်ုပ်၏ခြံမှ ဖျော်သော မနောမယလက်ဖက်ရည်တစ်ခွက်တိုက်လိုက်၏။ ၎င်းက မသောက်မီကျွန်ုပ်အား. .

"ဘာလဲ. . "

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က. .

"သောကရတက် မပွေ့ရအောင် ခင်ဗျားကို မနောမယ လက်ဖက်ရည်တိုက်တာ"

ဟု ပြောလိုက်လျှင် သူသည် ကျွန်ုပ်တိုက်ကျွေးသော လက်ဖက်ရည်ကို တစ်ငုံမျှသောက်ပြီးနောက်. .

"ဘဲရီးဂွတ်ဒ်၊ ဘဲရီးဘတ်ဒ်. . . "

ဟု ပြောလေ၏။

"နေစမ်းပါဦး ကိုပီတာကြီးရဲ့၊ ဘာတွေဂွတ်ဒ်ပြီး ဘာတွေဘတ်ဒ်နေပြန်တာတုံး"

ဟု ကျွန်ုပ်ကမေးလိုက်လျှင် ၎င်းက. .

"သောကရတက်မပွေ့ရအောင် မနောမယလက်ဖက်ရည်ဆိုတာ ကောင်းတယ်၊ ဒါပေမဲ့ လက်ဖက်ရည်က ခါးတယ်၊ စကားက ကောင်းတယ်၊ လက်ဖက်ရည်က ခါးတယ်၊ ဒါကြောင့် သောကရတက်ပွားတဲ့လက်ဖက်ရည်ခါးလို့ ပြောရင်ကောင်းတယ်"

http://www.cherrythitsar.org



ဟု ပြောကာ ရယ်မောလေတော့၏။ ထို့ ကြောင့် ကျွန်ုပ်က. .

"ကိုပီတာကြီးမှာ အားနာတယ်ဆိုတာမရှိဘူးနော်၊ ပြောချလိုက်တာပဲ"

ဟု ပြောလိုက်ရာ ကိုပီတာကြီးက. .

"အားနာတယ်ဆိုတာ ဘာဖြစ်တာလဲသိလား၊ ပြောချင်ပါလျက် အပြောရခက်နေတာကို အားနာတယ်လို့ခေါ်တာကွ၊ ငါက ဘယ်တော့မှ အပြောရမခက်ဘူး၊ အဲဒါကြောင့် ငါ့မှာ အားနာတယ်ဆိုတာ မရှိဘူး၊ ဘာဖြစ်လို့ အပြောရခက်မှာလည်းကွာ၊ မကြိုက်တာကို မကြိုက်ဘူးလို့ ပြောမယ်၊ ကြိုက်တာကို ကြိုက်တယ်လို့ပြောမယ်၊ ဘယ်ကိစ္စမဆို ကိုယ့်ရဲ့အတွင်းစိတ်နဲ့ပဲ မှတ်ကျောက်တင်မယ်၊ သူများကြိုက်လို့ ကိုယ်က လိုက်ပြီးကြိုက်စရာမလိုပါဘူး"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"နေစမ်းပါဦး ကိုပီတာကြီးရယ်၊ ကိုယ်ကမကြိုက်ဘဲနဲ့ သူများကြိုက်တာနဲ့လိုက်ပြီး ကြိုက်တဲ့ကိစ္စမျိုး ရှိကြလို့လား"

ဟု မေးလိုက်ရာ. . .

http://www.cherrythitsar.org



"ရှိတယ်ကွ၊ စာအုပ်တစ်အုပ်ဆိုပါတော့ကွာ၊ ပညာတတ်အသိုင်းအဝိုင်းနဲ့ တတ်သိနားလည်တဲ့ လူတွေက အရမ်းကြိုက်ကြတယ်၊ ငါ့အိမ်နားက ဂွတိုဆိုတဲ့ကောင်က သူလည်း ဘာမှနားမလည်ဘဲ အဲဒီစာအုပ်ကို အရမ်းကြိုက်ပြနေတယ်၊ ငါသိပါတယ်ကွာ၊ အဲဒါကို မကြိုက်ဘူးဆိုရင် သူ့ကို လူတွေက အထင်သေးသွားလိမ့်မယ်ထင်ပြီး သူက ခပ်သည်းသည်းလေး ကြိုက်ပြနေတာ၊ အဲဒီလိုပဲကွ ဟန်ဘာဂါဆိုတဲ့ပေါင်မုန့်အသားညှပ်မုန့်တွေ ပေါ်ကာစမှာ ဂွတိုဟာ သူလည်း တကယ်မကြိုက်ဘဲနဲ့ ဟန်ဘာဂါကိုနေ့တိုင်းဝယ်စားပြနေတယ်၊ နောက်တော့ ပီဇာဆိုတဲ့ မုန့်တစ်မျိုးပေါ်ပြန်ရော၊ အဲဒီအခါမှာလည်းသူဟာ ပီဇာမုန့်ကို တကယ်မကြိုက်ဘဲနဲ့ ဝယ်စားပြနေရရှာတယ်၊ ကြိုက်ချင်ယောင်ဆောင်ပြနေရရှာတယ်၊ အဲဒီလိုလူစားမျိုးတွေရှိတယ် ငါ့လူ၊ ငါကတော့ အဲဒီအထဲ ဘယ်တော့မှမပါဘူး၊ ငါတကယ်ကြိုက်တာကိုမှ ကြိုက်တယ်လို့ပြောတာ၊ ငါမကြိုက်တာဆိုရင် ဘယ်သူနဲ့တူအောင်ဆိုပြီး တစ်ခါမှလိုက်ပြီး မကြိုက်ဖူးဘူး"

ဟု ကိုပီတာကြီးက ပြောလေ၏။

http://www.cherrythitsar.org



"ကဲပါဗျာ ဒါတွေထားလိုက်ပါတော့၊ ဒီနေ့မနက်စာ ခင်ဗျားကြိုက်တာကိုပဲ ပြောပါ၊ ကျုပ်က ချက်ပြီး ကျွေးပါ့မယ်"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုပီတာကြီးက. .

"ဈေးထဲမှာ တည်င်းသီးတွေ ပေါ်နေပြီကွ၊ တည်င်းသီးကြီးကြီးကို နှစ်ခြမ်းခွာ၊ ဝက်နို့အုံသားကို အဲဒီ တည်င်းသီး နှစ်ခြမ်းထဲမှာထည့်၊ ပြုတ်ပြီး ထွက် မသွားအောင် နှီးနဲ့တုပ်၊ ပြီးတော့ ဝက်သားရော တည်င်းသီးပါ နူးအိနေအောင် ဆီပြန်ချက်စမ်းပါ ကွာ၊ အဲဒါက ဟင်းကိုပြောတာ၊ ဟင်းချိုကတော့ သခွားသီးဟင်းချိုလေးချက်ပါကွာ၊ ငါးပိရည်ကို တော့ ခပ်စပ်စပ်လေးဖျော်ကွ၊ အဲဒီငါးပိရည်ထဲမှာ ကြက်သွန်ဖြူ ကြက်သွန်နီ၊ ဂျင်းလည်းထောင်းပြီး ထည့်ကွာ၊ ငါးမီးဖုတ်ကလေးပါ ထည့်လိုက်ရင် ပို တောင်ကောင်းသေးတယ်၊ တို့စရာကတော့ များ များ မလုပ်ပါနဲ့ကွာ၊ ပဲတီချဉ်လောက်ဆို တော်ပါပြီ၊ ပြီးတော့ ငါ မင်းကို ပြောရဦးမယ်၊ ငါ့ဘဝက သူများကျွေးမှစားရတဲ့ ဘဝကွ၊ ဖွယ်ဖွယ်ရာရာ မပြောတတ်ပါဘူး၊ ထမင်းစားပြီးရင် အချိုတည်းဖို့ ကတော့ ဘုံသီလို့ခေါ်တဲ့ ကုလားအချိုမုန့်အလုံး

လေးတွေနဲ့ ရေနွေးကြမ်းကောင်းကောင်းဆို လုံလောက်ပါပြီ၊ အဲဒါတွေ စားပြီးရင်တော့ ငါးသုံးလုံး တစ်လိပ်တိုက်ဦးနော်၊ သိပ်လည်းအစားအသောက်ပေါ်မှာ ဇီဇာမကြောင်ပါဘူးကွာ၊ ဒါလောက်ဆိုရင် တော်ပါပြီ”

ဟု ဖြည်းညင်းစွာ ပြောလေ၏။

“ကိုပီတာကြီး ခင်ဗျားကတော့ တကယ့်ကိုပါပဲဗျာ၊ အားကိုမနာတတ်ဘူး၊ စိတ်ထဲရှိတာ အကုန်ပြောတော့တာပဲ”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုပီတာကြီးက. .

“ဟကောင်ရ၊ ငါတို့က ရိုးတယ်ကွ၊ တွေးရင်လည်း အဖြောင့်ပဲတွေးတယ်၊ ပြောစရာရှိလည်း အဖြောင့်ပဲ ပြောတယ်၊ ဒါကြောင့် ငါ့မှာ အားနာတာတွေ ဘာတွေ မရှိပါဘူးကွာ၊ အားနာတယ်ဆိုတဲ့ အရည်အချင်း ငါ့မှာ ရှိကိုမရှိဘူး”

ဟု ဘွင်းဘွင်းကြီး ပြောလေတော့၏။

“ကျုပ်ဖြင့်ဗျာ၊ ကိုပီတာကြီး နေပုံ၊ ထိုင်ပုံ၊ ပြောပုံ၊ ဆိုပုံကို အားကျလိုက်တာ၊ ဘယ်လောက်များ ရိုးသားသလဲ၊ ဘယ်လောက်များ ပွင့်လင်းသလဲ၊ တကယ်ပါဗျာ တကယ့်ကို အားကျတာ. . ”

http://www.cherrythitsar.org



ဟု ကျွန်ုပ်က လိုက်လိုက်လှဲလှဲကြီး ချီးမွမ်းပြောဆိုမိလေ၏။ ထိုအခါ၌ ကိုပီတာကြီးက. .

"တစ်ခါက. . တောအုပ်ကြီးတစ်ခုအတွင်းကို လူနှစ်ယောက် ဖြတ်သန်းခရီးနှင်ခဲ့ဖူးတယ်၊ တစ်ယောက်က အတွေးအခေါ်သမား၊ တစ်ယောက်ကတော့ ဘာမှမတွေးတတ်ရှာဘူး၊ သူက လုပ်စရာရှိတာကို ချက်ချင်းလုပ်မယ်ဆိုတဲ့ လူစား၊ ဘာမှကို မစဉ်းစားတတ်ဘူး၊ တောနက်ထဲလည်းရောက် ရောလေကြီးမိုးကြီးကျပြီး နှစ်ယောက်စလုံး လမ်းပျောက်သွားကြတယ်ကွဲ့၊ အဲသည်လို လမ်းပျောက်သွားပေမဲ့ လျှပ်စီးက ဖျန်းကနဲ ဖျန်းကနဲ လက်တာပေါ့ကွယ်၊ အဲသည်လို လျှပ်စီးလက်တဲ့အခါမှာ အတွေးအခေါ်သမားက ကောင်းကင်ကိုမော့ကြည့်ပြီး 'လျှပ်စီး ဘာကြောင့် လက်တယ်၊ လျှပ်စီးလက်တဲ့အခါမှာ ဘယ်လောက်လင်းသွားတယ်၊ လျှပ်စီးတစ်ကြိမ်လက်တာနဲ့ နောက်တစ်ကြိမ်လက်တာ အချိန်ဘယ်လောက်ကြာတယ်' ဆိုတာတွေကို တွက်ချက်ပြီး စဉ်းစားတယ်ကွဲ့၊ ရှေ့ဆက်ပြီး မလျှောက်ဘူး၊ လက်တွေ့လုပ်တတ်တဲ့လူကတော့ လျှပ်စီးလက်တဲ့အခါတိုင်းမှာ လမ်းကိုရှာပြီး လမ်း

http://www.cherrythitsar.org



မြင်တာနဲ့ အတင်းပြေးသွားတော့တာပဲ၊ သူကတော့ လျှပ်စီးတစ်ခါလက်တိုင်း လမ်းကိုတွေ့တယ်၊ တွေ့ တဲ့လမ်းအတိုင်း ပြေးသွားတယ်၊ အတွေးအခေါ် သမားကတော့ ရပ်နေတယ်ကွဲ့၊ လျှပ်စီးလက်တဲ့ အခါမှာ လျှပ်စီးအကြောင်းကို တွေးခေါ်နေတယ်၊ အဲဒီတော့ကွာ လျှပ်စီးလက်လို့လမ်းကိုမြင်တာနဲ့ အဲဒီလမ်းအတိုင်းပြေးသွားတဲ့လူက တောအုပ်ကြီး ထဲက ထွက်သွားနိုင်တာပေါ့၊ လျှပ်စီးလက်တာကို သဘောကျပြီး လျှပ်စီးလက်တဲ့ အလင်းရောင်ကို ကျေနပ်နေတဲ့ အတွေးအခေါ်သမားကတော့ တောကြီးမျက်မည်းထဲက မထွက်နိုင်ရှာဘူး၊ အဲဒီ လိုပဲကွ ဒီကမ္ဘာကြီးမှာ အားကျစရာကောင်းတဲ့ ဆရာသခင်တွေက လျှပ်စီးပေါင်းများစွာ လက်ပြ ပြီးပါပြီကွာ၊ ဥပမာ လောက်ဖူးတို့၊ ချောင်ဖူးတို့၊ ကွန်ဖြူးရှပ်စ်တို့ စတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ ကမ္ဘာ လောကကြီးကို အလင်းရောင်ပေးခဲ့ပါတယ်၊ ဒါပေမဲ့ အချိန်ကာလဆိုတဲ့အရာနဲ့ ကြည့်လိုက်မယ်ဆိုရင် သိပ်ပြီးတိုတောင်းလွန်းပါတယ်၊ ကမ္ဘာလောကကြီး ကို လျှပ်စီးလက်သလို အလင်းရောင် လှစ်ပြခဲ့ တဲ့

http://www.cherrythitsar.org



ပုဂ္ဂိုလ်ထူးကြီးတွေပါပဲ၊ အဲဒီအလင်းရောင်ကို မြင်တာနဲ့ လမ်းတွေ့ပြီဆိုရင် အလင်းရောင်မှာ ကျေနပ်နေဖို့ မဟုတ်ဘူး၊ သူတို့ပြတဲ့ အလင်းရောင်မှာ တွေ့ရတဲ့လမ်းအတိုင်း အတင်းပြေးသွားရမှာ မဟုတ်လား၊ အခုတော့ မင်းက အဆိုးဆုံးပဲ၊ ငါလို အရူးပီတာကြီး လက်ပြတဲ့ မှုန်တိမှုန်ဝါး အလင်းရောင်ကလေးကို အားကျနေပြန်ပြီ၊ ငါကကော ဘယ်လောက်ကြာကြာ လက်ပြနိုင်မှာတုန်း၊ အချိန်ကာလဆိုတဲ့ ကြီးမားတဲ့အရာကြီးနဲ့ နှိုင်းယှဉ်လိုက်ရင် မျက်စိတစ်မှိတ်ပဲရှိပါတယ်ကွာ၊ အဲဒါကြောင့် ပီတာကြီးကို အားမကျပါနဲ့၊ ပီတာကြီး လက်ပြတဲ့ မဖြစ်စလောက် အလင်းရောင်ကလေးမှာ မင်း အနေနဲ့ မြင်ရတဲ့ မှုန်တိမှုန်ဝါးလမ်းကလေးမှာ အမြန်ဆုံးပြေးလျှောက်သွားပါ မောင်အောင်ထွန်း”

ဟုဆိုကာ ကျွန်ုပ်၏ကျောကုန်းကို သူ၏လက်သီးကြီးဖြင့် အုန်းကနဲ ထုကာ တဟားဟားရယ်မောရင်း သွက်လက် လွတ်လပ်သော ခြေလှမ်းများဖြင့် ခြံအတွင်းမှ ထွက်သွားလေတော့သတည်း။

****

http://www.cherrythitsar.org

အလင်းရောင်ကို မြင်တော့နဲ့

လမ်းတွေ့ပြီဆိုရင် အလင်းရောင်မှာ

ပျော်နစ်နေဖို့ မဟုတ်ဘူး။

သူတို့ပြတဲ့ အလင်းရောင်မှာ

တွေ့ရတဲ့ လမ်းအတိုင်း

အတင်းပြေးသွားရမှာ မဟုတ်လား။

အချိန်ကာလဆိုတဲ့ ကြီးမားတဲ့ အရာကြီးနဲ့

နှိုင်းယှဉ်လိုက်ရင်

မျက်စိတစ်မှိတ်ပဲရှိပါတယ်ကွာ။

အဲဒါကြောင့်

ပီကာကြီးကို အားမကျပါနဲ့။

ပီကာကြီးလက်ပြတဲ့ မပြုမိသောက်

အလင်းရောင်ကလေးမှာ မင်းအနေနဲ့

မြင်ရတဲ့ ဖုန်တိုဖုန်ပါးလမ်းကလေးမှာ

အမြန်ဆုံးပြေးလျှောက်သွားပါ။

http://www.cherrythitsar.org

# ငှက်ပျောသီးဖြင့်ချက်သော ဝက်သားဆီးပြန်

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန်၊ မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံအတွင်းသို့ ကျွန်ုပ်၏မိတ်ဆွေဟောင်း ကိုပီတာဆိုသည့် စိတ်မန့်သောလူကြီးတစ်ဦး ရောက်ရှိလာလေ၏။ ကျွန်ုပ်ကိုမြင်လျှင် ၎င်းက. .

"ဟေ့ ဖိုးအောင်ထွန်း၊ ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ်နိုက်"

ဟူ၍ သူ၏ထုံးစံအတိုင်း နှုတ်ဆက်လေတော့၏။ ကျွန်ုပ်သည် အလုပ်များသည့်ကြားမှ ကျွန်ုပ်၏ခြံကိုပြင်နေရ၏။ ငှက်ပျောပင်များ အတန်းလိုက်စိုက်နေရ၏။

http://www.cherrythitsar.org



ကျွန်ုပ်ထံတွင်နေသော တပည့်ကလေးများအတွက် အိမ်ကလေးများ ဆောက်လုပ်ပေးနေရ၏။ ကိုပီတာကြီးသည် ကျွန်ုပ်အလုပ်ရှုပ်နေသည်ကို ကြည့်ပြီးလျှင်. .

"အလုပ်တွေများလှချေလား၊ ဘဲရီးဂွတ်ဒ်၊ ဘဲရီးဘတ်ဒ်. ."

ဟုပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ဘယ်လိုကြောင့် ဘဲရီးဂွတ်ဒ်ပြီး ဘယ်လိုကြောင့် ဘဲရီးဘက်ဒ်ဖြစ်ရတာလဲ ကိုပီတာကြီးရဲ့"

ဟု ပြန်၍မေးလိုက်ရာ ၎င်းက. .

"အလုပ်လုပ်တာကွာ ကောင်းတာပေါ့၊ အဲဒါကြောင့် ဘဲရီးဂွတ်ဒ်လို့ပြောတာ၊ အလုပ်များတော့လည်း အရမ်းပင်ပန်းတာပေါ့၊ ကြာရင် ပင်ပန်းနာကျပြီး ဘဝမှာ ထုံထိုင်းထိုင်း ဖြစ်သွားတတ်တယ်ကွ၊ မကောင်းဘူး၊ အဲဒါကြောင့် ဘဲရီးဘတ်ဒ်လို့ပြောတာ"

ဟု ရယ်မောလျက် ပြန်၍ဖြေလေ၏။

"ကဲပါဗျာ ဒီမနက်စာ ဘာချက်ရမလဲ"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ကိုပီတာကြီးက. .

"ဝက်သားကို ငှက်ပျောသီးနဲ့ ဆီပြန်ချက်ကွာ၊

http://www.cherrythitsar.org



ကြက်အရိုးနဲ့ ခွေးတောက်ရွက်ကို ဟင်းချိုချက်ကွာ၊
ပုစွန်လေးကို ရှောက်ရည်ညှစ်ပြီး အစိမ်းသုပ်ကွာ၊
ငါးပိကြော်လေးလည်းပါရင် ကောင်းတယ်ကွ”

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း မှော်ဘီဈေးသို့ တပည့်ကလေးတစ်ဦးအား စေလွှတ်ရလေတော့၏။ ထိုတပည့်ကလေးပြန်လာလျှင် ကျွန်ုပ်ကိုယ်တိုင် ချက်ပြုတ်ရလေ၏။ ပြီးလျှင် ကိုပီတာကြီးအား တည်ခင်းကျွေးမွေးရလေ၏။ ကိုပီတာကြီးသည် ကျွန်ုပ်ကျွေးမွေးသောထမင်းဟင်းလျာများကို မြိန်ယှက်စွာစားသောက်လေ၏။ ထိုအချိန်၌မှာပင် ချိန်းဆိုထားသောစာမူများ လာ၍ယူကြမည်ဖြစ်သောကြောင့် အပြီးမသတ်ရသေးသည်များကို အပြီးသတ်ရလေ၏။ ထိုအလုပ်များ ပြီးသောအခါ၌ ခြံတွင်းနေတပည့်ကလေးများကို ဗေဒင် လက္ခဏာ၊ ဂမ္ဘီရ စသောပညာရပ်များကို သင်ပြပေးရပြန်လေ၏။ ထို့နောက် ကျွန်ုပ်သည် မောဟိုက်၍ ထိုင်နေလေ၏။ ကိုပီတာကြီးမှာမူ ထမင်းစားပြီးနောက် ရေနွေးကြမ်း၊ လက်ဖက်ရည်၊ နန္ဒင်းမကင်း စသည်တို့ဖြင့် အချိုတည်း၍နေလေတော့၏။ ထို့နောက်တွင်ကား ကျွန်ုပ်ထံမှ ငါးသုံးလုံးစီးကရက်တစ်လိပ်ကိုတောင်းယူပြီးလျှင် ကျေနပ်စွာ ရှိုက်ဖွာနေလေ၏။ ကျွန်ုပ်က. .

http://www.cherrythitsar.org



"ကိုပီတာကြီး၊ စားရသောက်ရတာ အဆင်ပြေရဲ့လား"

ဟုမေးလိုက်ရာ ၎င်းက. .

"မစားရရင် အငတ်ခံနေမယ်၊ စားရရင်တော့ အခုလိုကောင်းကောင်းလေး စားရမှာကွ၊ ခံတွင်းတွေ့လှတယ်ကွာ၊ ဒါကြောင့် ပီတာကြီးအဖို့တော့ ဒီနေ့အတွက် နဂိုအနေမှာ စိုပြည်ပြီး အိုကေဖြစ်နေပါပြီကွာ"

ဟု ပြောဆိုကာ တဟဲဟဲနှင့်ရယ်၍နေလေ၏။

"ကောင်းပါလေရဲ့ဗျာ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကိုပီတာကြီးက. .

"လူမှာက ပင္ဂိုသန္ဓာရနှစ်မျိုးကို ကျင့်သုံးရတယ်ကွ၊ ပင္ဂိုသန္ဓာရဆိုတာက တစ်ဦးနဲ့တစ်ဦး မေတ္တာမပျက်ရအောင် အဆက်အစပ်ပြုတဲ့ သဘောပဲကွ၊ အဲဒီတော့ ပင္ဂိုသန္ဓာရကလည်း နှစ်မျိုးရှိပြန်တယ်ကိုယ့်လူ၊ မမှားသင့်တာ မမှားရအောင် သွန်သင်ဆုံးမတဲ့အနေနဲ့ ပြောဆိုတဲ့ပင္ဂိုသန္ဓာရကို ဓမ္မပင္ဂိုသန္ဓာရလို့ ခေါ်တယ်၊ နောက်တစ်မျိုးကတော့ ပစ္စည်းဥစ္စာ၊ ငွေကြေး၊ အစားအသောက် ပေးကမ်း

http://www.cherrythitsar.org



ကျွေးမွေးပြီး အဆက်အစပ်ပြုတဲ့သဘောကို ပစ္စယ ပဋိသန္ထာရလို့ခေါ်တယ်ကွ၊ မင်းက ငါ့ကို ပစ္စယ ပဋိသန္ထာရပြုတယ်၊ ငါက မင်းကို မလုပ်သင့်တာ မလုပ်မိဖို့၊ လုပ်သင့်တာလုပ်ဖြစ်ဖို့ ပြောဆိုပြတယ်၊ ငါ့ဘက်က ဓမ္မပဋိသန္ထာရပြုလုပ်တယ်၊ နှစ်ယောက် စလုံး ပဋိသန္ထာရတွေနဲ့ ပြည့်စုံကြတယ်ပေါ့ကွာ၊ မကောင်းဘူးလား”

ဟု ပြောလိုက်ရာ ကျွန်ုပ်က. .

“တယ်ဟုတ်ပါလား ကိုပီတာကြီး၊ ပါဠိတွေ ဘာ တွေနဲ့ကို အကျအနပြောတော့တာပဲ၊ ကျုပ်ဖြင့် ခင်ဗျား ဒီလောက်တတ်မှန်းတောင် မသိပါဘူးဗျာ၊ အဲဒီလိုတတ်တဲ့အကြောင်း ကျုပ်ကို အရင်က ဘာ ပြုလို့ မပြောတာလဲ”

ဟု အားမလိုအားမရသော လေသံဖြင့် ပြော လိုက်လေ၏။ ထိုအခါ ကိုပီတာကြီးက. .

“ငါက ဂမ္ဘီရပညာတွေကို လိုက်စားနေတဲ့ ဂမ္ဘီရ သမားအစစ်ကွ၊ မင်းက တကယ်လိုက်စားတာမှ မဟုတ်တာ၊ လိုက်စားချင်ယောင်ဆောင်နေတာ၊ ဂမ္ဘီရသမားမှာက အရည်အချင်းတွေ အများကြီး

http://www.cherrythitsar.org



လိုတယ် ငါ့လူ့ရဲ့ အဲဒီအရည်အချင်းတွေထဲမှာ မကြွားဝါခြင်းဆိုတဲ့အချက်ဟာ အတော့်ကို အဓိက ကျတယ်၊ အဲဒီအချက်ဟာ နံပါတ်တစ်နေရာမှာ တောင် ရောက်နေတယ်၊ ဥပမာကွာ- လူစုံပြီဆို ရင် ကျုပ်က ဘွဲ့ဘယ်နှစ်ခုရတာ၊ ဘယ်လောက် ချမ်းသာတာ၊ ကျုပ်ဆွေမျိုးအသိုင်းအဝိုင်းက ဘယ်လောက်ကြီးကျယ်တာဆိုပြီး ကြွားတတ်ကြ တယ်၊ တချို့ကလည်း ကျုပ် ပုတီးစိပ်လာတာ နှစ် ပေါင်းဘယ်လောက်ရှိပြီ၊ တောင်ကြမ်း တောကြမ်း တွေမှာ အဓိဋ္ဌာန်ဝင်လာတာ ဘယ်လောက်ကြာပြီ၊ သက်သတ်လွတ်စားတာ ဘယ်လောက်ရှိပြီ၊ မီး လွတ်စားတာက ဘယ်လောက်ကြာပြီဆိုပြီးတော့ လည်း ပြောတတ်ကြသေးတယ်၊ တချို့ကျတော့ ကျုပ်က လက်ရိုးဗေဒင်ကိုလည်း ကျွမ်းတယ်၊ လက် ဆန်းဗေဒင်လည်းတတ်တယ်၊ အင်္ဂဝိဇ္ဇာဆိုတာ တော့ မပြောနဲ့တော့၊ အင်းအတတ်၊ ဆေးအတတ် မှာလည်း ကျုပ်လောက်တတ်တဲ့လူ တော်တော်ရှား တယ်၊ အထက်ဆေးဝါးတွေ ဘယ်လောက်အထိ ထိုးခဲ့နှံ့ခဲ့တယ်၊ သောက်ခဲ့မျိုခဲ့တယ်ဆိုပြီး ပြော

http://www.cherrythitsar.org



တတ်ကြတယ်၊ အဲဒီ အပြောအဆိုတွေဟာ ကြွားဝါခြင်းပဲမဟုတ်လား၊ ကြွားဝါခြင်းဆိုတာ မာန်မာနက မွေးထုတ်ပေးလိုက်တဲ့ သားသမီးပဲ၊ ကြွားဝါခြင်းရဲ့နောက်မှာ ဘယ်လိုလူစားမျိုး မှတ်သလဲဆိုတဲ့ စကားလုံးဟာ မပြောဘဲ ပါနေတတ်စမြဲပဲ၊ ကြွားဝါခြင်းကို နှိပ်ကွပ်နိုင်တာကတော့ ဆိတ်ဆိတ်နေခြင်းဆိုတဲ့လက်နက်ပဲ၊ အနောက်တိုင်းဂမ္ဘီရပညာမှာ 'To Keep Silent' 'ဆိတ်ဆိတ်နေရမယ်'လို့ အတိအကျ ညွှန်ပြထားတယ်၊ တကယ်တော့ ကိုယ့်မှာရှိတဲ့ အခြေအနေတွေ၊ အရည်အချင်းတွေကို ထုတ်မပြောဘဲ ဆိတ်ဆိတ်နေခြင်းဟာ နှိမ်ချခြင်းစိတ်ဓာတ်နဲ့ဆိုင်တယ်၊ ဒါဟာ နှိမ့်ချမှုတစ်မျိုးပဲ၊ ကြွားဝါခြင်းဟာ ထောင်လွှားမှုစာရင်းထဲမှာ ပါတယ်ဆိုရင် မကြွားဝါခြင်းဟာ နှိမ့်ချမှုထဲကို ထည့်ရမှာပဲ”

ဟု ကျွန်ုပ်အား ရှည်လျားစွာရှင်းပြလေ၏။

“တယ်ဟုတ်ပါလား ကိုပီတာကြီးရဲ့၊ ဘာပဲဖြစ်ဖြစ်ဗျာ ဆိတ်ဆိတ်နေခြင်းဟာ ကောင်းတယ်လို့ဆိုရမှာပဲ၊ ခင်ဗျားကိုလည်း ဂမ္ဘီရလိုက်စားမှန်း အခုမှ သိပါတယ်ဗျာ”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုပီတာကြီးက ရယ်လေ၏။

"ဒီတော့ ကိုယ့်လူကို အရေးကြီးတဲ့စကားပြောရဦးမယ်၊ လောကကြီးမှာ လူတော်တော်များဟာ အလုပ်လုပ်ဖို့ပဲ တာစူနေကြတယ်ကွ၊ ဘာကြောင့်အဲသလိုဖြစ်နေကြသလဲဆိုတော့ လူ့ရဲ့အဆင့်အတန်းကို သူ ဘာလုပ်နိုင်သလဲ၊ ဘာဖြစ်မြောက်သလဲဆိုတဲ့အပေါ်မှာ ဆုံးဖြတ်ကြတာကိုး၊ အဲဒီတော့ သူ့ထက်ငါ ကြိုးစားပြီး လုပ်ကြတာပေါ့၊ အဲဒီတော့ တတ်သိနားလည်မှုအားလုံးမှာ ကြိုးစားပြီး လုပ်ရမယ်ဆိုတာပဲ ပါတယ်ကွ၊ အလုပ်လုပ်နိုင်ခြင်းရဲ့အသက်ဟာ ကောင်းစွာအနားယူခြင်းအပေါ်မှာလည်း တည်မှီနေတယ်နော်၊ ကောင်းစွာအနားမယူဘဲ အလုပ်ကိုချည်း မနေမနား လုပ်နေမယ်ဆိုရင်တော့ အသက်တိုသွားလိမ့်မယ်၊ အသက်တိုသွားမယ်ဆိုတာက ရှိုင်းရှိုင်းစိုင်းစိုင်းပြောတာမဟုတ်ပါဘူး၊ အနားမယူတတ်တဲ့လူကို သဘာဝတရားကြီးက အနားပေးလိုက်တဲ့သဘောပါ"

ဟု ကိုပီတာကြီးက ပြောလေ၏။

"ခင်ဗျားပြောတဲ့စကားဟာ အဟုတ်ပဲလား"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ကိုပီတာကြီးက. .

"ဒီမှာ မောင်အောင်ထွန်း၊ မင်းက ငါ့ကို ကောင်းကောင်းမွန်မွန် ချက်ပြုတ်ကျွေးလေတော့ မင်းဘက်က ပဋိသန္ထာရနဲ့ ပြည့်စုံသွားပြီ၊ ငါကလည်း မိတ်ဆွေကောင်းအနေနဲ့ အနားယူခြင်းဟာ အလုပ်လုပ်ခြင်းအတွက် အရေးကြီးတဲ့အကြောင်း မင်းကို သတိပေးတာပါ။ အဲဒီလို သတိပေးမှုလည်း ငါ့ဘက်က ပဋိသန္ထာရနဲ့ပြည့်စုံတော့မှာပေါ့"

ဟု ပြောလေ၏။

"ကိုပီတာကြီးတို့ကတော့ စကားပြောရင် အဖွင့်နဲ့ အပိတ်နဲ့ အတော့်ကို တတ်တာပဲ"

ဟု ကျွန်ုပ်က ချီးမွမ်းလိုက်မိလေ၏။

"ဂမ္ဘီရသမားကိုးကွ၊ ဂမ္ဘီရသမားတစ်ယောက်ရဲ့ အရည်အချင်းမှာ ကောင်းစွာပြောတတ်ခြင်းလည်း ပါတယ်ကွ။ ပြီးတော့ စကားပြောတဲ့အခါမှာ အသံဩဇာခါတ်နဲ့ ပြည့်စုံဖို့လည်း လိုသေးတယ်။ အထူးသဖြင့်ကတော့ နှုတ်ခမ်းဖျားကလာတဲ့အသံနဲ့ မပြောဘဲ ရင်ခေါင်းကလာတဲ့အသံနဲ့ ပြောတတ်

http://www.cherrythitsar.org



အောင် လေ့ကျင့်ထားရတယ်၊ အဲဒီအကြောင်းတွေ အသေးစိတ်ကိုတော့ အခါအခွင့်သင့်ရင် မင်းကို ပြောပြရဦးမယ်၊ လူတိုင်း စကားမပြောတတ်ဘူး၊ အဲဒီလိုပဲ လူတိုင်း နားမထောင်တတ်ဘူးကွ၊ ဂမ္ဘီရ သမားတစ်ယောက်ဟာ ပြောလည်း ပြောတတ်ဖို့ လိုသလို သူတစ်ပါးပြောရင်လည်း ကိုယ်က နား ထောင်တတ်ရတယ်”

ဟု ကိုပီတာကြီးက ပြောလေ၏။

“ဒီလိုရှိပါတယ် ကိုပီတာကြီးရယ်၊ ကျုပ်က အလုပ် များတယ်ဆိုပေမယ့် အလုပ်မဟုတ်တဲ့အလုပ်တွေ ပွတ်သိပ်ပြီး အလုပ်ရှုပ်နေတာပါ။ ညည့်သည်ကို ထမင်းချက်ကျွေးတယ်၊ ခြံထဲမှာနေတဲ့ တပည့် ကလေးတွေနဲ့ ဝိုင်းဖွဲ့ပြီး ဟိုရောက်ဒီရောက် စကား ပြောတယ်၊ တပည့်လေးတွေ မမီလိုက်တဲ့ ခေတ် ကာလတွေအကြောင်း ပြောပြတယ်၊ တစ်ခါတလေ သရဲအကြောင်း ထိုင်ပြီးပြောချင်ပြောနေတော့ တာပဲ၊ ဘာမှ မယ်မယ်ရရမဟုတ်ပါဘူးဗျာ”

ဟု ကျွန်ုပ်က ပြောလိုက်လျှင် . .

“အို . . ဒီလိုမပြောပါနဲ့၊ အပျင်းပြေ ကဗျာစပ်

http://www.cherrythitsar.org



တာတို့၊ ကဗျာရွတ်တာတို့၊ သီချင်းဆိုတာတို့၊ အပျင်းပြေသဘောနဲ့ ပန်းချီဆွဲတာတို့၊ အပျင်းပြေ သဘောနဲ့ ဓာတ်ပုံရိုက်တာတို့၊ အပျင်းပြေသဘော နဲ့ ခရီးထွက်ပြီး ရှုခင်းတွေကြည့်တာတို့၊ အပျင်းပြေ သဘောနဲ့ မုန့်လုပ်စားတာတို့ဟာ မလိုအပ်တဲ့ အရာတွေမဟုတ်ဘူးနော်။ အသုံးမဝင်တဲ့ အရာ တွေလည်း မဟုတ်ဘူး၊ လောကကြီးမှာ အသုံးဝင် တဲ့အလုပ်တွေလုပ်ဖို့ အကြံဉာဏ်ကောင်းတွေဟာ စောစောကပြောတဲ့ အသုံးမဝင်ဘူးလို့ထင်တဲ့ အလုပ်တွေလုပ်ရင်း ရုတ်တရက်ပေါ်ပေါက်လာ တတ်တယ်၊ ဘာဖြစ်လို့လဲ သိလား၊ သိစိတ်ကို အနားပေးလိုက်တော့ သိစိတ်ဟာ ကျေနပ်ပြီး အထဲမှာရှိတဲ့ မသိစိတ်ဆီကနေ အဖိုးတန်တဲ့အရာ တွေ နှိုက်ယူလိုက်တာ ကိုယ့်လူရဲ့။ ဒါကြောင့် အသုံးဝင်တဲ့အလုပ်တွေလုပ်ဖို့ လိုအပ်သလို အသုံး မဝင်ဘူးဆိုတဲ့ အပျင်းပြေအလုပ်တွေလည်း လုပ်ဖို့ လိုအပ်ပါတယ် ငါ့လူရယ်၊ ကိုယ့်စိတ်ကို ကိုယ် အနားပေး၊ အေးအေးလူလူ နေတတ်စမ်းပါ၊ ဘာမှ မပူဘဲ အနားယူတတ်စမ်းပါ၊ ကိုယ့်ဘာသာကို

http://www.cherrythitsar.org



အနားမယူရင် သဘာဝတရားကြီးက အနားပေး လိုက်လိမ့်မယ်၊ သဘာဝတရားကြီးက အနားပေး တယ်ဆိုတာ သေတာကို ပြောတာ ကိုယ့်လူရေ. . ကဲ. . ငါသွားမယ်”

ဟု ဆိုကာ ကိုပီတာကြီးသည် သူ၏လက်သီးကြီး ဖြင့် ကျွန်ုပ်၏ကျောကုန်းကို ဘုန်းကနဲ ထုကာ အကြောင့် ကြမ့်သော ခြေလှမ်းများဖြင့် ကျွန်ုပ်၏ခြံတွင်းမှ ပျော်ရွှင် စွာ ထွက်သွားလေတော့သတည်း။

****

http://www.cherrythitsar.org



# ဟားသားဆီပြန်ဟင်း

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မှော်ဘီမြို့အစွန်၊ မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံအတွင်းသို့ ကျွန်ုပ်၏မိတ်ဆွေဟောင်းကြီးဖြစ်သော ကိုပီတာဆိုသည့် စိတ်မနှံ့သောလူကြီးတစ်ဦးသည် အလည်အပတ်ရောက်ရှိလာလေ၏။ ကျွန်ုပ် ကြီးပြင်းခဲ့သော ရပ်ကွက်မှလူများသည် ၎င်းကိုပီတာကြီးအား အရူးပီတာဟု ခပ်လွယ်လွယ် ခေါ်ကြသော်လည်း ကျွန်ုပ်မှာမူ ထိုသို့ မခေါ်ရက်သောကြောင့် ကိုပီတာဟုပင် ခေါ်ဝေါ်ခဲ့လေ၏။ ကိုပီတာကြီးသည် ကျွန်ုပ်ကိုမြင်လျှင်. .

"ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ်နိုက်. . ."

http://www.cherrythitsar.org



ဟု ကိုးရိုးကားယား နှုတ်ဆက်လိုက်လေ၏။ ကျွန်ုပ်ကမူ. .

"ကဲပါ. . ကိုပီတာကြီးရယ်၊ ဒီနေ့မနက်စာ ဘာဟင်းနဲ့စားမလဲ ပြောစမ်းပါဗျာ၊ ကျုပ် ချက်ကျွေးစမ်းပါရစေ"

ဟု မေးလိုက်လေ၏။ ထိုအခါ ကိုပီတာကြီးက. .

"ကတ်သီးကတ်သတ်တွေလည်း မစားတတ်ပါဘူးကွာ၊ ဈေးထဲမှာ စားဖားတွေရနေပြီ၊ ဖားသားဆီပြန်တစ်ခွက်ရယ်၊ ငါးပိထောင်းစပ်စပ်ကလေးတစ်မယ်ရယ်၊ ဟင်းခါးပူပူရယ်၊ မုန်လာဥသုပ်ရယ်၊ ငါးပိရည်တို့စရာပေါ့ကွာ၊ ဒီ့ထက်လည်း မပြောတတ်ပါဘူး"

ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ဂျလေဘီမောင်ဆုဟုခေါ်သော တပည့်လေးအား ဈေးသို့လွှတ်ရလေတော့၏။ မောင်စုဈေးမှပြန်လာသောအခါ၌ သီဟိုဠ်ပင်အောက် တွင် မီးသွေးမီးဖိုကလေးကိုချ၍ ကိုပီတာကြီးနှင့် စကားပြောရင်း ထမင်းဟင်းလျာများကို ချက်ပြုတ်ရလေတော့၏။ ကိုပီတာကြီးနှင့် စကားလက်စပြတ်သွားသောအခါ၌

http://www.cherrythitsar.org



ကျွန်ုပ်သည် ဖတ်လက်စစာအုပ်ကြီးတစ်အုပ်ကို ဆက်၍ ဖတ်နေလေ၏။ ကိုပီတာကြီးသည် ကျွန်ုပ်စာဖတ်နေသည်ကို အံ့ဩသောမျက်နှာဖြင့် ငေးမောကြည့်ရှုနေလေ၏။

ကျွန်ုပ်ဖတ်နေသောစာအုပ်ကြီးမှာ လွန်စွာထူ ၏။ လွန်စွာမှုလည်း ခန့်ညား၏။ ထို့အပြင် မြန်မာ ဘာသာဖြင့် ရေးထားသောစာအုပ်လည်း မဟုတ်ပေ။ အင်္ဂလိပ်ဘာသာဖြင့်ရေးထားသော စာအုပ်ကြီးဖြစ်၏။ ထိုစာအုပ်ကြီးမှာ အင်္ဂလိပ်စာ ကောင်းစွာတတ်ကျွမ်း၍ အနက်အဓိပ္ပာယ်ကို အရသာခံနိုင်သောသူတို့ အရေးတယူဖတ်လေ့ရှိသော စာအုပ်ကြီးဖြစ်၏။ ထိုစာအုပ်ကြီးကို မဖတ်ဖူးလျှင်ပင် အင်္ဂလိပ်စာကို နှံ့နှံ့စပ်စပ်ဖတ်ဖူးသည် ဟု ပြောရန်ခက်ပေလိမ့်မည်။ တိုတိုနှင့်လိုရင်းဆိုရပါမူ တကယ်တတ်ကျွမ်းသော အင်္ဂလိပ်စာသမားတို့၏ အသည်းစွဲ စာအုပ်ကြီးတစ်အုပ်ဖြစ်လေ၏။

ကျွန်ုပ်သည် **'ငွေတစ်ပဲနှင့် ငါးကြင်းခေါင်းတက်ကိုင်'** ဆိုသော စကားပုံကဲ့သို့ ထိုစာအုပ်ကြီးကို တက်၍ ကိုင်နေခြင်းဖြစ်၏။။ အမှန်စင်စစ်အားဖြင့် ကျွန်ုပ်တတ်ကျွမ်းသော အင်္ဂလိပ်စာအဆင့်အတန်းမှာ သူငယ်တန်းမျှ လောက်သာရှိ၏။ သို့ရာတွင် အဘယ့်ကြောင့် ကျွန်ုပ်နှင့်

http://www.cherrythitsar.org



အဆင့်မမီသော ထိုစာအုပ်ကြီးကို ဖတ်နေရသနည်းဆိုမူ 'ကျုပ်လည်း အဲဒါကြီးကို ဖတ်ဖူးပါတယ်ဗျာ. . .' ဟု မှုသားမပါဘဲ ဂိုက်ထုတ်ကြွားဝါလိုသောကြောင့် ဖတ်နေရခြင်းဖြစ်၏။ ကျွန်ုပ်သည် ထိုစာအုပ်ကို ဖတ်နေရသော ခဏ၌ ကြီးမားသောဝဋ်ဒုက္ခကြီးတစ်ခုကို ခံစားနေရသကဲ့သို့ရှိ၏။ သို့ရာတွင် တစ်စုံတစ်ယောက်က 'ဒီစာအုပ်ကြီး ဖတ်ရတာ ဘယ့်နဲ့လဲ' ဟု မေးပါမူ 'ကောင်းသဗျာ၊ ကျုပ်တော့ဖြင့် အလွန့်ကိုကြိုက်တာပဲ' ဟူ၍ ခပ်ကြွားကြွားလေး ပြန်၍ဖြေမိပေလိမ့်မည်။

**'ကိုယ့်အကြောင်းကိုယ်သိ'** ဆိုသကဲ့သို့ ကျွန်ုပ်သည် ဤမျှခက်ခဲလေးနက်သော စာအုပ်ကြီးကို ဖတ်နေငြားသော်လည်း အမှန်အားဖြင့် ကောင်းစွာနားမလည် ပေ။ သို့မဟုတ် လုံးဝနားမလည်ပေ။ ကျွန်ုပ်သည် ထိုစာအုပ်ကြီးကို ခပ်တည်တည်ဖြင့် ဖတ်နေ၏။ ကိုပီတာကြီးသည် အံ့သြသကဲ့သို့ ကျွန်ုပ်အား ကြည့်နေ၏။ သို့ရာတွင် တစ်စုံတစ်ရာပြောဆိုခြင်း မပြုရှာပေ။

ကျွန်ုပ်ချက်သော ဖားသားဟင်းဆီပြန်၊ မုန်လာဥသုပ်၊ ပိန်းရိုးဟင်းခါး စသည်တို့မှာ ကျက်သွားပြီဖြစ်သောကြောင့် ထိုအနား၌ပင် ထမင်းစား စားပွဲဝိုင်းကလေးကို

http://www.cherrythitsar.org



ချ၍ ထမင်းပွဲပြင်ကာ ကိုပီတာကြီးအား ကျွေးမွေးရလေတော့၏။ ကိုပီတာကြီးသည် ထမင်းကို မြိန်ရှက်စွာစားနေ၏။ ထမင်းစားပြီးသောအခါ၌ ရေနွေးကြမ်း၊ ထန်းလျက်ဖြူဆုပ်တို့ဖြင့် အချိုပွဲတည်းလျက်ရှိလေ၏။ အချိုပွဲကို လက်စသပ်ပြီးသောအခါ၌ ကျွန်ုပ်ထံမှ စီးကရက်တစ်လိပ်ကို တောင်းယူကာ ရှိုက်ဖွာ၍နေပြန်လေ၏။ ထို့နောက် ကိုပီတာကြီးက. .

"ဖိုးအောင်ထွန်းရေ. . မင်းကို နာရောပဆိုတဲ့ လူတစ်ယောက်အကြောင်း ပြောပြရဦးမယ်"

ဟု စကားစလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. .

"ပြောပါဗျာ. . ပြောပါ၊ နားထောင်ပါ့မယ်"

ဟု ပြန်၍ပြောလိုက်မိလေ၏။

"ဒီလိုကွ. . ရှေးအခါတုန်းက အိန္ဒိယပြည်မှာရှိတဲ့ ကျောင်းတော်ကြီးတစ်ခုမှာ ကျောင်းအုပ်ဆရာကြီးတစ်ဦးဖြစ်တဲ့ နာရောပဆိုတဲ့ လူတစ်ယောက်ဟာ အလွန်ခက်ခဲနက်နဲတဲ့ ကျမ်းစာအုပ်ကြီးတစ်အုပ် ကိုဖတ်နေတယ်၊ အဲဒီကျမ်းစာအုပ်ကြီးကလည်း ရှေးဟောင်းစာအုပ်ကြီးဆိုတော့ သက္ကတဘာသာနဲ့ ရေးထားတာကွ၊ နာရောပဟာ တခြားဘာသာရပ်

http://www.cherrythitsar.org



တွေကိုတော့ ကောင်းစွာတတ်ကျွမ်းချင် တတ်ကျွမ်း ပေမပေါ့ကွာ၊ ဒါပေမဲ့ သက္ကတဘာသာနဲ့ ပတ်သက်ရင်တော့ ဟန်ကျပန်ကျတတ်တာ မဟုတ်ဘူးကွ၊ မင်းအနေနဲ့ နားလည်အောင်ပြောရရင် နာရေးပတတ်တဲ့အဆင့်က သူငယ်တန်းလောက် တတ်တာကွ၊ သူဖတ်နေတဲ့ စာအုပ်ကြီးရဲ့အဆင့် က သက္ကတဘာသာမှာ ပါရဂူဘွဲ့လောက်ရတဲ့လူ လောက်မှ ဖတ်နိုင်၊ နားလည်နိုင်မှာကွ၊ ဒါပေမဲ့ သူက အဲဒီကျမ်းကြီးကို ဘာကြောင့်ဖတ်နေသလဲ ဆိုတော့ 'ကျုပ်လည်း ဒီကျမ်းကြီးကို ဖတ်ပြီးနေပါ ပြီဗျာ' လို့ ပြောလို့ရအောင် ဖတ်နေတာကွ၊ အမှန် က သူ့အနေနဲ့ ဖတ်သာဖတ်နေတာ၊ တစ်လုံးမှ နားမလည်ဘူး၊ အဲဒီတော့လည်း ဖတ်ရင်းနဲ့ အိပ်ငိုက်လာတာပေါ့ကွာ၊ အဲဒီတော့ ကျမ်းကြီးကို ခေါင်းအုံးပြီး အိပ်ပါလေရော၊ အဲဒီမှာ အိပ်မက်မက်တော့တာပဲ"

ဟု ကိုပီတာကြီးက ဖြည်းညှင်းစွာပြောရင်း ပြောလိုသည့်အကြောင်းအရာကို အခိုင်အမာတည်ဆောက်လိုက်လေ၏။

"အတော့်ကို စိတ်ဝင်စားဖို့ကောင်းတာပဲ၊ ဆက်ပြီး ပြောပါဦး ကိုပီတာကြီးရဲ့"

ဟု ကျွန်ုပ်က ပြောရလေ၏။ ထိုအခါ၌ ကိုပီတာကြီးသည် ဆက်၍ပြောပြန်လေ၏။

"နာရောပရဲ့ အိပ်မက်ထဲမှာ အဝတ်စုတ်တွေဝတ်ထားတဲ့ အဘွားကြီးတစ်ယောက် သူ့ရှေ့ကိုရောက်လာတယ်၊ အဲဒီအဘွားကြီးဟာ ရုပ်ဆိုးလိုက်တာလည်း မပြောနဲ့တော့၊ သူ့ မျက်နှာကိုမြင်ပြီး နာရောပဟာ လန့်နေတယ်၊ အဘွားကြီးက နာရောပကို 'ဘာတွေဖတ်နေတာလဲ' လို့ မေးတယ်၊ နာရောပက 'ရှေးဟောင်းသက္ကတ ကျမ်းစာတစ်စောင်ဖတ်နေတာပါ' လို့ ပြန်ပြီးဖြေတယ်၊ အဲဒီအခါမှာ အဘွားကြီးက 'ဖတ်တာတော့ ဟုတ်ပါပြီ၊ နားရောလည်ရဲ့လား' လို့ မေးလိုက်တယ်၊ အဲဒီတော့ နာရောပက 'ဘာဖြစ်လို့ နားမလည်ရမလဲဗျ၊ နားလည်လို့ဖတ်တာပေါ့' လို့ ပြန်ပြီးဖြေလိုက်တယ်၊ အဲဒီတော့ အဘွားကြီးက'နားလည်တယ်ဆိုတာ အဲဒီကျမ်းထဲမှာပါတဲ့ စကားလုံးတွေကို နားလည်တာလား၊ ကျမ်းရဲ့ဆိုလိုချက် အနှစ်သာရ

http://www.cherrythitsar.org



ကိုနားလည်တာလား’ လို့ ထပ်ပြီးမေးလိုက်တယ်၊ အဘွားကြီးက မေးရိုးတင်မေးတာ မဟုတ်ဘူးနော်၊ နာရောပရဲ့မျက်လုံးကို သူ့မျက်လုံးနဲ့ စိုက်ပြီး ကြည့်လိုက်သေးတယ်၊ အဲဒီတော့ နာရောပဟာ မလိမ်ဝံ့တော့ဘူး၊ ‘တကယ်ပြောရရင်တော့ စကားလုံးတွေကိုတောင် မနည်းနားလည်အောင်လုပ်နေရပါတယ်ဗျာ၊ သူ့ရဲ့အဓိပ္ပာယ်အနှစ်သာရကိုတော့ နားမလည်ပါဘူး’ လို့ နာရောပက အမှန်အတိုင်းပြောလိုက်တယ်၊ အဲဒီလို အမှန်ကိုလည်း ပြောလိုက်ရော အဘွားကြီးဝတ်ထားတဲ့ အဝတ်စုတ်တွေဟာ ပျောက်ကွယ်သွားပြီး အလွန်လှပသစ်လွင်တဲ့ အဝတ်အစားတွေဖြစ်သွားတယ်၊ အကျည်းတန်အရုပ်ဆိုးတဲ့ အဘွားကြီးလည်း ပျောက်သွားပြီး ငယ်ရွယ်လှပတဲ့ မိန်းမချောလေး ဖြစ်သွားတယ်၊ တိုတိုပြောရရင် နာရောပဟာ အမှန်ကိုပြောလိုက်တဲ့အတွက် အရုပ်ဆိုးအကျည်းတန်တာပျောက်ပြီး အလှအပပေါ်လာတာ၊ အဲဒီလှပတဲ့ မိန်းကလေးဟာ နာရောပရဲ့ရှေ့မှာ ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ ကနေတယ်၊ အဲဒီတော့

http://www.cherrythitsar.org



နာရောပက အံ့သြပြီး 'ဘယ်လိုဖြစ်သွားတာလဲ'လို့ မေးလိုက်တယ်၊ အဲဒီတော့ အဘွားကြီးဘဝပြောင်းပြီး မိန်းမချောလေးဖြစ်သွားတဲ့သူက 'ဘယ်လိုမှဖြစ်တာ မဟုတ်ဘူးဟေ့၊ နင်ဟာ ကျောင်းအုပ်ဆရာကြီးပဲ၊ နင်ဟာ ပညာရှိကြီးပဲ၊ ဒါပေမဲ့ နင်ဟာ မလိမ်ဘူး နာရောပရေ၊ မတတ်ဘဲနဲ့ တတ်ချင်ယောင်မဆောင်ဘူး၊ မသိဘဲနဲ့ သိချင်ယောင်မဆောင်ဘူး၊ မကြွားဘူး၊ သူတစ်ပါးကိုလည်း ဟန်ဆောင်လိမ်လည်ခြင်းမပြုဘူး၊ နင့်ကိုယ်နင်လည်း မလိမ်ဘူး၊ ဒါကြောင့် အကျည်းတန်မှု၊ အရုပ်ဆိုးမှုတွေ ပျောက်ပြီး အလှတရားတွေ ပေါ်လာတာ၊ ဒါကြောင့် ဝမ်းသာပြီး ငါက ကနေတာ' လို့ ပြန်ပြီးပြောတယ်။ အဲဒီမှာ နာရောပက အဓိပ္ပာယ်အကောက်လွဲပြီး 'ငါက မတတ်ပါဘူး၊ နားမလည်ပါဘူးလို့ပြောတာတောင် ဒီမိန်းမကြီး ဒီလောက်ပျော်သွားရင် တတ်ပါတယ်၊ နားလည်ပါတယ်လို့များပြောရင် ဘယ်လောက်များ ပျော်ရှာနိုင်မယ်မသိဘူး' ဆိုပြီး သူ့ရဲ့စကားကို ပြင်ပြီးပြောတယ်။ 'ဒီလိုဗျ. . ကျုပ်ဟာ ဒီကျမ်းစာအုပ်ကြီးကို ဖတ်

တော့ဖတ်တယ်၊ အဓိပ္ပာယ်အနှစ်သာရကို မသိပါဘူး၊ လူအထင်ကြီးအောင် ဖတ်နေတာပါလို့ ဆိုတဲ့စကားဟာ အလကားပြောတာဗျ၊ ကျုပ်ဟာ ဒီကျမ်းကို ကောင်းကောင်းကြီးဖတ်တတ်တယ်၊ အနက်အဓိပ္ပာယ်နဲ့တကွ သူ့ရဲ့ဆိုလိုချက် အနှစ်သာရကိုလည်း ကောင်းကောင်းကြီး သဘောပေါက်တယ်’ လို့ ပြောလိုက်တယ်၊ အဲဒီအခါမှာ ကနေတဲ့ မိန်းကလေးဟာ မျက်နှာကို လက်ဝါးနဲ့ အုပ်ပြီး ကြူကြူပါအောင် ငိုတော့တာပဲ၊ သူဝတ်ထားတဲ့ လှပသစ်လွင်တဲ့ အဝတ်အစားတွေဟာလည်း ချက်ချင်းပဲ အဝတ်စုတ်တွေဖြစ်သွားတယ်၊ လှပတဲ့မိန်းကလေးဟာလည်း အရုပ်ဆိုး အကျည်းတန်တဲ့ မိန်းကလေးပြန်ဖြစ်သွားတယ်၊ ပြီးတော့ နာရောပဟာ အိပ်ရာက လန့်နိုးသွားတယ်၊ ပြီးတော့ သူ့အဖြစ်အပျက်ကို သူ အပြီးအပိုင် သဘောပေါက်သွားတယ်”

ကိုပီတာကြီးသည် သူ၏စကားကို အဆုံးသတ်လိုက်ပြီးနောက် ရေနွေးကြမ်းတစ်ခွက်ကို မော့လိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. .

http://www.cherrythitsar.org



"အဲဒါ ဘယ်လိုဖြစ်တာလဲ ကိုပီတာကြီးရဲ့၊ ရှင်းပြပါဦး"

ဟု မေးလိုက်ရလေ၏။

"နာရောပဟာ သူတကယ်မတတ်ဘဲနဲ့ တတ်ချင်ဟန်ဆောင်တယ်လေကွာ၊ သူ တကယ်မသိဘဲနဲ့ သိချင်ဟန်ဆောင်တယ်လေကွာ၊ အဲဒီအလုပ်တွေဟာ လိပ်ပြာမသန့်စရာအလုပ်တွေမဟုတ်လား၊ အဲဒီတော့ သူ့လိပ်ပြာက သူ့ကို ပြန်ချောက်ပြီး အိပ်မက် မက်တာပေါ့၊ အခု ငါပြောတဲ့ လိပ်ပြာဆိုတဲ့စကားက သူ့ရဲ့ ပကတိစိတ်ကိုပြောတာ၊ အိပ်ရာကလည်းနိုးရော သူဟာ ဟန်ဆောင်မှုတွေကို လွှတ်ချလိုက်တယ်၊ မတတ်ဘဲနဲ့ တတ်ချင်ယောင် မဆောင်တော့ဘူး၊ မသိဘဲနဲ့ လူအထင်ကြီးအောင် သိချင်ယောင် မဆောင်တော့ဘူး၊ ပကတိအတိုင်းနေမယ်ဆိုပြီး အလုပ်ကထွက်သွားတယ်၊ နောက်ဆုံးမျှာ အမှန်တကယ် တတ်သိနားလည်တဲ့၊ ရိုးသားနဲ့ ပဏ္ဍိတ်နာရောပ ဖြစ်သွားတယ်"

ဟု ပြောဆိုရယ်မောလေ၏။ ကျွန်ုပ်လည်း အူ

http://www.cherrythitsar.org



ကြောင်ကြောင် ရယ်မောလိုက်ရလေ၏။ ထို့နောက် ကိုပီတာကြီးက. .

"သနားစရာကောင်းတဲ့ မောင်အောင်ထွန်းရေ. . အသက်လည်း ခြောက်ဆယ့်ငါးနှစ်ရောက်နေပြီ၊ ခုအချိန်ထိ ကိုယ့်ကိုယ်ကို လိမ်ဦးမလို့လား၊ သူ တစ်ပါး အထင်ကြီးအောင် ကိုယ်တကယ်မတတ် တဲ့ အင်္ဂလိပ်စာအုပ်ကြီးတွေ ကိုင်ပြဦးမလို့လား၊ နာရေပကိုတော့ လိပ်ပြာက ချောက်တယ်နော်၊ မင်းကိုတော့ လိပ်ပြာထက်ဆိုးတဲ့ ဘီလူးက လာ ပြီးချောက်လိမ့်မယ်၊ ရပ်တန်းက ရပ်ပေတော့"

ဟုပြောကာ ကျွန်ုပ်၏ကျောကုန်းကို သူ၏လက် သီးကြီးဖြင့် ဘုန်းကနဲ ထုကာ ကြောင့်ကြမဲ့သော ခြေလှမ်း များဖြင့် ကျွန်ုပ်၏ခြံအတွင်းမှ ပကတိ ငြိမ်းချမ်းသော အမူအရာဖြင့် ထွက်သွားလေတော့၏။

ထို့နောက်တွင်ကာ ကျွန်ုပ်၏စာအုပ်စင်တွင် ကျွန်ုပ်ကိုယ်တိုင် တကယ်မဖတ်တတ်သော၊ လူအထင် ကြီးရုံမျှ သက်သက်တင်ထားသော အင်္ဂလိပ်စာအုပ်ကြီး များကို မြေကြီးပေါ်သို့ ပုံ၍ချကာ ဒီဇယ်တစ်ပုံးလောင်း ၍ မီးရှို့လိုက်လေတော့၏။ မီးခိုးများသည် ကောင်းကင်

http://www.cherrythitsar.org



ပေါ်သို့ လိပ်၍တက်နေ၏။ ကျွန်ုပ်၏မျက်နှာသည် ကောင်းကင်ပေါ်သို့ မော့၍ကြည့်ကာ မီးခိုးများကို ကြည့်ရင်း ကျေနပ်ကြည်နူးနေမိလေ၏။ ကျွန်ုပ်သည် လူအထင်ကြီးခံချင်သော အကျဉ်းထောင်မှ အပြီးအပိုင် လွတ်မြောက်သွားပြီဖြစ်လေတော့သတည်း။

စိတ်မနှံ့သော ကိုပီတာကြီးအား ကျေးဇူးတင်မဆုံး. . . ။

****

ငါပြောတဲ့ လိပ်ပြာဆိုတဲ့ စကားက

သူ့ရဲ့ ပကတိစိတ်ကိုပြောတာ

အိပ်ရာကလည်းနိုးရော

သူဟာဟန်ဆောင်မှုတွေကို

ချွတ်ချလိုက်တယ်။

မတတ်ဘဲနဲ့ တတ်ချင်ယောင်

မဆောင်တော့ဘူး။

မသိဘဲနဲ့ လူတကာထင်ကြီးကျောင်

သိချင်ယောင်မဆောင်တော့ဘူး။

ပကတိအတိုင်းနေမယ်ဆိုပြီး

အလုပ်ကထွက်သွားတယ်။

နောက်ဆုံးမှာ အမှန်တကယ်

တတ်သိနားလည်တဲ့၊

ရိုးသားနဲ့ ပဏ္ဍိတ်နှာရောပ

ဖြစ်သွားတယ်။

http://www.cherrythitsar.org



# အုန်းနို့ နှင့်ချက်သော ငါးဖယ်ငါးဆုပ်ဟင်း

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန် မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံအတွင်းသို့ ကျွန်ုပ်၏မိတ်ဆွေ ကိုပီတာဆိုသည့် စိတ်မနှံ့သောလူကြီး တစ်ဦးသည် ရောက်ရှိလာလေ၏။ သူသည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း. .

"ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ်နိုက်. . ."

ဟူ၍ ကိုးရိုးကားရား နှုတ်ဆက်လေ၏။

"အလို. . . ကိုပီတာကြီး ရောက်လာပြီကိုး၊ ဒီနေ့ မနက်စာ ဘာဟင်းနဲ့စားချင်သလဲ ပြောဗျာ၊ ကျုပ် ကိုယ်တိုင်ချက်မယ်"

http://www.cherrythitsar.org



ဟုကျွန်ုပ်ကပြောလိုက်ရာ ဂုင်းကိုပီတာကြီးက. .

"ငါးဖယ်ငါးဆုပ်ဟင်းချက်ကွာ၊ ဒါပေမဲ့ ရိုးရိုးမချက်နဲ့ကွာ၊ အုန်းနို့ထည့်ချက်ကွာ၊ အုန်းနို့နဲ့ချက်တဲ့ ငါးဆုပ်ဟင်းက သိပ်ပြီးစားလို့ အရသာရှိတယ်၊ သွေးတိုးတဲ့လူဆိုရင် ဘယ်စားရမလဲကွ၊ ငါ့မှာက သွေးတိုးတွေဘာတွေ မရှိပါဘူး၊ ပြီးတော့ ချဉ်ပေါင်ကို ဟင်းချိုချက်၊ ဆားပေါ့ငါးပိကောင်လေးလည်း ကြော်ကွာ၊ ပြီးတော့ မုန်လာဥကို ရေနွေးဖျောပြီး သုပ်ကွာ၊ ထမင်းစားပြီးရင်တော့ အချိုတည်းဖို့လိုသေးတယ်၊ အချိုပွဲကိုတော့ အကျအန မလုပ်ပါနဲ့ကွာ၊ ဖြစ်ကတတ်ဆန်းပဲ လုပ်စမ်းပါ၊ လက်ဖက်ရည်ကို နွားနို့နဲ့မဖျော်နဲ့ကွာ၊ အုန်းနို့နဲ့ ဖျော်ပြီးတိုက်စမ်းပါ. . ."

ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း ဂျလေဘီ မောင်ဆုခေါ်သော တပည့်ကလေးနှင့် တိုင်ပင်ကာ ကိုပီတာကြီးစားရန်အတွက် ငါးဖယ်ခြစ်များ၊ အုန်းနို့များ စီစဉ်ချက်ပြုတ်ရလေတော့၏။ အလုံးစုံကျက်သောအခါ၌ ကိုပီတာကြီးအား ထမင်းပွဲပြင်ကာ ကျွေးမွေးရလေတော့၏။ ကိုပီတာ

http://www.cherrythitsar.org



ကြီးသည် ထမင်းကို မြိန်ရှက်စွာစားရင်း ကျွန်ုပ်အား. .

"ဘဲရီးဂွတ်ဒ်၊ ဘဲရီးဘတ်ဒ်"

ဟု ပြောပြန်လေ၏။ ထို့ကြောင့်ကျွန်ုပ်က. .

"ဘယ်လိုဖြစ်တာလဲ"

ဟု မေးရလေတော့၏။ ထိုအခါ ကိုပီတာကြီးက "မင်းကျွေးတာတွေက ကောင်းတယ်လေကွာ၊ အဲဒါကြောင့် ဘဲရီးဂွတ်ဒ်လို့ ပြောတာ၊ ဒါပေမဲ့ နေ့တိုင်း မစားနိုင်ဘူးကွ၊ အဲဒါကြောင့် ဘဲရီးဘတ်ဒ်လို့ ပြောတာ"

ဟု ပြန်၍ဖြေလေ၏။

"နေ့တိုင်းစားချင်ရင်တော့ ကိုပီတာကြီး နေ့တိုင်း လာခဲ့ပေါ့ဗျာ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကိုပီတာကြီးက ခေါင်းကိုတွင်တွင်ရမ်း၍. .

"မဖြစ်နိုင်ပါဘူး ငါ့လူရာ၊ ငါ့မှာက ခေါင်းစဉ်တပ်လို့မရတဲ့ အလုပ်တွေက အများကြီးကွ၊ ဘောလုံးပွဲကြည့်ရတယ်ကွာ၊ တို့အဘိုးကြီး လေးငါးခြောက်ယောက်စုပြီး တရားငြင်းတယ်ကွာ"

ဟု ပြောလေ၏။

http://www.cherrythitsar.org



“တရားထိုင်တာ မဟုတ်ဘူးလား”

ဟု ကျွန်ုပ်က ပြောလိုက်ရာ -

“တရားထိုင်တာ မဟုတ်ဘူးကွ၊ တရားထိုင်တာက ဘာမှပြဿနာမရှိဘူးကွ၊ ကိုယ့်ဘာသာကို တစ်ယောက်တည်း ထိုင်ရုံပဲ၊ အခုဟာက ဒီလိုမဟုတ်ဘူးကွ၊ ငါတို့ အဘိုးကြီး လေးငါးခြောက်ယောက်ဟာ သူလည်းတရားမရသေး၊ ကိုယ်လည်းတရားမရသေးဘဲ လူရှင်းတဲ့လက်ဖက်ရည်ဆိုင်မှာဆုံပြီး သူ့တရားမှန်တယ်၊ ကိုယ့်တရားမှန်တယ် ငြင်းကြတာကွ၊ မွဲနေတဲ့လူနှစ်ယောက် သူ့ထက်ငါ ချမ်းသာကြတယ်လို့ ပြောနေကြသလိုပါပဲကွာ၊ ဒါပေမဲ့ အကျင့်ဖြစ်သွားတော့ ဖြတ်လို့မရတော့ဘူးကွ၊ အချိန်တန်ရင် အဲဒီလက်ဖက်ရည်ဆိုင်ကို အရောက်သွားတယ်၊ တခြားအဘိုးကြီးတွေလည်း ရောက်လာကြတော့တာပဲ၊ လူစုံရင် ငြင်းကြတော့တာပဲ၊ အဲဒီစားပွဲကိုလည်း တခြားလူတွေက မထိုင်ဘူးကွ၊ တို့အဘိုးကြီးခြောက်ယောက်အတွက် ချန်ထားတယ်၊ အဲဒီစားပွဲကို လက်ဖက်ရည်ဆိုင်လာနေကျကလေးတွေက ‘ဓမ္မဖိုက်တင်စားပွဲ’လို့ နာမည်ပေးထားကြတယ်ကွ”

http://www.cherrythitsar.org



ဟု ကိုပီတာကြီးက ရယ်မော၍ပြောလေ၏။

"အဘိုးကြီးတွေဆုံပြီး တရားဆွေးနွေးတာ မဟုတ်ဘူးလား"

ဟု ကျွန်ုပ်ကပြောလိုက်ရာ . .

"ဘယ်ကလာ ဆွေးနွေးရမလဲကွာ၊ ငြင်းကြတာကွ၊ တစ်ခါတလေ ရန်တောင်ဖြစ်သေးတယ်၊ တစ်နေ့က အဘိုးကြီးတစ်ယောက်က ပြောရင်းနဲ့ စိတ်မထိန်းနိုင်လို့ ထိုးမယ် ကြိတ်မယ်ဆိုပြီး အကျႌတောင်ချွတ်တယ်၊ အဲဒီလို အကျႌချွတ်လိုက်တော့မှ ငယ်ငယ်တုန်းက ရင်ဘတ်မှာထိုးထားတဲ့ စာနဲ့ အရုပ်က ပေါ်လာတာကိုးကွ"

ဟု ကိုပီတာကြီးက ပြောလေ၏။

"ဘာစာနဲ့ ဘာအရုပ်လဲ ကိုပီတာကြီးရဲ့"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ကိုပီတာကြီးက . .

"ရင်ဘတ်မှာထိုးထားတဲ့ပုံက ဂျစ်ကားပုံကွ၊ စာကတော့ **'ဒီမောင့်အချစ် လေဒီဂျစ်'** ဆိုတဲ့စာကွ၊ လွတ်လပ်ရေးရပြီးကာစမှာ ဂျစ်ကားတွေက သိပ်ပြီးခေတ်စားတာ၊ ဗဟန်းဘက်မှာက ရုပ်ခပ်ချောချော မိန်းမတစ်ယောက်ဟာ ဂျစ်ကားတစ်ဝီဝီနဲ့ကွ၊

http://www.cherrythitsar.org



လူတိုင်း သူ့ကိုသိတယ်၊ သူ့ကို လေဒီဂျစ်လို့ခေါ်ကြတယ်၊ စောစောက ငါပြောတဲ့အဘိုးကြီးက အဲဒီတုန်းက လေဒီဂျစ်ကို တစ်ဖက်သတ်စွဲလန်းခဲ့ပုံရတယ်၊ အဲဒါကြောင့် ရင်ဘတ်မှာ အဲဒီစာနဲ့ အဲဒီပုံထိုးထားတာပေါ့ကွာ၊ အသက်ကြီးတော့လည်း တရားတွေဘာတွေ လိုက်စားပြီပေါ့ကွာ၊ ဒါပေမဲ့ အခုလိုစိတ်ဆိုးပြီး အကျႌချွတ်လိုက်တော့ ငယ်ငယ်တုန်းက ကြောင်ခဲ့တဲ့ကိစ္စက ပြန်ပေါ်လေရော ကွာ၊ အဲဒီတော့ ကျန်တဲ့လူတွေက တောင်းပန်ပြီး အကျႌပြန်ဝတ်ခိုင်းရတယ်ကွ၊ အဲဒီမှာ သူနဲ့ရန်ဖြစ်တဲ့ အဘိုးကြီးက 'ခင်ဗျား အပိုတွေမပြောနဲ့၊ သက္ကာရဒိဋ္ဌိပြုတ်ပြီလည်း မပြောနဲ့၊ ရင်ဘတ်က အဲဒီစာနဲ့ အဲဒီဂျစ်ကားပုံကြီး ဖြုတ်ပစ်လိုက်ဦး၊ ပြီးမှ ကျုပ်နဲ့စကားပြော' လို့ အနိုင်တွယ်တာပေါ့၊ ငါတို့လည်း ငိုအားထက်ရယ်အားသန်တာပေါ့ကွာ၊ မနည်းတောင်းပန်ပြီး ဖျန်ပေးလိုက်ရတယ်၊ ကလေးတွေပြောသလိုပဲ၊ ငါတို့ရဲ့ စားပွဲဟာလည်း တရားစားပွဲမဟုတ်တော့ဘူး၊ ဓမ္မဖိုက်တင်စားပွဲဖြစ်နေပြီ၊ ဒါပေမဲ့လည်း အချိန်ကျရင်တော့ မသွားဘဲ မနေနိုင်ဘူးဟေ့"

http://www.cherrythitsar.org



ဟု ပြောလိုက်လေ၏။

ကျွန်ုပ်သည် ကိုပီတာကြီးအား ငြင်းခုံခြင်းမပြုဘဲ ရယ်မောရှိနေလေ၏။ ထို့နောက်မှ ကျွန်ုပ်က. .

“နေပါဦး ကိုပီတာကြီးရယ်. . ခင်ဗျားတို့ အုပ်စုကလည်း တရားဝိုင်းမှာ ငြင်းတာ မကောင်းဘူး၊ ရန်ဖြစ်တာမကောင်းဆိုတာ သိပါလျက် ဘာဖြစ် လို့ အဲဒါကိုဆက်ပြီးလုပ်နေကြတာလဲဗျာ”

ဟု မေးလိုက်လေ၏။

“ဟာ. . ဖိုးအောင်ထွန်းရ၊ ငရုပ်သီးဆိုတာ စပ်တယ်ကွာ၊ ဒီအရသာကို တခြားဟာမပါဘဲ သူ့ချည်း ဘယ်လိုလုပ်လက်ခံမလဲကွာ၊ ဒါပေမဲ့ ထမင်းစားတဲ့ အခါမှာ ပူတာစပ်တာလေး စားလိုက်ရမှ လျှာနိုး တာကွ၊ လျှာနိုးမှ နှုတ်မြိန်တာကွ၊ ဒါကြောင့် ပူပါ လျက် စပ်ပါလျက် ငရုပ်သီးကို တို့ချစ်နေရတာ မဟုတ်လား၊ အဲဒီလိုပဲဟေ့. . ငါတို့မှာလည်း ငြင်း လိုက်ကြ၊ ခုန်လိုက်ကြလုပ်ရင်း ဉာဏ်က နိုးနိုး သွားတယ်ကွ၊ ဘေးကကြည့်ရင်တော့ အရသာတွေ့ နေတာကွ၊ အဲဒါကြောင့် အဲဒီ ဓမ္မဖိုက်တင်ဝိုင်း လေးကို ငါတို့လူကြီးခြောက်ယောက်က စွဲနေကြ တာ”

http://www.cherrythitsar.org



ဟု ပြောလေ ၏။

"ဟုတ်ပါ့မလားဗျာ"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ကိုပီတာကြီးက. .

"မင်းလည်းပဲ နေ့စဉ်လူတွေနဲ့တွေ့၊ ယတြာတွေလုပ်ပေး၊ သူတို့ပြောတာတွေ နားထောင်ရတာ မင်းအဖို့ မသက်သာဘူးဆိုတာ မင်းကိုယ်တိုင်သိပါတယ်ကွာ၊ ဒါပေမဲ့ သူတို့ရဲ့ပြဿနာတစ်ခုကို လေးလေးနက်နက် စဉ်းစားလိုက်တဲ့အခါတိုင်း မင်းခေါင်းထဲမှာ ပညာနိုးသွားတယ်မဟုတ်လား၊ အဲဒီအနိုးကလေးကို မင်းစွဲနေတာပါ၊ ဟုတ်,မဟုတ် ပြန်ပြီး စဉ်းစားကြည့်၊ ငါသွားမယ်ဟေ့"

ဟုဆိုကာ ကျွန်ုပ်၏ကျောကုန်းကို သူ၏လက်သီးကြီးဖြင့် ဘုန်းကနဲ ထုကာ အော်ဟစ်ရယ်မော၍ ကျွန်ုပ်၏ ခြံအတွင်းမှ ပျော်ရွှင်မြူးထူးစွာ ထွက်သွားလေတော့သတည်း။

****

http://www.cherrythitsar.org



# ပုစွန်ထုပ် အစိမ်းသုပ်နှင့် ငါးဖယ်ငါးဆုပ်

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန်၊ မရမ်းတလင်းတောစပ်ရှိ ကျွန်ုပ်၏ခြံအတွင်းသို့ ကျွန်ုပ်၏ သိပောင်းကျွမ်းပောင်း ကိုပီတာဆိုသည့် လူကြီးတစ်ဦး ရောက်ရှိလာလေ၏။ ထိုကိုပီတာကြီးသည် ကောင်းစွာ စိတ်မနှံ့ရှာပေ။ တစ်နှစ်တစ်ခေါက်ဆိုသလို စိတ်ရောဂါကု ဆေးရုံသို့ ရောက်သွားလေ့ရှိသော ဝေဒနာသည်ကြီးလည်း ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်နေထိုင်ခဲ့သော၊ ကြီးပြင်းခဲ့သော ရပ်ကွက်သူ ရပ်ကွက်သားများက ၎င်းအား အရူးပီတာဟု ခေါ်ကြလေ၏။ သို့ရာတွင် ကျွန်ုပ်မှာမူ ထိုသို့မခေါ်ရက်

http://www.cherrythitsar.org



သောကြောင့် ကိုပီတာကြီးဟုပင် ကောင်းကောင်းမွန်မွန် ခေါ်ခဲ့လေ၏။

ဂျင်းကိုပီတာကြီးသည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း. .

"ဂွတ်ဒ်မောနင်း၊ ဂွတ်ဒ်နိုက်. . ."

ဟု ကိုးရိုးကားရား နှုတ်ဆက်လေ၏။ ထို့နောက် ဂျင်းကပင်. .

"ပြီးခဲ့တဲ့လဆန်းက ကိုယ့်လူ ဆေးရုံတက်ရသေးတယ်ဆို. ."

ဟု မေးလိုက်လေ၏။

"ဟုတ်ပ့ါ ကိုပီတာကြီးရေ. . ဟိုး. . တာမွေဘက်က ရွှေဗဟိုဆေးခန်းဆိုတာမှာ ရှစ်ရက်လောက် တက်လိုက်ရတယ်ဗျို့၊ ဆီးချိုက လေးရာကျော်လောက် တက်တယ်ဗျာ၊ သွေးတိုးကလည်း နှစ်ရာကျော်လောက်တက်တယ်ဗျာ၊ ခေါင်းကအနာကလည်း အပေါက်ကြီးဖြစ်ပြီး မကျက်ဘူးဗျ၊ စက္ကန့်မလပ် နာကျင်ကိုက်ခဲနေတော့ သေလုမျောပါးဆိုပါတော့ဗျာ၊ အဲဒါနဲ့ အပြေးအလွှားတက်ရတာဗျ၊ အမှန်ပြောရရင် အဲဒီဆေးခန်းဟာ ဖွင့်ပွဲတောင် မလုပ်ရသေးဘူး၊ ကျုပ်က ဈေးဦးသွားဖောက်တာ"

http://www.cherrythitsar.org



ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုပီတာကြီးက. .

"ဘဲရီးဂွတ်ဒ်၊ ဘဲရီးဘတ်ဒ်"

ဟု ပြောလေ၏။

"ဘယ်လိုကြောင့် ဘဲရီးဂွတ်ဒ်ပြီး ဘယ်လိုကြောင့် ဘဲရီးဘတ်ဒ်ရပြန်တာတုံး"

ဟု ကျွန်ုပ်ကပြန်၍မေးလိုက်ရာ ကိုပီတာကြီးက "ဆေးရုံပဲဖြစ်ဖြစ်၊ ဆေးခန်းပဲဖြစ်ဖြစ် တက်ရောက်ကုသတယ်ဆိုတာ ကောင်းတာပေ့ါ၊ အဲဒီလိုကုသမှ လည်း ပျောက်မှာမို့လား၊ ဘဲရီးဂွတ်ဒ်ပေ့ါ၊ ဒါပေမဲ့ ကိုရင်က ဆေးရုံကလည်း ဆင်းရော မတည့်တာတွေ စားမှာမို့လား၊ အဲဒါကတော့ ဘဲရီးဘတ်ဒ် ပေ့ါ"

ဟုပြောကာ ကိုပီတာကြီးသည် တဟဲဟဲရယ်နေပြန်၏။

"ကဲပါ. . ကိုပီတာကြီးရယ်၊ ဒီနေ့ မနက်စာကို ဘာဟင်းနဲ့ စားချင်သလဲ ပြောစမ်းပါ၊ ကျုပ်ကိုယ်တိုင် ချက်ကျွေးစမ်းပါရစေ"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ကိုပီတာကြီးက. .

"အမှန်အတိုင်းပြောရရင် ငါ့ဘဝဟာ သူများကျွေးမှ စားရတာပါကွ၊ ဒါကြောင့် ဖွယ်ဖွယ်ရာရာ

http://www.cherrythitsar.org



လည်း မစားတတ်ပါဘူး၊ အဆီအအိမ့်တွေလည်း သိပ်ပြီးမကြိုက်ပါဘူးကွာ၊ တော်သလို ရော်သလိုပဲ စားတတ်ပါတယ်၊ အဲဒီတော့ ငါးဖယ်ငါးဆုပ်ကို အုန်းနို့ပျစ်ပျစ်နဲ့ချက်ကွာ၊ ပြီးတော့ ဆန်ကောင်းကောင်းနဲ့ ထောပတ်ထမင်းလည်းချက်၊ ပုစွန်တုပ်ကို ရှောက်ရည်ညှစ်ပြီး အစိမ်းသုပ်ကွာ၊ ပြီးတော့ ဟင်းခါးပူပူလေးလည်း ပါမှဖြစ်မယ်ကွ၊ အတို့အမြှုပ်ကလေးလည်း စားချင်ရင် စားလို့ရအောင် ငါးပိကြော်ကွာ၊ ထမင်းစားပြီးရင်တော့ နက်စ်ကော်ဖီလေးတစ်ခွက်တော့တိုက်၊ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်လည်း ပါမှဖြစ်မယ်ကွ၊ လက်ဖက်သုပ်မှာတော့ ပိုးကောင်ကြော် မပါလို့မဖြစ်ဘူးကွ၊ ပြီးရင်တော့ ငါးသုံးလုံး စီးကရက်တစ်လိပ်လောက်တော့တိုက်ဦး၊ အဲဒါတွေ အားလုံးပြီးတဲ့အခါမှာ ငါ့မှာ ပြန်ဖို့လမ်းစရိတ်မရှိဘူး၊ လမ်းစရိတ်ပေးတဲ့အခါမှာလည်း တိုင်းပြီးမပေးနဲ့ကွာ၊ ပိုပိုသာသာလေးပေးကွာ၊ သုံးစရာ တစ်ပြားမှမရှိဘူးကွ၊ အဲဒီလို ပြောလို့ စေတနာမပျက်နဲ့နော်၊ ငါ့ကိုကျွေးဖို့မင်းမှာက ကံပါလို့နော်၊ တချို့ ကျွေးချင်လျက် မကျွေးရတဲ့လူတွေ တစ်ပုံကြီးကွ"

http://www.cherrythitsar.org



ဟုပြောလျှင် ကျွန်ုပ်က. .

"အဟုတ်ပဲလား ကိုပီတာကြီး"

ဟု ပြန်၍မေးလိုက်ရာ. .

"ဟုတ်မလားကွ၊ ကျွေးမယ့်လူကို တစ်ယောက်မှ မရှိဘူး၊ နည်းနည်းကြွားတာပေါ့ကွာ၊ ကြွားတယ် ဆိုတာ မင်းလို ယုံလွယ်တဲ့လူနဲ့တွေ့တော့လည်း အမြတ်ပေါ့၊ မယုံတဲ့လူနဲ့တွေ့တော့လည်း အရင်း ပါပဲကွာ၊ အရှုံးမရှိပါဘူး၊ ဟုတ်တာ မဟုတ်တာ အပထား၊ နည်းနည်းပါးပါး လူရှိန်အောင်တော့ ပြောရတာပေ့ါကွ၊ ဟဲ. . . ဟဲ. . . "

ဟု ပြောဆိုရယ်မောလေ၏။

"အတော်လာတဲ့ ကိုပီတာကြီးပဲ"

ဟု ကျွန်ုပ်ကရေရွတ်လိုက်ရာ ၎င်းက. .

"လာတာပေ့ါကွာ၊ လာလို့ပဲ အခု မင်းဆီရောက်နေ ပြီလေ"

ဟု ပြောပြန်လေ၏။

ထို့နောက် ကျွန်ုပ်လည်း ၎င်းနှင့် ဆက်၍စကား မပြောတော့ဘဲ တပည့်လေးတစ်ဦးအား ဈေးသို့လွှတ်ကာ ဈေးဝယ်ခိုင်းရလေ၏။ ၎င်းတပည့်ကလေး ပြန်ရောက် လာလျှင် ငါးဖယ်ငါးဆုပ်ကို အုန်းနို့နှင့်ချက်ရလေ၏။

http://www.cherrythitsar.org



ပုစွန်တုပ်များကို ရှောက်ရည်ညှစ်၍ သုပ်ရလေ၏။ ထော ပတ်ထမင်းချက်ရလေ၏။ ဟင်းခါးနှင့် ငါးပိကြော်ကို စီမံရလေ၏။ ထို့နောက် ကိုပီတာကြီးအတွက် ထမင်းပွဲ ပြင်၍. .

"ကဲ. . ကိုပီတာကြီးရေ. . . စားပေဦးတော့"

ဟုဆိုကာ ထမင်းကျွေးရလေ၏။ ကိုပီတာကြီး ထမင်းစားနေစဉ်၌ ကျွန်ုပ်သည် တစ်စုံတစ်ခုသော အကြောင်းအရာကို စဉ်းစားနေမိလေ၏။ ထိုအခါ ကိုပီတာကြီးက. .

"ဘာတွေများ စဉ်းစားနေတာလဲ ကိုယ့်လူရဲ့. . "

ဟု မေးလေ၏။

"ရှေ့လာမယ့် အခြေအနေတွေအတွက် စဉ်းစား တွေးခေါ်နေရတာပေါ့ဗျာ"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လျှင် ကိုပီတာကြီး က ရယ်လေ၏။ ကျေနပ်အောင်ရယ်ပြီးနောက်. .

"ငါကြားဖူးတဲ့ ပုံလေးတစ်ပုံပြောပြမယ်၊ လူတစ် ယောက်ဟာ မျက်စိလည်လမ်းမှားပြီး ထူးဆန်းတဲ့ တောအုပ်ကြီးတစ်ခုထဲကို ရောက်သွားခဲ့တယ်၊ အဲဒီတောရဲ့အစပ်မှာ အဲဒ့ီလူဟာ ဖိုးသူတော်တစ် ဦးနဲ့ တွေ့တယ်၊ အဲဒီဖိုးသူတော်က အဲဒ့ီလူကို 'ဒီမှာ

http://www.cherrythitsar.org



မိတ်ဆွေ၊ ဒီတောအုပ်ထဲ ဝင်သွားတာနဲ့ ခင်ဗျား အတွက် အားလုံးအဆင်ပြေသွားမယ်၊ တစ်ခုတော့ မှာချင်တယ်၊ ဒီတောထဲကို ဝင်မယ်ဆိုရင် ဘာမှ စဉ်းစားတွေးတောခြင်းမလုပ်ပါနဲ့၊ အဲဒါတစ်ခုပဲ လိုက်နာပါ။ ဒီတောရဲ့နာမည်ကိုက **မစဉ်းစားတော** တဲ့’ လို့ မှာလိုက်သေးတယ်၊ မျက်စိလည်လမ်းမှား ပြီး သုံးရက်လောက် ထမင်းမစားရတဲ့လူဟာ ဖိုးသူတော်ပြောသမျှကို ခေါင်းညိတ်ပြီး မစဉ်းစား ဘဲ တောထဲကိုဝင်သွားတော့တာပဲ၊ အလွန်အရိပ် အာဝါသကောင်းတဲ့ သစ်ပင်တစ်ပင်အောက် လည်းရောက်ရော ထိုင်ချလိုက်ပြီး အမောအပန်း ဖြေလိုက်တယ်၊ အမောလည်းပြေသွားရော အဲဒီ့ လူက ‘အခုနေ စားကောင်းသောက်ဖွယ်တစ်ခုခု စားရရင် သိပ်ကောင်းမှာပဲ’ လို့ စဉ်းစားလိုက်တယ်၊ သူ့ရဲ့ဗိုက်ကလည်း အစာမရှိလို့ တကြုတ်ကြုတ် မြည်နေတယ်၊ အဲဒီလို တစ်ခုခုစားရရင်ကောင်း မှာပဲလို့လည်း စဉ်းစားလိုက်ရော ထမင်းစားစားပွဲခုံ ဝိုင်းတစ်ခုဟာ လေထဲမှာမျောပြီး သူ့ရှေ့ ရောက် လာတယ်၊ အဲဒီစားပွဲပေါ်မှာလည်း အငွေ့တထောင်း ထောင်းနဲ့ စားဖွယ်သောက်ဖွယ်တွေ ပါလာတယ်၊

http://www.cherrythitsar.org



အဲဒီမှာ သူဟာ ဘာမှမစဉ်းစားဘဲ ကောက်ပြီးစား ပစ်လိုက်တယ်၊ တကယ်ဝေတ်လာရင် စဉ်းစားတယ် ဆိုတာ မရှိတော့ဘူး၊ စားတယ်ဆိုတာပဲ ရှိတယ် နော်၊ အဲဒီ့လူဟာ စားပွဲပေါ်မှာပါလာတဲ့ စား ကောင်းသောက်ဖွယ်တွေကိုစားပြီး အတော့်ကို ကျေနပ်သွားတယ်၊ အဲဒီလို ကျေနပ်တဲ့အချိန်မှာပဲ အဲဒီစားပွဲခုံကြီးဟာ သူ့ရှေ့ကနေ မျောထွက်သွား တယ်၊ အဲဒီအခါမှာ ဒီလူဟာ ဘာကိုစဉ်းစားမိပြန် သလဲဆိုတော့ ‘အခုနေများ ရေအေးအေးလေးတစ် ခွက် သောက်ရရင်ကောင်းမှာပဲ’ လို့ စဉ်းစားမိပြန် တယ်၊ အဲဒီလိုစဉ်းစားမိတာနဲ့ ဖန်ခွက်ကြီးတစ်လုံး ဟာ ရေအပြည့်နဲ့ လေထဲမှာမျောပြီး သူ့ဆီ ရောက်လာပြန်တယ်၊ အဲဒီမှာ ဖန်ခွက်ကိုယူပြီး သူက မော့ချလိုက်တယ်၊ ရေကလည်း အေးနေ တာ၊ သောက်လို့ကောင်းလိုက်တာ မပြောနဲ့တော့၊ အဲဒီမှာ သူဟာ အစားအသောက်တွေလည်း စား ပြီးပြီ၊ ရေအေးအေးလည်း သောက်ပြီးပြီဆိုတော့ ပြည့်စုံသွားပြီပေါ့၊ အဲဒီလိုပြည့်စုံပြန်တော့ ငြိမ်ငြိမ် ကလေး မနေနိုင်ဘူး၊ စဉ်းစားပြန်ရော၊ ဘယ်လို စဉ်းစားသလဲဆိုတော့ ‘ဘယ်လိုဖြစ်တာလဲ၊ ငါက စားချင်တယ်လို့ စိတ်ကူးလိုက်တာနဲ့ ထမင်းစားပွဲ

အမျိုးတော်မင်္ဂလာစာပေ

http://www.cherrythitsar.org



ကြီး မျှောလာတယ်၊ သောက်ချင်တယ်လို့ စိတ်ကူးလိုက်တာနဲ့ ရေအပြည့်နဲ့ ဖန်ခွက်ကြီးမျှောလာတယ်၊ ဒါဟာ ဘာဖြစ်တာလဲ၊ တောခြောက်တာလား၊ သရဲတစ္ဆေတွေက ငါ့ကိုခြောက်လှန့်တာလား၊ အဲဒီလို လှည့်စားပြီးတော့ အဲဒီသရဲတစ္ဆေတွေက ငါ့ကို ဂုတ်ချိုးပြီးသတ်ကြမှာလား'လို့လည်း စဉ်းစားလိုက်ရော သူ့အနားကို သရဲတစ္ဆေတွေ ရောက်လာတယ်၊ ပြီးတော့ သူ့ဂုတ်ကိုချိုးပြီး သတ်ပစ်လိုက်တယ်၊ အဲဒီ့လူဟာ သေသွားတယ်၊ အဲဒီ့အချိန်မှာပဲ စောစောက ဖိုးသူတော်ရောက်လာပြီး 'ဩော်. . ဒီလူ့နှယ်. . မစဉ်းစားပါနဲ့ဆိုတာ လျှောက်ပြီး စဉ်းစားတာကိုး၊ ဒီတောဟာ သိပ်ပြီးဆန်းတယ်၊ စဉ်းစားသမျှ အကောင်းအဆိုးမရွေးဘူး၊ အကုန်လိုက်ပြီးဖြစ်တာ' လို့ စိတ်မကောင်းတဲ့လေသံနဲ့ ပြောတယ်"

ကိုပီတာကြီးဟာ သူ့ရဲ့စကားဆုံးတဲ့အချိန်မှာပဲ ထမင်းစားလို့ ပြီးသွားပါပြီ၊ အဲဒီတော့ လက်ဆေးရင်း၊ လက်သုပ်ရင်း ကျွန်ုပ်ရဲ့မျက်နှာကို လှမ်းပြီးကြည့်လိုက်တယ်၊ အဲဒီအခါမှာ ကျွန်ုပ်က. .

"ခင်ဗျားရဲ့ပုံကို ဆက်စမ်းပါဦးဗျ"

http://www.cherrythitsar.org



လို့ပြောလိုက်လေ၏။ ထိုအခါ ကိုပီတာကြီးက "ဒီလို ဖိုးအောင်ထွန်းရဲ့၊ မင်းတို့ ငါတို့ အခုဖြစ်ပျက်ရရှိနေတာတွေအားလုံးဟာ ဟိုးရှေးမဆွက စဉ်းစားခဲ့တဲ့အရာတွေပဲကွ၊ တချို့ဟာတွေက စဉ်းစားရတာဟာ သိပ်ပြီးဝေးနေတော့ ပြန်ပြီးဆက်စပ်ကြည့်လို့တောင်မရဘူး၊ ဘာပဲဖြစ်ဖြစ်လေ အဲဒီရရှိမှုတွေဟာ စဉ်းစားခဲ့တာတွေပါပဲ၊ အခုငါပြောတဲ့ပုံပြင်ထဲက တောကလည်း တို့ဘဝနဲ့ အတူတူပါပဲ၊ တစ်ခုခြား နားတာကတော့ ပုံပြင်ထဲမှာက စဉ်းစားတာတွေ ချက်ချင်းဖြစ်လာတယ်၊ တို့ဘဝမှာတော့ စဉ်းစားတာတွေက ချက်ချင်းဖြစ်မလာဘူး၊ ဖြစ်တော့ဖြစ်တယ်၊ အချိန်တွေကြာတယ်၊ ဒါပေမဲ့ လူ့ရဲ့သဘာဝအတိုင်း အကောင်းတွေချည်း မစဉ်းစားမိဘူးကွ၊ အဆိုးတွေလည်း စဉ်းစားမိတတ်တယ်၊ အဲဒါကြောင့် ဘာမှမစဉ်းစားဘဲ သူ့အကျကလေးအတိုင်း၊ အဖြစ်ကလေးအတိုင်းနေတာ အကောင်းဆုံးပဲ၊ ပုံပြင်ထဲကလူကတော့ စိတ်ကူးတာတွေ ချက်ချင်းဖြစ်လေတော့ သရဲတစ္ဆေတွေက သူ့ကို ဂုတ်ချိုးပြီး သတ်မယ်လို့

http://www.cherrythitsar.org



လည်း စဉ်းစားမိရော တကယ်ဖြစ်သွားတယ်၊ အဲဒီ
လိုပဲကွ၊ အပြင်မှာလည်း ငါတို့စဉ်းစားမှုတွေ
မတော်မတည့်တွေဖြစ်ရင် ပုံပြင်ထဲကလောက်
အကျိုးပေးမမြန်ပေမဲ့ တစ်နေ့နေ့တစ်ချိန်ချိန်မှာ
အဲဒီစဉ်းစားမှုတွေဟာ ဘဝမှာလာပြီး သရုပ်ပေါ်
တတ်တယ်"

ဟု ပြောကာ တဟဲဟဲရယ်လေ၏။ ထို့နောက်
ဂုဏ်းကပင်. .

"အဲဒါကြောင့် ဖိုးအောင်ထွန်းရေ၊ တောစဉ်းစား
တောင်စဉ်းစားတွေ မစဉ်းစားစမ်းပါနဲ့"

ဟု ဆိုကာ ကျွန်ုပ်၏ကျောကုန်းကို သူ၏လက်သီး
ကြီးဖြင့် အုံးကနဲထုကာ ကျွန်ုပ်အားနှုတ်ဆက်၍ လွတ်
လပ်ပေါ့ပါးသောခြေလှမ်းများဖြင့် ခြံတွင်းမှ ထွက်သွား
လေတော့သတည်း။

****

*သဗ္ဗေသတ္တာ ကမ္မဿကာ*

**မင်းသိခ်**

http://www.cherrythitsar.org

